အဆုံးမဲ့ဓားကမ္ဘာ ၂၆၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၆၆)] - တည်ထောင်သူကေရာဇ်ထွက်ပေါ်လာခြင်း

ယန်ယဲ့ကခုခံချင်သော်လည်း ထိုပန်းပွင့်ချပ်၏ စွမ်းအားနှင့် အရှိန်ကို လုံး၀ ခုခံနိုင်စွမ်းမရှိခဲ့ပေ။

သူ၏ လက်ရှိခွန်အားဖြင့် ဒီပန်းပွင့်ချပ်သေးသေးလေးကို တန်ပြန်တိုက်ခိုက်နိုင်ခြင်းမရှိပေ။ သူက သေခြင်းတရားရောက်လာမည့်အချိန်ကိုသာစောင့်ဆိုင်းနေရပုံပင်။

ယန်ယဲ့၏နှလုံးသားထဲတွင် အကန့်အသတ်မရှိသော ဒေါသနှင့်
နာကျည်းမှုများရှိနေသော် လည်း အဆုံးတွင် သူဘာမှ
မလုပ်နိုင်ခဲ့ပါ။အင်အားကြီးသူများသာ
အထွတ်အထိပ်ရပ်တည်နေသော ဤကမ္ဘာတွင် အဆင့်မြင့်
ပညာရှင်များသည် စည်းမျဉ်းများကို လိုက်နာရန် မလိုအပ်ပေ။
အလားတူပင် ပန်းနန်းတော်၏အရှင်သခင်က
အဆင့်သတ်မှတ်ချက်ပြိုင်ပွဲ၏
စည်းမျဉ်းများကိုလျစ်လျူရှုကာ ပြိုင်ပွဲမပြီးဆုံးမီမှာပင်သူ့ကို
ဖယ်ရှားရန်ကြိုးစားလာခဲ့သည်။

အင်အားနိမ့်ကျသူများက
စည်းမျဉ်းများကိုလိုက်နာရန်လိုအပ်သော်လည်း၊
အင်အားကြီးသူများက စိတ်တိုင်းကျ လုပ်ဆောင်နိုင်သည်။

ကလန်!

ရုတ်တရက်၊ လေထဲတွင် ဓားချိုကြိုးတစ်ချောင်း ပစ်လွင့်လာပြီး ပန်းနန်းတော်သခင်၏ ပန်းပွင့်ချပ်ကို တားဆီးလိုက်သည်။

ထိုတိုက်ခိုက်မှုကို လုပ်ဆောင်လိုက်သူကားတစ်ချိန်လုံး တိတ်ဆိတ်နေခဲ့သောစုချင်းရှီပါ။

သူမက ပန်းနန်းတော်၏သခင် မိန်းမလှနှင့် မယှဉ်နိုင်မှန်း သိသော်လည်း ဒီနေရာတွင် သူမရှေ့၌ ယန်ယဲ့ကို သေဆုံးသွားမည်ကို စောင့်ကြည့်မနေနိုင်ပေ။ သူမက ယန်ယဲ့ကို အတတ်နိုင်ဆုံး ကယ်တင်ရန်ကြိုးလိုက်ခြင်းဖြစ်သည်။

စုချင်းရှီ၏ တိုက်ခိုက်မှုကို မြင်တဲ့အခါ မိန်းမလှက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။ "ဟမ့်!

နတ်သမီးစု၊ မင်းရဲ့အရည်အချင်းကို
လွန်လွန်ကျူးကျူးထင်နေတာပဲ!"

တစ်ချိန်တည်းမှာပင် စုချင်းရှီပစ်လွှတ်လိုက်သော
ဓားချီကြိုးက ပန်းပွင့်ချပ်နှင့် ထိတွေ့သည်နှင့် တစ်ပြိုင်နက်
ကွဲထွက်သွားကာ ယန်ယွဲ့ဆီသို့
လျှပ်းစီးတန်းအလားပျံသန်းလာပါပြီ။

မဟုတ်ဘူး၊..... စုချင်းရှီက မျက်စိမျက်နှာပျက်နေပြီး
အကြီးအကျယ် တုန်လှုပ်သွားလေတော့သည်။

ပန်းပွင့်ချပ်က ယန်ယွဲ့၏ နဖူးအလယ်ဗဟိုနှင့်
မလှမ်းမကမ်းရောက်လာသောအခါရုတ်တရက်
တုံ့ခနဲရပ်တန့်သွားသည်။

ဒီမြင်ကွင်းကို မြင်လိုက်ရသောအခါ မိန်းမလှ ၏ အမူအရာက အနည်းငယ် ပြောင်းလဲသွားသည်။

ထိုအချိန်တွင် ရွှေနဂါးကိုးကောင်ဖြင့်စီခြယ်ထားသော အဝါရောင်ဝတ်ရုံရှည်ကိုဝတ်ဆင်ထားသည့် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက ယန်ယွဲ့၏ ဘေးနားတွင် ပေါ်လာသည်။

ထို့အပြင် မျက်နှာပေါ်၌ အမြဲလိုလို အပြုံးတစ်ခုကိုဆင်မြန်းထားသော ချင်ရှီယူလည်းလူလတ်ပိုင်းအရွယ်၏ ဘေးနားတွင်လိုက်ပါလာခဲ့သည်။

လူလတ်ပိုင်းက ကြောက်ရွံ့မှုအရိပ်အယောင်ပင် မဖော်ပြဘဲ တည်တည်ငြိမ်ငြိမ်ရပ်နေသော ယန်ယွဲ့ကိုကြည့်ကာ

သူ့မျက်လုံးထဲတွင် လက်ခနဲတောက်ပသွားပြီး ခေါင်းညိတ်လိုက်သည်။ သူက "ဓားတာအိုမှာ လူတစ်ယောက်ရဲ့အောင်မြင်မှုတွေနဲ့ သဘာဝစွမ်းရည်တွေကို စမ်းသပ်ဖို့ အကောင်းဆုံးနည်းလမ်းက မသေခင်မှာ အဲဒီလူရဲ့ တုံ့ပြန်မှုကနေတစ်ဆင့်ပဲ ကြည့်လို့ရတယ်။ ကိုယ့်ထက် အဆပေါင်းများစွာ သန်မာတဲ့ ပညာရှင်တစ်ဦးနဲ့ ရင်ဆိုင်နေရတာတောင် မင်းက အန္တရာယ်ကို မကြောက်မရွံ့ဘဲ ငြိမ်သက်စွာနေနိုင်တယ်လား?။ ဟူး....
"ဉာဏ်အလင်းရဓားနှလုံးသား"ကို ပိုင်ဆိုင်ထားတဲ့လူက မျှော်လင့်ထားတဲ့အတိုင်းပါပဲလား!”

ယန်ယွဲ့က လူလတ်ပိုင်းအရွယ်ကိုမသိသော်လည်း၊ ဒီလူလတ်ပိုင်းကသူ၏အသက်ကိုဝင်ရောက်ကယ်တင်ပေးသောကြောင့်အနည်းငယ်အံ့အားသင့်နေပါသည်။

သူက ချက်ချင်းပင် သက်လတ်ပိုင်း အဘိုးအိုထံ အနည်းငယ် ဦးညွှတ်ကာ “သေခြင်းလား?... ဒါ သဘာဝအတိုင်း ကြောက်တတ်တာပဲလေ။ ကိုယ်လုပ်ရမဲ့ မရေမတွက်နိုင်တဲ့ အရာတွေ ရှိနေသေးလို့ ကြောက်ရွံ့တာက သဘာဝအတိုင်းပါပဲ။ ဒါပေမယ့် အကြောက်တရားက ဘာတတ်နိုင်မှာလဲ။ တခြားသူတွေရဲ့အထင်အမြင်သေး၊ ကဲ့ရဲ့လှောင်ပြောင်မှုကို ကြောက်ရွံ့ပြမယ့်အစားအေးအေးဆေးဆေး ရင်ဆိုင်ရတာ ပိုကောင်းပါတယ် မဟုတ်လား ။ တကယ်လို့ သေရရင်တောင် ရဲရဲရင့်ရင့် သေသင့်တယ်!”

လူလတ်ပိုင်းအရွယ်က ပြုံးပြီးပြောလာခဲ့သည်။ "ကလေး! မင်းရဲ့စိတ်နေစိတ်ထားက မဆိုးဘူး၊ ဒါ့အပြင် မင်းရဲ့ ပင်ကိုယ်စွမ်းရည်ကလည်း မဆိုးဘူး၊ မင်းက သစ္စာရှိတဲ့ စရိုက်ရှိတယ်။ ငါတို့ရဲ့ရှီယူ နှစ်သက်သဘောကျတဲ့ တစ်စုံတစ်ယောက်က မျှော်လင့်ထားသလိုပါပဲ။

ကောင်းပြီ၊ မင်းကို ကယ်တင်ဖို့ အင်ပါယာနန်းတော်ရဲ့ စည်းမျဉ်းတွေကို ဖောက်ဖျက်တဲ့ လုပ်ရပ်ဟာ အချည်းနှီး မဟုတ်တော့ဘူးထင်တယ်!”

ဤစကားကိုကြားသောအခါ ယန်ယွဲ့က အလွန်အံ့အားသင့်သွားသည်။ သူက နွေးထွေးမှုအပြည့်ဖြင့် လူလတ်ပိုင်း၏ဘေးနားမှ ချင်ရှီယူကို ကြည့်လိုက်သည်။

ဒီလိုအထွတ်အထိပ်ပညာရှင်အား သူ့ကိုကယ်တင်ပေးရန် တောင်းဆိုသူမှာ ချင်ရှီယူဖြစ်နေလိမ့်မယ်လို့ သူမထင်ထားပေ။

ထို့ကြောင့် ယန်ယွဲ့ဟာ ယခင်က ချင်ရှီယူအပေါ် မည်သို့သံသယဝင်ခဲ့သည်ကို တွေးလိုက်မိတဲ့အခါ သူ့စိတ်ထဲတွင် ချက်ချင်းရှက်ရွံ့သွားသည်။

ထိုအချိန်တွင် ချင်ရှီယူက ယန်ယဲ့၏ဘေးနားကို လျှောက်လာပါသည်။ "မောင်ငယ်လေး! ဒါက ငါ့ရဲ့တော်ဝင်အဘိုးပဲ!" ဟု ပြောလိုက်သည်။

အမ်...... ဘယ်လို၊

ချင်ရှီယူ၏စကားကြောင့် ယန်ယဲ့လည်းအံ့ဩတုန်လှုပ်သွားလေတော့သည်။

"ဒီလူလတ်ပိုင်းအရွယ်က မဟာချင်အင်ပါယာရဲ့ တည်ထောင်သူ ဧကရာဇ်လား? ဒါပေမယ့် တည်ထောင်သူဧကရာဇ်က တံခါးပိတ်ကျင့်ကြံနေတယ်လို့ ကောလဟာလတွေထွက်ပေါ်နေတာမဟုတ်ဘူးလား? ဧကရာဇ်က ဘာလို့ဒီကိုထွက်လာတာလဲ? ငါ့အတွက်နဲ့ အင်ပါယာနန်းတော်ရဲ့စည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့တယ်.....ဒါ......ဒါက "

တည်ထောင်သူကေရာဇ်ပြောလိုက်သောစကားကိုပြန်တွေးမိ
လိုက်တဲ့အခါ ယန်ယဲ့၏ နှလုံးသားက
အပြင်းအထန်တုန်လှုပ်သွားခဲ့ပါပြီ။

ချင်ရှီယူက
အင်ပါယာ၏တော်ဝင်မင်းသမီးတစ်ပါးဖြစ်သော်လည်း၊
တည်ထောင်သူကေရာဇ် နှင့် တွေ့ဆုံရန် သူမအတွက်
အတော်လေးခက်ခဲပါသည်။

"ဒါဆို သူမက
တံခါးပိတ်ကျင့်ကြံနေတဲ့တည်ထောင်သူကေရာဇ်ကို တွေ့ဆုံဖို့
ဘယ်လိုပေးဆပ်လိုက်ရတာလဲ?ဟူး...
ဒီမိန်းကလေး!" ယန်ယဲ့က ချင်ရှီယူကိုကြည့်ရင်း
မချိပြုံးပြုံးလိုက်သည်။

"တည်ထောင်သူဧကရာဇ်! ဒါက ဘာအဓိပ္ပာယ်လဲ!" ယန်ယဲ့က အဖြစ်အပျက်များကို လေးလေးနက်နက် တွေးနေချိန်မှာပဲ မိန်းမလှက အေးစက်စက် အသံနှင့် ပြောလိုက်ပါသည်။

"ဒါက ဘာအဓိပ္ပာယ်လဲ! ဟုတ်သလား?"

တည်ထောင်သူဧကရာဇ်က ရယ်မောလိုက်ပြီး "ယုလင်းလုံ(Yu Linglong)၊ မင်းက ငါ့ရဲ့မဟာချင်အင်ပါယာနဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းက သတ်မှတ်ထားတဲ့ အဆင့်သတ်မှတ်ချက်ပြိုင်ပွဲရဲ့စည်းမျဉ်းတွေကို အရင်ဦးစွာ လျစ်လျူရှုခဲ့တယ်၊ ဒါ့အပြင် မင်းက ငါ့မဟာချင်အင်ပါယာရဲ့ အင်ပါယာမြို့တော်ထဲမှာတောင် ပြိုင်ပွဲဝင်တစ်ယောက်ကိုသတ်ပစ်ချင်နေတယ်။ ဒါက ဘာသဘောလဲ? ဒီဧကရာဇ်က မင်းကိုလည်း အလားတူ မေးခွန်းမျိုး မေးချင်တယ်!”

ယုလင်းလုံ၏လှပသော မျက်ခုံးများကတွန့်ကွေးသွားကာ "တည်ထောင်သူဧကရာဇ်က ယန်ယဲ့ကို ကာကွယ်ဖို့ ရည်ရွယ်ထားတာလား?"

ဧကရာဇ်က ပြုံးပြလိုက်၏။ “သူက ငါ့မြေးမရဲ့ခင်ပွန်းလေ။ တစ်နည်းပြောရရင် ဒီကလေး ယန်ယဲ့က ငါ့ မဟာချင်အင်ပါယာရဲ့အဖွဲ့ဝင်တစ်ဦးလို့ ယူဆနိုင်တယ်။ ယုလင်းလုံ! မင်းက သူ့ကို ငါ့ရဲ့အင်ပါယာမြို့တော်ထဲမှာ သတ်ခွင့်ပြုမယ်လို့ ထင်နေသလား?"

"တည်ထောင်သူဧကရာဇ်! ငါ့ရဲ့ပန်းနန်းတော်ကို ဆန့်ကျင်ဖို့ ရည်ရွယ်ထားတာလား။" ယုလင်းလုံ၏ အသံက တဖြည်းဖြည်းနှင့် အေးစက်သွားသည်။

"ဟဟ! နန်းတော်သခင်ယုက ဒီလိုတွေးဖို့ ကို့ကိုယ်ကိုတွန်းအားပေးနေတယ်ဆိုရင် ဒါက မေးခွန်းထုတ်စရာ မလိုပါဘူး!" တည်ထောင်သူကေရာဇ်က ထူးဆန်းစွာ ပြုံးရင်းပြောလိုက်သည်။

ဒီစကားကို ကြားလိုက်တဲ့အခါ ယုလင်းလုံ၏ မျက်နှာက သိသိသာသာ ပျက်ယွင်းသွားလေသည်။

.... မဟာချင်အင်ပါယာသည် ရှေးရာစုနှစ်များစွာကတည်းက မဟာဂိုဏ်းကြီးများကိုတိုက်ခိုက်ရန် ရည်ရွယ်ချက်ရှိနေခဲ့၏။ သို့ရာတွင် ကံမကောင်းစွာပဲ၊ မဟာချင်အင်ပါယာက မဟာဂိုဏ်းကြီးများကို တိုက်ခိုက်ရန်အကြောင်းပြချက် မပေးနိုင်ခဲ့ပါ။

ယခု ပန်းနန်းတော်သာ မဟာချင်အင်ပါယာကို ပထမဆုံး ဆန့်ကျင်လိုက်ပါကတည်ထောင်သူကေရာဇ်ကို

အကြောင်းပြချက်တစ်ခုပေးနိုင်ရန်
သေချာသွားမည်ဖြစ်သည်။

ထိုအချိန်တွင်၊ မဟာချင်အင်ပါယာက ပန်းနန်းတော်အား
အကြောင်းပြချက်ကောင်းကောင်းဖြင့်
တရားမျှတစွာတိုက်ခိုက်လာပါလိမ့်မည်။

သူမက မဟာချင်အင်ပါယာက
ဘယ်လောက်အားကောင်းသည်ကို အတိအကျ မသိသော်
လည်း၊ မည်သို့ပင်ဖြစ်စေ သူမ၏ ပန်းနန်းတော်ထက်
အဆပေါင်းများစွာ သာလွန်နေကြောင်း သိသာပေသည်။
ထို့ကြောင့် သူမ၏ပန်းနန်းတော်က ယန်ယဲ့အတွက်နှင့်
မဟာချင်အင်ပါယာကဲ့သို့တိုက်တန်ကြီးကို ဆန့်ကျင်ရန်
မထိုက်တန်ပေ။

ထို့အပြင် သူမက အနာဂတ်တွင် ယန်ယဲ့ကိုသတ်ဖြတ်ရန် အခွင့်အရေးများစွာရှိနေသောကြောင့် အဆုံးတွင် စိတ်ကိုလျှော့ချလိုက်ပါတော့သည်။

ဒီအချက်ကို တွေးမိလိုက်ချိန်မှာပဲ ယုလင်းလုံက ယန်ယဲ့ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ကာ "တည်ထောင်သူကေရာဇ်၊ မင်းသူ့ကို အမြဲတမ်း ကာကွယ်နိုင်ပါစေလို့မျှော်လင့်ပါတယ်!"

"အဟက်! ရှေးဟောင်းစစ်မြေပြင်မှာ သူက ငါ့ရဲ့အင်ပါယာကို ကိုယ်စားပြုလိမ့်မယ်။" ဒီအချိန်မှာပဲ တည်ထောက်သူကေရာဇ်က ရုတ်တရတ်ပြောလိုက်သည်။

ယုလင်းလုံ၏အမူအရာက အနည်းငယ်ပြောင်းလဲသွားပြီးနောက် သူမက

တည်ထောင်သူကျောင်းကို လေးလေးနက်နက်
စိုက်ကြည့်နေသည်။

ထိုအချိန်တွင် တည်ထောင်သူကျောင်းက
ရုတ်တရက် "နန်းတော်သခင်ယု! ငါတို့က တစ်ချို့အရာတွေကို
ပြေလည်အောင် ညှိနှိုင်းကြရအောင်။"

"ဘာကိစ္စလဲ?" ယုလင်းလုံက အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

တည်ထောင်သူကျောင်းက ယန်ယွဲ့ကို ညွှန်ပြပြီး “သူက
အခုဆိုရင် မဟာချင်ကလန်ရဲ့
အဖွဲ့ဝင်တစ်စိတ်တစ်ပိုင်းဖြစ်နေပြီလို့ ယူဆနိုင်တယ်။ ဒီတော့
သူ့အမေကလည်း ငါ့တော်ဝင်မိသားစု ဆွေမျိုးတစ်ဦးလို့
ယူဆနိုင်ပါတယ်။

မင်းတို့ ပန်းနန်းတော်ရဲ့ စည်းမျဉ်းတွေကို ငါသိတယ်၊ ဒါကြောင့် သူ့အမေကို လွှတ်ပေးခိုင်းမှာမဟုတ်ဘူး။ သူ့အမေကို နောက်ထပ်ငါးနှစ်လောက် အသက်ရှင်ခွင့်ပေးပါလို့ပဲ တောင်းဆိုတယ်။

ဒါ့အပြင် ပန်းနန်းတော်က ယန်ယွဲ့ကိုတိုက်ခိုက်ဖို့ ချီးမြှောက်ခြင်းနယ်ပယ် နဲ့ အထက်အဆင့်ပညာရှင်တွေကို စေလွှတ်မယ်ဆိုတာ တားမြစ်တယ်။

ဒီအတွက် အလဲအလှယ်အနေနဲ့ ငါ့ရဲ့မဟာချင်အင်ပါယာက နိုင်ငံတစ်ခုနဲ့ညီမျှတဲ့ လူသား၊ စွမ်းအားအရင်းအမြစ်တွေကို ပန်းနန်းတော်လက်ထဲ ပေးအပ်မယ်။ နန်းတော်သခင်ယု! ဒါကို ဘယ်လိုထင်လဲ?"

ယုလင်းလုံ၏ မျက်ခွံများ အဆက်မပြတ် လှုပ်ယမ်းသွားသည်။

"နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်များ။
တည်ထောင်သူကေရာဇ်က ဒီလို စွန့်လွှတ်အနစ်နာခံမှုတွေ
လုပ်ဖို့ တကယ်ပဲ ဆန္ဒရှိနေတာလား?"

သူမက ခဏတာ တိတ်ဆိတ်သွားပြီးနောက် ရုတ်တရက်
ခေါင်းညိတ်လိုက်ကာ "သဘောတူတယ်။ သူ့ရဲ့အမေက ငါးနှစ်
အသက်ရှင်မယ်။ တည်ထောင်သူကေရာဇ်က ကိုယ့်စကားကို
တည်နိုင်လိမ့်မယ်လို့ ငါမျှော်လင့်တယ်!"

ယုလင်းလုံက လူမိုက်မဟုတ်ပါ။
အဆင့်နိမ့်တပည့်တစ်ဦးဖြစ်သော
ကောင်းကင်လှာအဆင့်ကျွမ်းကျင်သူကို
နောက်ထပ်ငါးနှစ်ကြာ အသက်ရှင်နေထိုင်ခွင့်ပေးခြင်းနှင့်အတူ
နိုင်ငံတစ်ခုလုံး နှင့် မရေမတွက်နိုင်သောအရင်းအမြစ်များကို
ရယူရန် ငြင်းဆန်နေမည်မဟုတ်ပေ။"

"ဟုတ်ပါတယ်! ငါ့စကားကို ပြန်မပြင်ဘူး!"

တည်ထောင်သူဧကရာဇ်က ပြုံးလျက်ပြောလိုက်၏။

ဝုစ် ။

တစ်ချိန်တည်းမှာပဲ ယုလင်းလုံက တဖျပ်ဖျပ်တောက်ပလာပြီး ပန်းနန်းတော်၏အဖွဲ့ဝင်အားလုံးကိုခေါ်ဆောင်ကာ နန်းတော်ရင်ပြင်ကျယ်မှ ပျောက်ကွယ်သွားလေတော့သည်။

ယုလင်းလုံ ထွက်ခွာသွားသည်ကို မြင်သောအခါ တည်ထောင်သူဧကရာဇ်က ဝန်ကြီးချုပ်လီစီကို ကြည့်ကာ "အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွေ ပြီးဆုံးသွားပြီဆိုတာ မင်းကြေညာလို့ရပြီ!"

ဝန်ကြီးချုပ်လီစီက တည်ထောင်သူကေရာဇ်ကို
အနည်းငယ်ဦးညွှတ်ပြီး လူအုပ်ကိုကြည့်ကာ
"အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာအနိုင်ရသူ၊
ဒီနှစ်အဆင့်သတ်မှတ်ချက်ဘုရင်နေရာကိုရရှိသွားတာကတော့
မဟာချင်အင်ပါယာရဲ့ယန်ယဲ့!"

အောက်ခြေမှ လက်ခုပ်တီးသံများ မကြားရဘဲ
ထောင်သောင်းချီသော လူအုပ်ကြီးက ထူးထူးခြားခြားကို
တိတ်ဆိတ်နေခဲ့သည်...။

လူတိုင်းက ယန်ယဲ့ဟာ အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွင်
ပထမနေရာရနိုင်မည်ဟု မထင်ထားသောကြောင့်ပင်။

သို့သော် သူတို့မမျှော်လင့်ထားပဲ
ယန်ယဲ့ကတောင်ပိုင်းနယ်မြေ၏ နံပါတ်တစ်
ပါရမီရှင်ယွမ်ထုံကိုအနိုင်ယူပြီး ပထမနေရာကို
ရရှိသွားခဲ့လေသည်။

မဟာချင်အင်ပါယာ၏ အစီအစဉ်အောက်တွင်
ယန်ယဲ့၏နာမည်က တောင်ပိုင်းနယ်မြေတစ်ခုလုံးကို
ရောမမုန်တိုင်းကြီးအလား ပြန့်နှံ့သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က
ဓားအင်ပါတစ်ပိုင်းအဆင့်(ဓားတစ်ပိုင်းအင်ပါယာ)ဟူသော
ဘွဲ့ဂုဏ်ပုဒ်ကိုပါရရှိသွား၏။

တောင်ပိုင်းနယ်မြေတစ်ခုလုံးက ယန်ယဲ့ကို
ဓားတစ်ပိုင်းအင်ပါယာဟုသာသတ်မှတ်ထားပေသည်။
အကြောင်းအရင်းမှာ သူက လျှို့ဝှက်ဆန်းကြယ်သော
ရှေးဟောင်းတာအိုလက်နက်၏အသိအမှတ်ပြုမှုကိုရရှိရန်
"ဓားအင်ပါယာတောင်ထိပ်"သို့
မသွားရသေးသောကြောင့်ဖြစ်သည်။

"အဆင့်သတ်မှတ်ချက်ဘုရင် နဲ့ ဓားတစ်ပိုင်းအင်ပါယာ...."

ယန်ယွဲ့က ဒီအရာအားလုံးကို ဂရုမစိုက်ပါ။

သူက မျှော်လင့်ထားသည်ထက်ပင်ကျော်လွန်ကာ

ကြီးကြီးမားမားရှုံးနိမ့်သွားပြီဖြစ်သည်။

ပန်းနန်းတော် နှင့်ရင် ဆိုင်ရသောအခါ သူ့ဘေးနားတွင်

ဘယ်သူမှရှိမနေခဲ့ပေ။

အဆိုးဆုံးမှာ သူက နောက်ထပ်နှစ်ပေါင်း ၁၀၀

နီးပါးကျင့်ကြံခဲ့လျှင်ပင် သူ၏ခွန်အားဖြင့် ပန်းနန်းတော်ကို

တိုက်ခိုက်နိုင်စွမ်းမရှိချေ။

ပြဿနာကတော့ သူ၏အမေဖြစ်သူက အချိန် ၅ နှစ် သာ

အကန့်အသတ်ရှိနေခဲ့သည်။

ယန်ယွဲ့၏စိတ်ထဲတွင်

အနည်းငယ်စိတ်ဓာတ်ကျနေသော်လည်း၊

သူ၏အမေကိုကယ်တင်ရန်နည်းလမ်းပေါင်းစုံစဉ်းစားနေခဲ့ပါသည်။

တည်ထောင်သူဧကရာဇ်၏ အမိန့်ကြောင့် ရင်ပြင်ကျယ်ပေါ် ရှိ လူအုပ်ကြီးကို အင်ပါယာအစောင့်တပ်သားများက ကောင်းစွာပြန်ပို့လိုက်ကြသည်။ ယခုအချိန်တွင် ရင်ပြင်ကျယ်၌ တည်ထောင်သူဧကရာဇ်၊ ယန်ယဲ့ နှင့် ချင်ရှီယူတို့သာကျန်တော့သည်။

ဤအချိန်တွင် တည်ထောင်သူဧကရာဇ်က ရုတ်တရက် စကားစလာခဲ့၏။ "ကလေး! မင်းရဲ့အမေကို ကယ်တင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။"

တည်ထောင်သူဧကရာဇ်၏စကားသံကိုကြားတဲ့အခါ ယန်ယွဲ့က တုန်လှုပ်သွားသည်။ သူက တည်ထောင်သူဧကရာဇ်ကိုမော့ကြည့်ကာ စိုးရိမ်စိတ်များပြည့်နေသောအသံဖြင့်ပြောလိုက်၏။
“အင်ပါယာမင်းမြတ်! ကျေးဇူးပြုပြီး ဒီဂျူနီယာကို လမ်းညွှန်ပေးပါဦး။”

"ပန်းနန်းတော်ကို ဖြိုခွဲလိုက်!" တည်ထောင်သူဧကရာဇ်က အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

အမ်။ ဒီစကားကိုကြားတော့ ယန်ယွဲ့ကအံ့အားသင့်သွားကာ ခဏအကြာတွင်ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပါသည်။
“ဒီဂျူနီယာလည်း ပန်းနန်းတော်ကိုဖျက်ဆီးပစ်ချင်တယ်။ ဒါပေမယ့်

အင်ပါယာအရှင်!က ဒီဂျူနီက ပန်းနန်းတော်ကို ဖျက်ဆီးပစ်နိုင်မယ် ထင်လား?”

အမှန်တကယ်ပင်။ သူသာ ပန်းနန်းတော်ကိုရင်ဆိုင်နိုင်ပါက ဖျက်ဆီးပစ်သည်မှာအချိန်တော်တော်ကြာလောက်ပါပြီ။ ကံဆိုးစွာပဲ၊ သူ၏လက်ရှိစွမ်းအားက ပန်းနန်းတော်ကိုချေမှုန်းရန်အသာထား အသက်ရှင်ရန်ပင်အတော်လေးခဲယဉ်းနေပါသည်။

“မင်းက ကိုယ့်အစွမ်းအစနဲ့ ပြီးမြောက်အောင် လုပ်ဖို့ ရည်ရွယ်ထားရင်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းကလို ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေး ပိုင်ဆိုင်ထားတဲ့ ခွန်အားမျိုး လိုအပ်လိမ့်မယ်။ မဟုတ်ရင် မင်း က ငါနဲ့အဆင့်တူနယ်ပယ်ကို ရောက်နေပြီဆိုရင်တောင် ပန်းနန်းတော် ကို မဖျက်ဆီးနိုင် သေးဘူး!" တည်ထောင်သူကေရာဇ်က

"ပန်းနန်းတော်ရဲ့အရင်းအမြစ်တွေ၊ အရန်အင်အားတွေက မင်းစိတ်ကူးထားတာထက်တောင်ကျော်လွန်နေတယ်။"

“ပြီးတော့....”

တည်ထောင်သူဧကရာဇ်က ခေါင်းယမ်းပြီး "ဘယ်လိုပဲဖြစ်ဖြစ် မင်းက မလုပ်နိုင်ဘူး၊ ဒါပေမယ့် ငါ့ရဲ့မဟာချင်အင်ပါယာမှာ လိုအပ်တဲ့ ခွန်အားတွေ ရှိတယ်!"

"ဒီဂျူနီယာက
ဘယ်လိုတန်ကြေးပြန်ပြီးပေးဆပ်ရမှာလဲ!" ယန်ယွဲ့က
ငတုံးငအေမဟုတ်ပေ။ ချင်ရှီယူအတွက်နှင့်
တည်ထောင်သူဧကရာဇ်ကို
တံခါးပိတ်ကျင့်ကြံရာမှထွက်လာရန်အထိမဖြစ်နိုင်ပါ။

မည်သို့ပင်ဆိုစေ တည်ထောင်သူကေရာဇ်က သိသာစွာပင် သူ၏ ရည်ရွယ်ချက်ကိုထုတ်ပြလာခဲ့ပြီမဟုတ်ပါလား။

"ရှေးဟောင်းစစ်မြေပြင်မှာ မဟာချင်အင်ပါယာကို ကိုယ်စားပြုပါ!" တည်ထောင်သူကေရာဇ်၏ မျက်နှာအမူအရာက  အနည်းငယ်လေးနက်သွားသည်။

"ရှေးဟောင်းစစ်မြေပြင်?" ယန်ယွဲ့က ဒီလိုနေရာမျိုး တစ်ခါမှ မကြားဖူးပေ၊ သူကတည်ထောင်သူကေရာဇ်၏စကားကိုနားထောင်ပြီးနောက် အံ့သြသွားလေတော့သည်။

တည်ထောင်သူကေရာဇ်က ယန်ယွဲ့ကိုစိုက်ကြည့်လာပြီး ရုတ်တရက်ပြောလိုက်၏။

“ငါ့ရဲ့မဟာချင်အင်ပါယာ နဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းက အပေါ်ယံမှာတော့ အမြဲတမ်းအဆင်ပြေနေသယောင်ထင်ရတယ်။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ်ငါတို့ကြားမှာ မျှချေကို အချိန်တော်တော်ကြာအထိထိန်းသိမ်းထားကြတယ်လေ။ ဒါက ဘာလို့လဲ မင်း သိချင်သလား?"

"ဒါက အမှောင်မှော်သားရဲ အင်ပါယာကြောင့်လား?" ယန်ယွဲ့က အနည်းငယ်အံ့အားသင့်စွာမေးလိုက်သည်။

"ဒါက မဟုတ်သေးဘူး၊ ငါတို့နှစ်ယောက်လုံး က ရန်လိုနေကြပေမယ့် အခုအချိန်အထိ အမှောင်မှော်သားရဲအင်ပါယာနဲ့ ငါတို့လူသားမျိုးနွယ်က ဘာကြောင့် ငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြတာလဲ မင်းသိရဲ့လား။"

ယန်ယဲ့ကခေါင်းယမ်းလိုက်သည်။

"ဘာလို့လဲဆိုတော့ လူသားမျိုးနွယ်နဲ့ အမှောင်မှော်သားရဲမျိုးနွယ် အတွက် ငါတို့ အချင်းချင်းထက်တောင် ပိုပြီးကြောက်စရာကောင်းတဲ့ရန်သူရှိတယ်။" တည်ထောင်သူ ဧကရာဇ်က မြောက်ဖက်သို့ မျှော်ကြည့်ကာ "အမှောင်မှော်သားရဲအင်ပါယာရဲ့ မြောက်ဖက်စွန်းစွန်းမှာ တောင်တန်းတစ်ခုရှိတယ်။ အဲ့ဒီတောင်တန်းကို "ကောင်းကင်မျှော်စင်တောင်တန်း"လို့ ခေါ်တယ်။

ကောင်းကင်မျှော်စင်တောင်တန်းကမခန့်မှန်းနိုင်လောက်အောင်ရှည်လျားသလို ကီလိုမီတာ တစ်သန်းကျော်ကျယ်ဝန်းတယ်။ ဒါ့အပြင် တောင်တန်းရဲ့တစ်ဖက်ခြမ်းမှာ အရမ်းကြောက်စရာကောင်းတဲ့ မျိုးနွယ်စုတစ်ခုရှိနေတယ်။ ဒီမျိုးနွယ်စုက လူသားမျိုးနွယ် နဲ့

အမျောင်မျော်သားရဲမျိုးနွယ်နှစ်ခုလုံးပေါင်းရင်တောင်အနိုင်ရဖို့ မသေချာဘူး။

သူတို့က
အဆင့်မြင့်တိုက်ခိုက်ရေးနည်းစနစ်တွေကိုလေ့ကျင့်နိုင်တဲ့အ
ပြင် ခန္ဓာကိုယ်ခုခံအားကလည်း
အမျောင်မျော်သားရဲတွေထက်အဆပေါင်းများစွာပိုပြီးသန်မာ
တယ်။ သူတို့က "နတ်ဆိုးမျိုးနွယ်"ဆိုတာပဲ!”

"နတ်ဆိုးမျိုးနွယ်?" ယန်ယွဲ့လည်းအံ့သြသွားသည်။

တည်ထောင်သူဧကရာဇ်က ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြပြီး “ကောင်းကင်ဘုံက သူတို့ကို
ကောင်းချီးပေးထားတယ်။

အရှယ်ရောက်လာတဲ့ တစ်နည်း
နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်မျိုးဆက်တွေက ခန္ဓာကိုယ်ကို

ရည်ရွယ်ချက်ရှိရှိ လေ့ကျင့်စရာမလိုဘူး၊
သူတို့ရဲ့ရုပ်ခန္ဓာခွန်အားနဲ့ ခုခံကာကွယ်မှုက
သာမန်သိုင်းဘုရင်အဆင့်
အမှောင်မှော်သားရဲတွေထက်တောင် ပိုပြီးအားကောင်းတယ်။

ဒါ့အပြင်ကို သူတို့က လူသားမျိုးနွယ်တွေသာလေ့ကျင့်နိုင်တဲ့
နည်းစနစ်မျိုးစုံကိုတောင်ကျင့်ကြံနိုင်သေးတယ်။
ဒီလိုဆိုမှတော့ ငါတို့လူသားမျိုးနွယ်ရဲ့ပါရမီရှင်တွေက
နတ်ဆိုးမျိုးနွယ်ရဲ့
ပါရမီရှင်တွေနဲ့ယှဉ်မယ်ဆိုရင်ဘာမှမဟုတ်တော့ဘူး။

ချွင်းချက်အနေနဲ့ မူလကျောင်းတော်ရဲ့ယွမ်ထုံသာ
နတ်ဆိုးမျိုးနွယ်ထဲမှာဆိုရင် ထိပ်တန်းပါရမီရှင်နေရာကို
ရနိုင်တယ်။”

တည်ထောင်သူကေရာဇ်၏
နောက်ဆုံးစကားကြားလိုက်ရသောအခါ ယန်ယဲ့က
အတော်လေးအံ့အားသင့်သွားခဲ့သည်။

အမှန်ပင်၊ ယွမ်ထုံက သူ့ကိုရှုံးနိမ့်သွားသော်လည်း၊
ယွမ်ထုံ၏အစစ်အမှန်ခွန်အားက အလွန်ကြောက်စရာကောင်း
သည်ဟုဝန်ခံလိုက်ရသည်။

အကယ်၍ သူက အဇူရာနတ်ဆိုးဓား၏ ဓားဝိညာဉ်ကို
နိုးထစေရန် "ဆန်းကြယ်ရွှေချီကန်" ကို အသုံးမပြုနိုင်ပါက
သူနှင့် ယွမ်ထုံတို့အကြား တိုက်ပွဲ ရလာဒ်မှာ
မသေချာနိုင်တော့ပေ။

သို့သော် ဒီအချက်ကြောင့်ပင် ယွမ်ထုံက နတ်ဆိုးမျိုးနွယ်တွင်
ထိပ်တန်းပါရမီရှင်ဟုယူဆနိုင်သောကျွမ်းကျင်သူတစ်ယောက်
ဖြစ်ရန်ထိုက်တန်ပါသည်။

ဆက်ရန်

အဆုံးမဲ့စားကမ္ဘာ ၂၆၇ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၆၇)] - အဆင့်သတ်မှတ်ချက်ဘုရင်၏ ဆုလာဘ်များ

ယန်ယွဲ့က "ကေရာဇ်မင်းမြတ်! နတ်ဆိုးမျိုးနွယ်က အရမ်းကြောက်စရာကောင်းတယ်ဆိုတော့ တောင်ပိုင်းနယ်မြေမှာ သူတို့ရဲ့အဖွဲ့ဝင်တွေကို ဘာကြောင့် မတွေ့ရတာလဲ?"

"အဲဒါက သဘာဝကျကျပဲ ငါ့ရဲ့မဟာချင်အင်ပါယာ နဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းက သူတို့ကိုတားဆီးဖို့ အတူတကွ ပူးပေါင်းခဲ့လို့ပဲ!" တည်ထောင်သူဧကရာဇ်က “နတ်မျိုးနွယ်က ငါတို့ လူသားမျိုးနွယ် နဲ့ အမှောင်မှော်သားရဲမျိုးနွယ် နှစ်ခုလုံးအတွက် ကြီးမားတဲ့ခြိမ်းခြောက်မှုတစ်ခုပဲ။ တကယ်လို့ အတားအဆီးအဖြစ်ပိုင်းခြားထားတဲ့ ကောင်းကင်မျှော်စင်တောင်တန်းသာရှိမနေခဲ့ရင် တောင်ပိုင်းနယ်မြေရဲ့လက်ရှိအုပ်စိုးသူတွေက လူသာမျိုးနွယ် နဲ့ အမှောင်မှော်သားရဲမျိုးနွယ်မဖြစ်နိုင်ဘူး။ အဲဒီအစား နတ်ဆိုးမျိုးနွယ်ပဲ ဖြစ်နေလောက်ပြီ။"

"အဲဒီမှာ ကောင်းကင်မျှော်စင်တောင်တန်းရှိတယ်ဆိုတော့၊ ရှေးဟောင်းစစ်မြေပြင်က ဘာလဲ။" ယန်ယွဲ့က ဆက်မေးလိုက်သည်။

“နှစ်စဉ်နှစ်တိုင်း နတ်ဆိုးမျိုးနွယ်က မရေမတွက်နိုင်တဲ့
လူငယ်မျိုးဆက်တွေကကောင်းကင်မျှော်စင်တောင်တန်းကို
သာမန်အတိုင်းဖြတ်ကျော်လာကြတယ်။
ဒီလူငယ်အများစုကလည်း
ကောင်းကင်မျှော်စင်တောင်တန်းကိုဖြတ်ကျော်ရင်းသေဆုံး
ကြတယ်။ ဒါပေမယ့်
သူတို့သာအောင်အောင်မြင်မြင်ဖြတ်ကျော်နိုင်ရင်တော့
သူတို့ရဲ့ခွန်အားနဲ့ သဘာဝစွမ်းရည်တွေက လုံးဝကို
ကြောက်စရာကောင်းတယ်လို့ သတ်မှတ်နိုင်ပြီ။
ရိုးရိုးရှင်းရှင်းပြောရရင် မင်းနဲ့ ယွမ်ထုံကိုသာ
အဲဒီတောင်တန်းကို ကျော်တက်ခိုင်းရင်
မင်းတို့နှစ်ယောက်စလုံး ပိုင်ဆိုင်တဲ့ သဘာဝစွမ်းရည်တွေ၊
ခွန်အားတွေနဲ့ဆိုရင်တောင် အောင်မြင်နိုင်ချေ အခွင့်အရေး
အများဆုံးက

၃၀ ရာခိုင်နှုန်းလောက်ပဲရှိလိမ့်မယ်!”

တည်ထောင်သူဧကေရာဇ်က ပြောသည်။

ယန်ယဲ့က

အတော်လေးအံ့ဩသွားသည်။တည်ထောင်သူဧကေရာဇ်ကိုယ်တိုင်ပင် သူတို့နှစ်ယောက်စလုံးက အခွင့်အရေး ၃၀ ရာခိုင်နှုန်းသာရှိသည်ဟု ပြောခဲ့သောကြောင့်တကယ်လည်း သူတို့တွင်အခွင့်အရေးအနည်းငယ်လောက်သာရှိနိုင်ပေမည်။

သူနှင့် ယွမ်ထို နှစ်ဦးစလုံးပူးပေါင်းသည့်တိုင် အောင်မြင်ရန် အခွင့်အရေး ၃၀ ရာခိုင်နှုန်းသာရှိသော်လည်း၊ နတ်ဆိုးမျိုးနွယ်၏လူငယ်မျိုးဆက်များက ကောင်းကင်မျှော်စင်တောင်တန်းကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။

ထိုအချက်ကပင် နတ်ဆိုးမျိုးနွယ်၏အင်အား၊ ပင်ကိုယ်အရည်အချင်းနှင့် သဘာဝစွမ်းရည်များကို သိသာနေပေသည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး သူ့ရင်ထဲက ထိတ်လန့်မှုကို ထိန်းကာ မေးလိုက်သည် ။ "သူတို့က ဘာလို့ လူသားလောကထဲကို ဝင်ရောက်လာချင်တာလဲ!"

"ကိုယ့်ကိုယ်ကို သန်မာလာစေဖို့!" တည်ထောင်သူဧကရာဇ်က “နတ်ဆိုးမျိုးနွယ်က အင်အားကြီးသူတွေကိုသာ လေးစားတဲ့ မျိုးနွယ်တစ်ခုပဲ။ ကောင်းကင်မျှော်စင်တောင်တန်းကို ကျော်ဖြတ်တာက သူတို့အတွက် သာမန်စမ်းသပ်မှု ဒါမှမဟုတ် အရည်အချင်းစမ်းသပ်မှုသာသာပဲရှိနိုင်တယ်။

ဒါ့အပြင် သူတို့ ဒီလိုလုပ်ဆောင်ရတဲ့နောက်ကွယ်က ရည်ရွယ်ချက်ကတော့ သဘာဝနိယာမအတိုင်း သူတို့ကိုယ်သူတို့ ပိုပြီး သန်မာလာစေဖို့ပဲလေ။

တစ်ခုတော့ရှိတယ်၊ သူတို့က ပိုပြီးအားကောင်းလာတဲ့အပြင်၊ ငါတို့လူသားမျိုးနွယ်ရဲ့ လူငယ်မျိုးဆက်မှာ ပါရမီရှင်အရေအတွက် ကုန်ဆုံးသွားတာက ချီးမြှောက်ခြင်းနတ်ဆိုးရဲ့နောက်ထပ်ရည်ရွယ်ချက်တစ်ခု ဖြစ်နိုင်တယ်။”

ချီးမြှောက်ခြင်းနတ်ဆိုး? ဒီနာမည်ကိုကြားလိုက်တဲ့အခါ ယန်ယဲ့က အလွန်အံ့သြသွားပြန်သည်။

သူဟာ ရှန်ရှမ်အာထံမှ ချီးမြှောက်ခြင်းနတ်ဆိုးဟူသော လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ တုန်းက တောင်ပိုင်းနယ်မြေ၏ နံပါတ်တစ်ပညာရှင်ကိုသိထားသောကြောင့်ပင်။

သို့သော် တောင်ပိုင်းနယ်မြေ၏ နံပါတ်တစ်ပညာရှင်က တကယ်တမ်းတွင်လူသားမျိုးနွယ်ဝင်မဟုတ်ဘဲ၊ နတ်ဆိုးမျိုးနွယ်ဝင်တစ်ဦးဖြစ်နေလိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။”

"ငါတို့က ဘာကြောင့် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲကို ကျင်းပရတာလဲ မင်းသိသလား။"

တည်ထောင်သူကေရာဇ်က ယန်ယဲ့ကိုကြည့်ရင်းမေးသည်။

ယန်ယဲ့က ခေါင်းခါလိုက်၏။

"ဘာလို့လဲဆိုတော့ ငါတို့က ရှေးဟောင်းစစ်မြေပြင်ကိုသွားရောက်ဖို့ အင်အားကြီးပါရမီရှင် ဒါမှမဟုတ် ထိပ်တန်းအဆင့်ကျွမ်းကျင်သူတွေကို ရွေးချယ်ချင်လို့ပဲ။

အခု ရှေးဟောင်းစစ်မြေပြင်ကို သွားရောက်မဲ့အထဲ
တောင်ပိုင်းနယ်မြေတစ်ခုလုံးက
လေလွင့်ကျင့်ကြံသူတွေတင်မကဘူး၊
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းနဲ့ ငါ့ရဲ့အင်ပါယာ အပါအဝင်
ကျန်အင်အားစုအသီးသီးက
ထိပ်တန်းပါရမီရှင်တွေအားလုံးလည်းပါဝင်လိမ့်မယ်။

ပြီတော့ မင်းတို့အားလုံးမှာ တစ်ခုတည်းသော မစ်ရှင်ရှိတယ်။
အဲ့ဒါက နတ်ဆိုးမျိုးနွယ်ရဲ့ပါရမီရှင်တွေကိုသတ်ပစ်ဖို့
အစွမ်းကုန်
ကြိုးစားရမယ်ဆိုတာပဲ!" တည်ထောင်သူဧကရာဇ်က
အတန်ငယ် တိုးညှင်းသောလေသံဖြင့် ပြောသည်။

ယန်ယဲ့က ခဏတာစဉ်းစားလိုက်ပြီး

"အင်ပါယာအရှင်က ဒီဂျူနီယာကို ကယ်တင်ဖို့ ကြီးကြီးမားမား ပေးဆပ်ခဲ့သလို၊ အမေ့ကို လည်း နောက်ထပ် ငါးနှစ်လောက်
အသက်ရှင်ခွင့်ရအောင်တောင်းဆိုပေးတဲ့တယ်ဆိုတော့၊ ဒီဂျူနီယာထင်တာမမှားရင် အင်ပါယာအရှင်ရဲ့ရည်ရွယ်ချက် နောက်ကွယ်က အင်ပါယာကို ကိုယ်ကိုယ်စားပြုရုံလောက်နဲ့ ရိုးရှင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။
ဖြစ်နိုင်တာ မဟာချင်အင်ပါယာက နတ်ဆိုးမျိုးနွယ်ရဲ့ လူငယ်မျိုးဆက်တွေကို တိုက်ခိုက်ဖို့ စီစဉ်ထားတာ....မဟုတ်လား?"

ဟားဟား.....၊

တည်ထောင်သူဧကရာဇ်က ရယ်မောပြီး "ဒါက သိပ်မရှုပ်ထွေးပါဘူး။ မင်းက ဒီကလေးမလေးကို

သဘောကျမိတဲ့အချက်ကို ထည့်သွင်းစဉ်းစားထားတဲ့အပြင်
နောက်တစ်ခုကဘာလဲဆိုတော့......

ငါ့ရဲ့မဟာချင်အင်ပါယာက ပန်းနန်းတော်ကို
သိပ်မကြာခင်အချိန်မှာ တိုက်ခိုက်တော့မှာမို့လို့ပဲ။

တစ်ခုတော့ သေချာတယ်၊ မင်းမှာ ငါထင်ခဲ့တဲ့အတိုင်း
အရည်အချင်းတွေ မပိုင်ဆိုင်ခဲ့ရင်၊ ငါက ဒီလောက်ကြီးမားတဲ့
အဖိုးအခကို သဘာဝအတိုင်း
ပေးပစ်မှာမဟုတ်ဘူး။ ငါ့အင်ပါယာက ပန်းနန်းတော်ကို
တိုက်ခိုက်နေချိန်မှာ.....

မင်းကလည်း သဘာဝလွန် အရည်အချင်းတွေပိုင်ဆိုင်ထားလို့
မင်းကို ကယ်တင်ပေးလိုက်တာ။ ရှင်းရှင်းပြောရမယ်ဆိုရင်
ပန်းနန်းတော်ရဲ့တစ်သက်တာမှာ အကြီးမားဆုံး ရန်သူအဖြစ်
ကြီးကျယ်ခမ်းနားတဲ့ အလားအလာကောင်းတွေ
ပိုင်ဆိုင်ထားတဲ့ နောက်ထပ် ကြောက်စရာကောင်းတဲ့

ပါရမီရှင်တစ်ယောက်ဖြစ်အောင် ငါက ဘာလို့
မလုပ်သင့်တာလဲ?"

"ဒါပေမယ့် ရှေးဟောင်းစစ်မြေပြင်ကို သွားတာက
အင်ပါယာအတွက် လုံးဝအကျိုးရှိပုံမပေါ်ဘူးထင်တယ်.....
ဟုတ်တယ်မလား?"

ယန်ယွဲ့က မေးလိုက်၏။

"ဟုတ်ပါတယ် ဒါဘဲ!" တည်ထောင်သူကေရာဇ်က
"အသက်ရှင်သန်နိုင်ဖို့အခွင့်အရေးနည်းပါးပေမယ့်
ရှေးဟောင်းစစ်မြေပြင်ကိုသွားတာက
ငါ့ရဲ့အင်ပါယာကလန်အဖွဲ့ဝင်တွေကို
အားကောင်းလာအောင်လုပ်နိုင်တဲ့အခွင့်အလမ်းတစ်ခုပဲလေ။
တကယ်လို့ အင်ပါယာကလန်ရဲ့အဖွဲ့ဝင်တွေက
အရည်အချင်းတွေညံ့ဖျင်းလို့နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်မျိုးဆ

က်တွေလက်ထဲမှာသေဆုံးသွားရင်တောင်

ဒါကသူတို့အတွက်သေခြင်းနဲ့ထိုက်တန်တယ်။ ဒါပေမဲ့၊

ငါ့ရဲ့အင်ပါယာနဲ့

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းကြားကဆက်ဆံရေးကိုမင်းလ

ည်းရှင်းရှင်းလင်းလင်းသိနေမှာပဲ။

ဒီလိုဆိုတော့ အင်ပါယာကလန်ရဲ့အဖွဲ့ဝင်တွေက

နတ်ဆိုးမျိုးနွယ်အစား

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းရဲ့တပည့်တွေလက်ထဲမှာသေဆုံး

သွားမှာကိုငါစိုးရိမ်တယ်။”

"အင်ပါယာအရှင်က ဒီဂျူနီယာကို

အင်ပါယာကလန်ရဲ့တပည့်တွေကို

ကာကွယ်ပေးစေချင်တာလား။" ယန်ယွဲ့လည်း

တည်ထောင်သူကေရာဇ်၏စကားကြောင့်

ပြောနေရင်းမျက်မှောင်ကြုတ်သွားသည်။

တည်ထောင်သူဧကရာဇ်က ခေါင်းညိတ်ပြီး

"ချီးမြှောက်ခြင်းနတ်ဆိုးနဲ့

ငါတို့မှာသဘောတူညီချက်တစ်ခုရှိတယ်။

ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့ အထက်ပညာရှင်တွေက

ရှေးဟောင်းစစ်မြေပြင်မှာထွက်ပေါ်လာခွင့်မရှိဘူး။

ဒါ့ကြောင့် ငါ့ရဲ့အင်ပါယာက

အင်ပါယာကလန်ရဲ့အဖွဲ့ဝင်တွေကို

နောက်ကွယ်ကနေစောင့်ရှောက်ဖို့

ပညာရှင်တွေစေလွှတ်လို့မရဘူး။

တစ်ဖက်မှာတော့ တောင်ပိုင်းနယ်မြေရဲ့လူငယ်တွေအားလုံးက

ရှေးဟောင်းစစ်မြေ ပြင်ကို ရောက်တာနဲ့ အထူးသဖြင့်

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းရဲ့တပည့်တွေကသူတို့ကိုပူးပေါင်း

ပြီးသတ်ပစ်မှာသေချာတယ်။

ဒါကြောင့် မင်းရဲ့အကူအညီလိုတယ်။ နောက်တစ်ခုကတော့ ရှေးဟောင်းစစ်မြေပြင်ကိုသွားတာက မင်းအတွက်လည်း အကျိုးရှိတယ်။

ဘာလို့လဲဆိုရင် ဒီနေရာက ရှေးဟောင်းအပျက်အစီးနယ်မြေတစ်ခုဖြစ်သလို၊မမြင်နိုင်တဲ့ အန္တရာယ်တွေအမျိုးမျိုးနဲ့ ပြည့်နှက်နေပေမယ့် ကံကြမ္မာဆိုးတွေ၊ ကံကောင်းမှုတွေလည်း ပြည့်နှက်နေတယ်။

အထူးခြားဆုံးကတော့ ရှေးဟောင်းစစ်မြေပြင်မှာ မင်းရဲ့လေ့ကျင့်ဖော်အဖြစ်သတ်မှတ်နိုင်တဲ့ အဆင့်မြင့်ကျွမ်းကျင်သူတွေမရေမတွက်နိုင်အောင်ရှိနေတယ် ။ အခု မင်းလိုအပ်နေတာ အတိအကျ တိုက်ပွဲအတွေ့အကြုံ မဟုတ်ဘူးလား။"

ယန်ယွဲ့က ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်သည်။

"အင်ပါယာအရှင်! ဒီဂျူနီယာက ငါ့ရဲ့အမေကို

ကယ်တင်ဖို့အတွက် သန်မာလာချင်တယ်။ ငါ့အမေကို
မကယ်နိုင်ရင် ငါယန်ယဲ့က တောင်ပိုင်းနယ်မြေတစ်ခုလုံးရဲ့
နံပါတ်တစ် ပညာရှင်ဖြစ်လာရင်တောင် အဲဒါက
အဓိပ္ပါယ်ရှိပါဦးမလား။

တည်ထောင်သူဘိုးဘေးက ပြုံးပြီးပြောလိုက်ပါသည်။
"ကလေး! မင်းရဲ့စိုးရိမ်မှုတွေကို
ငါနားလည်ပါတယ်။ စိတ်မပူပါနဲ့၊ ယုလင်းလုံက ငါနဲ့
သဘောတူညီချက်ရသွားပြီးကတည်းက သူ့စကားကို
ပြန်ပြင်မှာ
မဟုတ်ဘူး။ မင်းရဲ့အမေက နောက်ထပ်ငါးနှစ်ကြာတဲ့အထိ
အသက်ရှင်နေမှာ သေချာတယ်။ ဒါပေမယ့်
....ကလေး! အခုကနေစရင်နောက်ထပ် .....ငါးနှစ်
လောက်အထိပဲနော်..." တည်ထောင်သူဘိုးဘေးကစကား
ပြောနေရင်း ခဏတာရပ်ပြီး "မင်းရဲ့အမေကို ကယ်တင်ချင်ရင်

ဒီငါးနှစ်တာကာလအတွင်းမှာ မင်းကိုယ်မင်း
အဆက်မပြတ်ကျင့်ကြံနေရမယ်။
တောင်ပိုင်းနယ်မြေရဲ့အခြေအနေတွေက အမြဲတမ်း
ပြောင်းလဲနေတယ်။ တကယ်လို့ မင်းက လုံလောက်အောင်
မသန်မာဘူးဆိုရင် မနက်ဖြန်တောင်
ပျောက်ကွယ်သွားနိုင်တယ်။ ဒါဆို မင်းရဲ့အမေကို ဘယ်သူက
ကယ်တင်မှာလဲ?"

ယန်ယဲ့က တည်ထောင်သူဧကရာဇ်၏
စကားကိုကြားသောအခါ တိတ်ဆိတ်သွားသည်။
အတိုချုပ်ပြောရလျှင် သူ၏ အင်အားက
အလွန်နိမ့်ကျနေခဲ့သည်။
သူက တည်ထောင်သူဧကရာဇ်၏ အကူအညီဖြင့်
ပန်းနန်းတော်၏
အရှင်သခင်လက်ထဲမှလွတ်မြောက်နိုင်ခဲ့ပါသည်။

သို့ရာတွင်၎င်းသည်အချိန်ခဏသာဖြစ်၏။

အကယ်၍ သူသာ

အဆက်မပြတ်ကြိုးစားကျင့်ကြံခြင်းမရှိပါက

နောက်တစ်ကြိမ်တွင် ဘယ်သူမှ......။

တစ်ဖက်တွင် သူက ယခုထက်ပိုပြီးသန်မာလာမှသာ

သူ၏အမေကို ကယ်တင်ရန်အခွင့်အရေးရှိနိုင်ပါမည်။။

"အင်ပါယာအရှင်! ဒါဆိုရင် ဒီဂျူနီယာက

ရှေးဟောင်းစစ်မြေပြင်ကိုဘယ်အချိန်သွားမှာလဲ?" ယန်ယွဲ့က

မေးလိုက်၏။

ယန်ယွဲ့က သူ၏အမေကို ကယ်တင်ရန်

စိတ်အားထက်သန်နေခြင်းကို မြင်သောအခါ

တည်ထောင်သူကေရာဇ်က ပြုံးသည်။

"ရှေးဟောင်းစစ်မြေပြင်ကို

အခုကစပြီးနောက်တစ်လလောက်ကြာရင်ဖွင့်တော့မယ်။အဲ့ဒီ
အချိန်မှာ ငါ့ရဲ့မဟာချင်အင်ပါယာက
လုံလောက်တဲ့အရည်အချင်းရှိတဲ့သူတွေ၊ အင်ပါယာကလန်ရဲ့
လက်အောက်ခံအင်အားစုအသီးသီးကတပည့်တွေ နဲ့
ထိပ်တန်းစစ်သည်အချို့ကို ဒီရင်ပြင်ကျယ်မှာစုရုံးဖို့
ဆင့်ခေါ်လိုက်မယ်။”

“အင်ပါယာအရှင်က စစ်တပ်ကိုပါ စေလွှတ်ဖို့
ရည်ရွယ်ထားတာလား” ယန်ယဲ့ပင် အလွန်အံ့သြသွားသည်။

တည်ထောင်သူကေရာဇ်က ဖြည်းညင်းစွာ
ခေါင်းညိတ်ပြပြီး “ဒါဟာ သူတို့အတွက် အန္တရာယ်များပေမယ့်
တစ်ဖက်မှာလည်း ကြီးမားတဲ့
အခွင့်အရေးတစ်ခုလို့ဆိုနိုင်တယ်။ဒီထက်ပိုပြီး သန်မာလာ
အောင် အခွင့်အရေးတစ်ခုလေ။

အဟဲ! တစ်ခုတော့ရှိတယ်။ထိပ်တန်းစစ်သည်တွေက
လေလွင့်ကျင့်ကြံသူတွေအဖြစ်နဲ့ရှေးဟောင်းစစ်မြေပြင်ကို
ဦးတည်သွားရမယ်။ မဟုတ်ရင် သူတို့က
နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်မျိုးဆက်တွေကိုတောင်
မတိုက်ခိုက်နိုင်ခင် လူသားတွေရဲ့လက်ထဲမှာ
သေသွားနိုင်တယ်။”

ယန်ယွဲ့က မတတ်သာစွာ
ခေါင်းယမ်းလိုက်သည်။ လူသားမျိုးနွယ်က ထိုကဲ့သို့
ကြောက်စရာကောင်းသော တည်ရှိမှုအန္တရာယ်ကို
ရင်ဆိုင်နေရသည့်တိုင် အချင်းချင်း သတ်ဖြတ်ရန်
ကြံစည်နေဆဲပင်။

ထို့ကြောင့် လူသားမျိုးနွယ်က အမှန်တကယ်ပင်
သေလမ်းရှာနေသည်ဟုဆိုနိုင်သည်။

သို့သော် ၎င်းသည် သူနှင့် လုံး၀ မသက်ဆိုင်ပါ။

“ကလေး! ဒီလအတွင်းမှာ မင်းက အင်ပါယာမြို့တော်ကနေ မထွက်ခွာဖို့ အကောင်းဆုံးကြိုးစားပါ။ မင်းကို အခုသတ်ပစ်ဖို့ ရည်ရွယ်ထားတာက ပန်းနန်းတော်တင် မဟုတ်ဘဲ မူလကျောင်းတော် နဲ့ ဝိညာဉ်တစ္ဆေဂိုဏ်းက ဖယ်ရှားပစ်ဖို့ ကျိန်းသေပေါက် ကြံစည်နေလိမ့်မယ်။”
တည်ထောင်သူကေရာဇ်က ယန်ယွဲ့ကို တစ်ချက်ကြည့်ပြီး သတိပေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

"ရှေးဟောင်းစစ်မြေပြင်ကို ဦးတည်တာက မင်းအတွက် အတော်လေးသာယာမယ်လို့တောင်ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီနေရာမှာ ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့ အထက်ဆင့် ပညာရှင်တွေတစ်ယောက်မှရှိမနေလို့ပဲ။

ဒါ့ကြောင့် မင်းက ရှေးဟောင်းစစ်မြေပြင်မှာ

ခွန်အားကို အမြန်ဆုံး မြှင့်တင်နိုင်သလို၊ မင်းကိုသတ်ဖို့

ထူးဆန်းတဲ့လုပ်ကြံသူတွေစေလွှတ်လိုက်မှာကိုလည်းကြော

က်စရာမလိုတော့ဘူး။ ဒါကြောင့် ဒီအခွင့်အရေးကို

ကောင်းကောင်းအသုံးချပါ။” ဤအရာအားလုံးကို

ပြောပြီးနောက်တွင် တင်တည်ထောင်သူကေရာဇ်မ၏ ပုံရိပ်က

တဖျပ်ဖျပ်တောက်ပကာ နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

တည်ထောင်သူကေရာဇ် ထွက်ခွာသွားပြီးနောက်တွင်

ယန်ယဲ့က အခုအချိန်အထိ နှုတ်ဆိတ်နေသော ချင်ရှီယူကို

လှည့်ကြည့်ကာ "ရှီယူ! ကျေးဇူးတင်ပါတယ်!"

ချင်ရှီယူက ခေါင်းယမ်းကာ ပြုံးပြလိုက်သည်။

"မောင်ငယ်လေးက မမကိုကျေးဇူးတင်နေစရာ

မလိုပါဘူး။ တကယ်လို့မင်းက အဆင့် ၄ ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသားကို မပိုင်ဆိုင်ထားရင်၊ ပြီးတော့ ယွမ်ထုံကို အနိုင်မယူခဲ့ရင် မမက ဧကရာဇ်အဘိုးကို ကယ်တင်ပေးခိုင်းမှာမဟုတ်ဘူး။ မောင်ငယ်လေး၊ မင်းဒါကို ရှင်းရှင်းလင်းလင်း သိထားသင့်တယ်!"

ယန်ယဲ့က သူမကို တစ်ခုခုပြန်ပြောရန်ပြင်လိုက်စဉ်မှာပဲ ဝန်ကြီးချုပ်လီစီက သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာသည်။ ဝန်ကြီးချုပ်က ယန်ယဲ့ကို မကြည့်ခင် ချင်ရှီယူကို ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လက်ဝါးကိုလှန်လိုက်ရာ လက်ထဲတွင် သေးငယ်သော သိုလှောင်လက်စွပ်တစ်ကွင်း ပေါ်လာခဲ့၏။ “ဒါက

အဆင့်သတ်မှတ်ချက်ဘုရင်နေရာအတွက်ဆုလာဘ်တွေပဲ။
ဒါ့အပြင် ညီငယ်ယန် ရဲ့နာမည်က
တောင်ပိုင်းနယ်မြေတစ်ခုလုံးကိုသိပ်မကြာခင်မှာ
ပြန့်နှံ့သွားလောက်ပြီ။
ဒါကြောင့် ဖြစ်နိုင်ရင် အပြင်လူတွေရှေ့မှာ
မင်းရဲ့နာမည်အစစ်အမှန်ကို မသုံးမိအောင်
အစွမ်းကုန်ကြိုးစားပါ။ နောက်ဆုံး မင်းကိုသတ်ချင်တဲ့သူတွေ
အများကြီးရှိနေတယ်လေ!”

ယန်ယွဲ့က ခေါင်းညိတ်ပြပြီးနောက် သိုလှောင်လက်စွပ်ကို
လက်ခံယူလိုက်သည်၊ "အခုလိုသတိပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ်!"

ဝန်ကြီးချုပ်လီစီက ပြုံးပြီး “အဲဒါတွေ
မပြောပါနဲ့။ ညီငယ်ယန်က မင်းသမီး ရှီယူ ရဲ့ခင်ပွန်းဖြစ်လို့၊

မင်းက ငါ့ မဟာချင် အင်ပါယာရဲ့
အဖွဲ့ဝင်တစ်ယောက်လို့ဆိုနိုင်တယ်။ မင်းက
အင်ပါယာနန်းတော်ရဲ့
ကန့်သတ်နေရာကိုမသွားနိုင်ပေမယ့်....” ဝန်ကြီးချုပ်လီစီက
စကားကိုခဏတာရပ်လိုက်ပြီး
သူ၏လက်ကိုဆန့်ထုတ်လိုက်ရာ လက်ဝါးပေါ်တွင်
"အမိန့်ပေးတံဆိပ်ပြားနှစ်ခုပေါ်လာသည်။ “ဒီ
အမိန့်ပေးတံဆိပ်ပြားနှစ်ခုအနက်တစ်ခုက
အဆင့်သတ်မှတ်ချက်ဘုရင်တံဆိပ်တုံးဖြစ်ပြီး၊
နောက်တစ်ခုကတော့
အင်ပါယာအရှင်ရဲ့အမိန့်ပေးတံဆိပ်တော်ပဲ။
ညီငယ်ယန်က မင်းရဲ့လက်ထဲမှာရှိတဲ့ ဒီအမိန့်တံဆိပ်နဲ့ဆိုရင်
မဟာချင်အင်ပါယာတစ်ခုလုံး

လွတ်လွတ်လပ်လပ် သွားလာနိုင်တယ်။ဒါ့အပြင် မင်းဟာ အင်ပါယာမြို့တော်ကလွဲလို့အခြားမြို့အားလုံးရဲ့ စစ်သည်တွေကိုဆင့်ခေါ် နိုင်တယ်။"

ဒီစကားကိုကြားလိုက်တဲ့အခါ ယန်ယွဲ့ကအလွန်အမင်း အံ့သြသွားလေသည်။

"ဘယ်လို? အင်ပါယာမြို့တော်ကလွဲပြီး ကျန်မြို့တိုင်းက စစ်သည်တွေကို တိုက်ရိုက်ဆင့်ခေါ် နိုင်တာလား? သောက်ကျိုးနည်း၊ အင်ပါယာအရှင်က ငါ့ကို ဘာကြောင့် ဒီလောက်ကြီးမားတဲ့ အာဏာကိုပေးအပ်လိုက်တာလဲ?"

ခဏအကြာ လေးလေးနက်နက် စဉ်းစားပြီးနောက် ယန်ယွဲ့က ငြင်းဆန်မနေတော့ဘဲ၊ အမိန့်ပေးတံဆိပ်ပြားနှစ်ခုကို လက်ခံလိုက်သည်။

သူက လေးနက်စွာစဉ်းစားနေရင်း ကောင်းကင်ယံကို
စိုက်ကြည့်ကာ အေးစက်စွာ
အော်ဟစ်ကြုံးဝါးလိုက်ပါတော့သည်။

ဒီအဆင့်သတ်မှတ်ချက်ဘုရင်တံဆိပ်တုံးအတွက် နှင့်
အဆင့်သတ်မှတ်ချက်ဘုရင်နေရာကိုရယူရန်အတွက် သူက
မရေမတွက်နိုင်သော ဒုက္ခများကို ရင်ဆိုင်ခဲ့ရသည်။

သို့သော် ယခုအချိန်တွင် နောက်ဆုံး
သူ့လက်ထဲသို့ရောက်လာသောအခါ
သတ္တုအပိုင်းအစတစ်ခုလိုပင်။

ဝန်ကြီးချုပ်လီစီက
အမိန့်ပေးတံဆိပ်ပြားများကိုလက်ခံလိုက်သော
ယန်ယွဲ့ကိုတစ်ချက်ကြည့်ကာ ပေါ့ပေါ့တန်တန်
ခေါင်းညိတ်ပြရင်း ရုတ်ချည်းပင် ပျောက်ကွယ်သွားခဲ့သည်။

ဝန်ကြီးချုပ်ထွက်သွားပြီးနောက်တွင် ယန်ယဲ့က ချင်ရှီယူကို အမိန့်ပေးတံဆိပ်ပြားနှစ်ခုလုံးပစ်ပေးလိုက်သည်၊ "ဒီအမိန့်ပေးတံဆိပ်ပြားနှစ်ခုက ငါ့လက်ထဲမှာရှိရင် သတ္တုအပိုင်းအစတွေနဲ့အတူတူပဲ၊ သူတို့က မင်းအတွက် အသုံးတည့်သင့်တယ်!"

ချင်ရှီယူက ပြန်မပြောခင် အမိန့်ပေးတံဆိပ်ပြားနှစ်ခုကို တစ်ချက်ကြည့်လိုက်သည်။ "မင်းက အဲဒါတွေကို ငါ့အတွက် တကယ်ပေးချင်တာလား။ သူတို့ရဲ့အသုံးဝင်ပုံတွေကို သိလား။ အထူးသဖြင့် ငါ့ရဲ့ဧကရာဇ်အဘိုးကိုကိုယ်စားပြုတဲ့ အမိန့်တံဆိပ်တော်။

ဒါကို ယူထားရင် မင်းပိုင်တဲ့ အင်အားနဲ့အာဏာက ဧကရာဇ်အဘိုးထက် နိမ့်ကျမှာ မဟုတ်ဘူး။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၆၈ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၆၈)] - အဇူရာနတ်ဆိုးဓားကိုပြန်ပေးပါ

သူမက အမိန့်ပေးတံဆိပ်ပြားနှစ်ခုကို လက်ခံယူပြီးနောက် ယန်ယွဲ့ကို စိုက်ကြည့်ကာ
“မင်းအသက်ပြန်ရှင်လာရမယ်။ မဟုတ်ရင် မင်းပေးခဲ့တဲ့ ရတနာတွေကို ငါယူပြီး တခြားလူနဲ့ လက်ထပ်လိုက်မယ်!”

ယန်ယဲ့က စကားပင်မပြောနိုင်တော့ပေ၊ ဒီလိုခြိမ်းခြောက်မှုက အတော်လေးကိုထူးဆန်းနေသည်မဟုတ်ပါလား။

ထို့နောက် ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး လက်ဝါးကို လှန်လိုက်သည်။ ချင်ယို့ယန် နှင့် လဲ့ရှန်းဂျွန်တို့ကိုသတ်ပြီးရရှိလာသော မြေကမ္ဘာအဆင့်ရတနာလက်နက်နှစ်ခုကသူ့လက်ဝါးပေါ်တွင် ပေါ်လာသည်။ သူက "ဒီနှစ်ခုကို ယူသွားပါ။ ပန်းနန်းတော်ကို ဆန့်ကျင်နိုင်တဲ့ အင်အားစုတစ်ခု တည်ထောင်ဖို့ လိုအပ်တဲ့ ငွေကြေးကို မင်းခံနိုင်ရည်ရှိတယ်လို့ မငြင်းပါနဲ့။ ဒီလအတွင်းမှာ မင်းအတွက် အဆောင်တွေ ငါရေးဆွဲထားပေးနယ်။ ဒါကလွဲရင် ငါ မင်းကို တခြားကစ္စတွေမှာ မကူညီနိုင်တော့ဘူး။ ငါလုပ်နိုင်တာက မင်းကို ငွေကြေးအကူအညီပေးရုံပဲ!"

ချင်ရှီယူက မြေကမ္ဘာအဆင့်ရတနာလက်နက်နှစ်ခုကို လက်ခံယူလိုက်ရင်း ချိုသာစွာ ပြုံးသည်။ သူမက “ဘာလို့ ငြင်းရမှာလဲ ။ ငါက မင်းအတွက် အခုအလုပ်လုပ်နေတာဆိုတော့ အရင်းအမြစ်၊ ငွေကြေးပြဿနာကို မင်းက သဘာဝကျကျဖြေရှင်းရမှာ။”

ယန်ယဲ့လည်း ပြုံးလိုက်ပြီး တစ်ခုခုကို တွေးနေပုံရပြီး မေးလိုက်သည်။ "ရှီယူ! မင်းရဲ့အနေကော အခြေအနေကောင်းသလား?"

ချင်ရှီယူက အပြုံးလေးနှင့် ခေါင်းညိတ်ပြ၏၊ "မောင်ငယ်လေးကြောင့် တော်ဝင်အမေက နန်းတော်မှာ အဆင့်အတန်းမြင့်သွားပြီ။ သူ့ရာထူးက အဆင့်မြင့်ဆုံး တော်ဝင်မိဖုရားတွေထက်တစ်ဆင့်ပဲနိမ့်တယ်။ ဒါ့အပြင်

ငါ့ရဲ့လက်ရှိ အဆင့်အတန်းကလည်း အများကြီး မြင့်တက်လာတယ်လေ။ လောလောဆယ်တော့ငါခံယူထားတဲ့ ဘွဲ့နဲ့ အဆင့်အတန်းက ဘယ်တော်ဝင် မင်းသား၊ မင်းသမီးထက်မဆို မနိမ့်ကျတော့ဘူး။ အတိုချုပ်ပြောရရင် မောင်ငယ်လေး၊ ဒါတွေအားလုံးက မင်းကြောင့်ပါ။ ဒါဆို ဒီမမက မင်းကို ဘယ်လိုပြန်ဆပ်သင့်တယ်လို့ ထင်လဲ။ မမရဲ့ခန္ဓာကိုယ်ကို မင်းအတွက် ဖွင့်ဟပေးရမလား?"

"ဟုတ်တယ်၊ မင်းရဲ့ခန္ဓာကိုယ်ကို ငါ့ဆီပေးမယ်လို့ ကတိပေးလား? ငါလည်း ဒါကိုပဲ စဉ်းစားလို့ရတယ်။"

ချင်ရှီယူက အံ့ဩသွားပြီး ရယ်မောလိုက်သည်။ သူမက ချစ်စဖွယ်အသံလွင်လွင်လေးနှင့် ရယ်မောနေရင်း ခန္ဓာကိုယ်ကိုအဆက်မပြတ်လှုပ်ရာလိုက်၏။

တစ်ချိန်တည်းပင် သူမ၏ ရင်ဘတ်ပေါ် ရှိ ကြီးမားသော တောင်ကုန်းငယ်နှစ်ခုက်အဆက်မပြတ်တုန်ခါလာပြီး၊ ထိုမြင်ကွင်းကြောင့် ယန်ယဲ့ပင် အနည်းငယ် တုန်လှုပ်သွားခဲ့သည်။

ထို့နောက် ယန်ယဲ့က သူ့လက်ဝါးကိုမလှန်ခင်စိတ်ခံစားချက်များကိုမျိုသိပ်လိုက်သည်။ သူက အဆင့်သတ်မှတ်ချက်ဘုရင်၏ ဆုလာဘ်များအနက် တစ်စိတ်တစ်ပိုင်းဖြစ်သည့် အဆင့်မြင့်နည်းစနစ်အဆောင်နှစ်ခုကိုထုတ်ယူလိုက်သည်။

“ရှီယူ! ဒီအဆင့်မြင့်နည်းစနစ်အဆောင်နှစ်ခုကို လေလံမတင်ပါနဲ့။ မင်းက ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ သိမ်းထားသင့်တယ်။"

ချင်ရှီယူက အရယ်ရပ်သွား၏။ သူမက ခေါင်းယမ်းကာ
အဆုံးတွင် သက်ပြင်းမချမီ ယန်ယွဲ့ကို ခဏလောက်
စိုက်ကြည့်နေသည်။ “မောင်ငယ်၊ မင်းမှာ ပြတ်သားပြီး
ရဲရင့်တဲ့

စရိုက်လက္ခဏာရှိပေမယ့် ကိုကိုယ်ကို သေစေလောက်တဲ့
ချို့ယွင်းချက်တစ်ခုရှိတယ်။ဒါဟာ ဘာလဲဆိုရင် မင်းက
တစ်စုံတစ်ယောက်ကို ယုံကြည်လိုက်တာနဲ့
လုံးဝမျက်စိစုံမှိတ်ပြီးအရာရာကိုပုံမအပ်သင့်ဘူး။
ဒီကမ္ဘာပေါ်မှာ ပြောင်းလဲဖို့ အလွယ်ဆုံးအရာက လူသားတွေရဲ့
နှလုံးသားပါ။ ဒါကြောင့် ဘယ်သူပဲဖြစ်ပါစေ
မင်းချစ်ရတဲ့သူတွေကိုတောင် နည်းနည်းလေး
ထိန်းထားနိုင်မယ်လို့ထင်သလား? နားလည်ရဲ့လား?”

ယန်ယွဲ့က ပြုံးပြီး "စိတ်မပူပါနဲ့၊ ဘယ်သူ့ကို အားကိုးရမလည်း
ငါသိပါတယ်။" ဟုတ်ပါတယ်၊

အမှန်တော့ဒီကမ္ဘာတွင်သူယုံကြည်သောလူများက
လက်တစ်ဖက်တည်းဖြင့်သာ
ရေတွက်နိုင်သည်။

ချင်ရှီယူက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး
ဒီအကြောင်းအရာကို ဆက်မပြောတော့ပေ။

သူမက "ရှေးဟောင်းစစ်မြေပြင်နဲ့
နတ်ဆိုးမျိုးနွယ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို
လာမယ့်ရက်အနည်းငယ်မှာ စုဆောင်းလိုက်မယ်။ ပြီးကျရင်
မမက မင်းကို ဆက်သွယ်လိုက်မယ်။ ဒါ့အပြင်၊ မမကို
ကိုယ်တိုင်ဆက်သွယ်ဖို့ မကြိုးစားပါနဲ့ဦး၊တစ်ခုရှိတာက
အင်မော်တယ်ပန်းပေါင်းစုံအဆောက်အဦးကိုသွားဖို့မကြိုးစား
နဲ့တော့။ နောက်ဆုံး မရေမတွက်နိုင်တဲ့ အင်အားစုတွေက
မင်းကို ပစ်မှတ်ထားနေတယ်လေ။ မင်းကြောင့်

ကြီးမားတဲ့ပေးဆပ်မှုတွေနဲ့ ငါတို့တည်ဆောက်ထားတဲ့ အရာတွေကို ထုတ်ဖော်မပြချင်ဘူး!"

ယန်ယဲ့က နားလည်သည်ဟူသောသဘောဖြင့် ခေါင်းညိတ်လိုက်သည်။

အချိန်ခဏအကြာတွင် ချင်ရှီယူက သူစုဆောင်းထားခဲ့သောရတနာများကိုလက်ခံယူပြီး ထွက်ခွာသွားခဲ့သည်။

ယန်ယဲ့၏အမြင်တွင် တိုက်ခိုက်ရေးနည်းစနစ်များနှင့် အခြားရတနာလက်နက်များကသူ့အတွက် အသုံးမဝင်ပေ။

ယန်ယဲ့သည် ခေါင်းယမ်းလိုက်ပြီး ဝန်ကြီးချုပ်လီစီပေးခဲ့သော လက်စွပ်ငယ်လေးကို ဖွင့်လိုက်ကာ အတွင်းရှိ ရတနာများကို တစ်ချက်ကြည့်လိုက်သည်။

သူ၏မျက်လုံးများက
လက်စွပ်ထဲရှိဓားတစ်လက်ကိုမြင်သောအခါချက်ချင်းပင်ဝမ်းသာသွားသည်။
၎င်းသည်မြေကမ္ဘာအဆင့်မြင့်ရတနာလက်နက်တစ်ခုဖြစ်နေသောကြောင့်ပါ။

နောက်တစ်ခုမှာ "ကြယ်ကြွေလက်ဝါး"

ဟူသော  မြေကမ္ဘာအဆင့်နည်းစနစ်တစ်ခုဖြစ်သည်။

ဒီနည်းစနစ်ကိုကျွမ်းကျင်သွားပါက ကောင်းကင်ဘုံရှိ ကြယ်တာယာများကို မြေပြင်ပေါ်သို့ ကြွေကျစေနိုင်သောစွမ်းအားကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့သော် ၎င်းသည်
"အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"ထက်
နိမ့်ကျသော်လည်း၊ လေ့ကျင့်ရန်လွယ်ကူသောကြောင့်
ယန်ယဲ့ကအတော်လေးစိတ်ကျေနပ်နေမိသည်။

"အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"တွင် အဆင့် ၃
ဆင့်ပါရှိသည်။

သူ၏ရုပ်ခန္ဓာခွန်အားမှု နှင့် အကြီးအကဲမူ၏
လမ်းညွှန်သင်ပြမှုဖြင့်ပင် အဆင့် ၁
အထိသာလေ့ကျင့်နိုင်ခဲ့သည်။

မည်သို့ပင်ဆိုစေ
"အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"က
လေ့ကျင့်ရန်အလွန်ခက်ခဲသောကြောင့် ယန်ယဲ့ပင်
အကူအညီမဲ့ခဲ့ရသည်။

အမှောင်ရတနာလက်နက်နှင့်တိုက်ခိုက်ရေးနည်းစနစ်အပြင်၊
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ ပါရှိသည်။

သာမာန်စွမ်းအင်ကျောက်တုံးများသာဆိုလျှင် ယန်ယဲ့က
အရေးတယူလုပ်နေမည်မဟုတ်ပေ။

သို့သော် ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများက
သူ့အတွက်အလွန်အရေးပါသောကြောင့်
အတော်လေးကျေနပ်နေမိသည်။

စွမ်းအင်ကျောက်တုံးများ၏လေလံတင်တန်ကြေးအရ
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတစ်ခုက
အလယ်အလတ်အဆင့်စွမ်းအင်ကျောက်တုံး ၁,၀၀၀ နှင့်
ညီမျှသည်။

အဆင့်နိမ့်စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀
ကထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ ဖြစ်သည်။

ထို့ကြောင့် ဤအဆင့်မြင့်စွမ်းအင်ကျောက်တုံး ၁၀၀ ကို
သူ၏ကြွယ်ဝမှုနှင့်ပေါင်းစပ်လိုက်သောအခါ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးသည်ပင်
သူ့လောက်မကြွယ်ဝနိုင်တော့ပေ။

အတိုချုပ်ပြောရလျှင် ယန်ယဲ့သည်
အဆင့်သတ်မှတ်ချက်ပြိုင်ပွဲ၏ ဆုလာဘ်များကို
အတော်လေးကျေနပ်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဒီဆုလာဘ်များက
သူ၏ခွန်အားကို များစွာတိုးတက်စေနိုင်သောကြောင့်ပင်။
ယခုအချိန်တွင် သူလိုအပ်နေသောအရာမှာ သူ၏ ခွန်အားကို
အဆက်မပြတ်တိုးတက်စေရန် ဖြစ်သည်။

ဒီအချိန်မှာပဲ ယန်ယွဲ့က ရုတ်တရက်
နောက်လှည့်ကြည့်လိုက်ပြီး သူ့နောက်ကို
လှမ်းမျှော်ကြည့်လိုက်ပါသည်။

စုချင်းရှီက ထိုနေရာတွင် ရုတ်တရက် ပေါ်လာသည်။ သူ့ရှေ့မှ
ဒီမိန်းမပျိုဟာ ပန်းနန်းတော်သခင်ကို ဆန့်ကျင်ရန်
တုံ့ဆိုင်းမနေကြောင်းတွေးမိသည့်အခါ ယန်ယွဲ့၏ နှလုံးသားက
နွေးထွေးလာသည်။ “မင်းက ငါ့ကို ဆေဘာဓားဂိုဏ်းဆီ
ပြန်လာဖို့ ခေါ် ဦးမှာလား?”

စုချင်းရှီက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။ "ဆေဘာဓားဂိုဏ်းက
မင်းကိုလုပ်ခဲ့တဲ့အတွက် ငါအရမ်းဝမ်းနည်းမိတယ်!"

"အဲဒါ မင်းနဲ့မဆိုင်ဘူး!" ယန်ယွဲ့က ပြုံးပြီး "မင်းက မင်းပဲ၊
ဆေဘာဓားဂိုဏ်းက ဆေဘာဓားဂိုဏ်းပဲ။ ဆေဘာဓားဂိုဏ်းက

ငါ့ကို သစ္စာဖောက်ခဲ့ပေမဲ့
မင်းကဒီလိုမလုပ်ခဲ့ဘူး။ မင်းအပေါ်ထားတဲ့
ငါ့ခံစားချက်တွေက ဘယ်တော့မှ မပြောင်းလဲဘူး။ အခုချိန်မှာ
အများကြီးပြောင်းလဲဖို့ ခွန်အားမရှိပေမယ့် တစ်နေ့
ဒီလိုဖြစ်လာလိမ့်မယ်လို့ ငါအာမခံပါတယ်။ အဲဒီအချိန်မှာ
မင်းကိုခေါ်ဖို့ ဆေဘာဓားဂိုဏ်းဆီ ပြန်လာမယ်။
အဲ့အချိန်ကလည်း အခုအချိန်ကနေစလို့ သိပ်ကြာ
တော့မှာမဟုတ်ဘူးလို့ ငါ အာမခံတယ်။"

စုချင်းရှီက ခဏလောက် စိုက်ကြည့်ပြီး "ဆေဘာဓားဂိုဏ်းမှာ
မင်းကို စောင့်နေမယ်!"

သူမစကားပြီးသည်နှင့် စုချင်းရှီ၏ပုံရိပ်က
တောက်ပလာပြီးအစိမ်းရောင်အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲကာ မိုးကုပ်စက်ဝိုင်းတွင်
ပျောက်ကွယ်သွားလေတော့သည်။

ဝှစ်။

လေတိုးသံနှင့်တူ မကြာသေးခင်က စုချင်းရှိရပ်နေသောနေရာတွင် တာအိုသခင်ဇွိက ရုတ်တရက်ထွက်ပေါ်လာခဲ့သည်။

ယန်ယဲ့ကို စူးစိုက်ကြည့်ရင်း တာအိုသခင်ဇွိ၏ မျက်လုံးများတွင် နောင်တအရိပ်အယောင်များ ဖျတ်ခနဲ လင်းလက်လာပြီး “ကလေး၊ အခု ဘာမှပြန်မပြောနိုင်လို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်မယ်။ ငါ မင်းကို လိုက်ရှာနေတာ မင်းက အဇူရာနတ်ဆိုးဓားကိုဆေဘာဓားဂိုဏ်းဆီ ပြန်ပေးမယ်လို့ ငါမျှော်လင့်ထားလို့ပဲ။"

ယန်ယဲ့က သူ့ကိုယ်သူ လှောင်ပြောင်ရယ်မောပြီး "အကြီးအကဲ၊ ငါယန်ယဲ့က မင်းရှေ့မှာ ငြင်းဆန်နိုင်တဲ့

အရည်အချင်းတွေတောင် ရှိလို့လား။" သူက ပြောပြီးသည်နှင့် အဇူရာနတ်ဆိုးဓားကို ထုတ်ယူလိုက်သည်။

ဤအခိုက်အတန့်တွင် ဓားကအဆက်မပြတ်တုန်ခါလာပြီး ဓားဝိညာဉ်အဖြစ်ပြောင်းလဲသွားလေသည်။

ကလေးမလေးက တာအိုသခင်ဇွီကို တစ်ချက်ကြည့်လိုက်ပြီး "လူအိုကြီး၊ ငါ သူနဲ့ လိုက်ချင်တယ်။" သူမလေး၏လေသံက ငြင်းဆန်မရသောအရိပ်အယောင်များပါဝင်နေသည်။

တာအိုသခင်ဇွီက ခေါင်းခါပြီး "မင်း သူနဲ့အတူ လိုက်သွားရင် ဒုက္ခပဲဖြစ်လိမ့်မယ်။ တာအိုရတနာလက်ကိုပိုင်ဆိုင်ထားတဲ့ ကောင်းကင်လှံ့အဆင့်ကျွမ်းကျင်သူ။ အဲ့ဒီအချိန်မှာ သူ့နောက်ကိုအရင်ဆုံးလိုက်မဲ့သူတွေက ပန်းနန်းတော် နဲ့ မူလကျောင်းတော်ဖြစ်လိမ့်မယ်။

သူ့ရဲ့လက်ရှိ ခွန်အားနဲ့ မင်းကို လုံးလုံးလျားလျား မထိန်းချုပ်နိုင်သေးဘူး။ ဒါ့အပြင် သူက မင်းကို ပြင်းပြင်းထန်ထန် အသုံးချလိုက်တိုင်း သူ့ရဲ့မူလဒန်တျန်နဲ့သွေးကြောတွေကို ထိခိုက်စေလိမ့်မယ်။နောက်ထပ်အကြိမ်အနည်းငယ်လောက်သာထပ်သုံးလိုက်ရင် သူက လုံးဝသုံးစားမရတဲ့လူတစ်ယောက်ဖြစ်သွားလိမ့်မယ်။”

"လူအိုကြီး၊ အဲဒါတွေအားလုံးက ဆင်ခြေတွေပဲ!" ကလေးမလေးက တာအိုသခင်ဇွိကို ရန်လိုသောအကြည့်ဖြင့် စိုက်ကြည့်ကာ "ငါက ဓားဝိညာဉ်ဖြစ်လို့ မင်းငါ့ကို လှည့်စားနိုင်မယ်လို့ မထင်နဲ့။ အားလုံးရဲ့နောက်ကွယ်မှာတော့ ဆေဘာဓားဂိုဏ်းရဲ့ တာအိုရတနာလက်နက်ကို အပြင်လူလက်ထဲ မကျရောက်စေချင်ဘူး မဟုတ်လား။

တာအိုသခင်ဇီ္ဇက ခေါင်းယမ်းပြီး စကားမပြောတော့ပေ၊ သူ၏ ညာလက်ကို ဝှေ့ယမ်းပြီး ချိစွမ်းအင်အနည်းငယ်ကိုထုတ်ဖော်လိုက်ကာ အဇူရာနတ်ဆိုးဓားက သိုလှောင်လက်စွပ်ထဲသို့ အတင်းအကြပ်ထည့်သွင်းခံလိုက်ရသည်။

ထို့နောက်တွင် သူက ယန်ယဲ့ကို စိုက်ကြည့်ကာ တစ်ခုခု ပြောချင်နေပုံရသော်လည်း အဆုံးတွင် စကားမပြောပေ။

ဝှစ်။

တာအိုသခင်ဇီ္ဇ၏ပုံရိပ်ကအလင်းရောင်များတဖျပ်ဖျပ်ခတ်လာပြီးနေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် တာအိုသခင်ဇီ္ဇထွက်ခွာသွားသည်ကိုမြင်သောအခါ အသက်ပြင်းပြင်းရှူလိုက်ပြီး သူ့မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်တစ်ခု လင်းလက်လာသည်။

သူသည် စုချင်းရှီ နှင့် သူ၏အမေဖြစ်သူအတွက်
အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွင်ပါဝင်ခဲ့သော်လည်း၊အကျိုးအ
မြတ်အားလုံးကို ရရှိခဲ့သူမှာ
ဆေဘာဓားဂိုဏ်းဖြစ်သည်။ သို့သော်၊

ဆေဘာဓားဂိုဏ်းက အကျိုးအမြတ်ကို ရရှိသည်နှင့်
တစ်ပြိုင်နက် သူ့အား ပန်းနန်းတော်မှ ကာကွယ်ရန်
ငြင်းဆိုရုံမျှမက အဇူရာနတ်ဆိုးဓားကိုပင် ပြန်ယူသွားခဲ့သည်။

အလွန်အမင်းဒေါသထွက်ပြီး မကျေနပ်လျှင်ပင်
သူဘာမှမလုပ်နိုင်သေးပေ။
အဆုံးသတ်တွင် သူ၏ ခွန်အားက များစွာနိမ့်ကျနေခဲ့သည်။

ဆေဘာဓားဂိုဏ်း၊ ပန်းနန်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်း၊
မူလကျောင်းတော်...။ ယန်ယဲ့ကအေးစက်စွာ
ရယ်မောလိုက်သည်။

အဘယ်ကြောင့်ဆိုသော်
သူဖိနှိပ်ခံရသောအရာအားလုံးအတွက်
ထိုအင်အားစုအားလုံးကိုပြန်ဆပ်ရန်ဆုံးဖြတ်ထားခြင်းကြောင့်
ပါ။

အင်ပါယာနန်းတော်အပြင်ဖက်ရင်ပြင်ကျယ်မှ
ထွက်ခွာပြီးနောက် ယန်ယွဲ့သည်
အဆောင်သခင်အစည်းအရုံးထံ ဦးတည်သွားခဲ့သည်။

သူသည် အဆောင်သခင်အစည်းအရုံး
နှင့်သူ၏ဆရာလင်းရှန်အပေါ်ဘယ်တုန်းကမှဒေါသမထွက်ခဲ့
ပေ။

အစကတည်းက သူ၏ဆရာ လင်းရှန်ကြောင့်သာမဟုတ်လျှင်
သူသည် ပန်းနန်းတော်၏ လက်ချက်ဖြင့်
သေဆုံးသွားသည်မှာအချိန်တော်တော်ကြာပြီ ဖြစ်သည်။

အထူးသဖြင့် သူ၏ညီမလေး ယောင်အာ! သူ့တွင် လင်းရှန်သာရှိမနေပါက ယောင်အာသည် ယခုလိုကောင်းမွန်သော ပတ်ဝန်းကျင်တွင် ကြီးပြင်းနိုင်မည်မဟုတ်ပေ။

အမှောင်မှော်သားရဲအင်ပါယာ၏ ဖိအားကြောင့် အဆောင်သခင်အစည်းအရုံးကသူ့ကို စွန့်လွှတ်ခဲ့သော်လည်း ဘယ်တော့မှ သူ့ကို သစ္စာမဖောက်ခဲ့ချေ။

ဆန့်ကျင်ဖက်အားဖြင့် သူသည် အဆောင်သခင်အစည်းအရုံးထံမှ အကျိုးအမြတ်များစွာရရှိခဲ့သော်လည်း၊ အစည်းအရုံး (သို့) သူ၏ဆရာအတွက် မည်သည့်အရာကိုမျှ မလုပ်ခဲ့ဖူးပေ။

သူသည် တစ်ကိုယ်ကောင်းဆန်သူမဟုတ်သောကြောင့် လင်းရှန်ကို သူ၏ဆရာအဖြစ် သတ်မှတ်ထားဆဲပင်။

အခန်းထဲတွင် အဘိုးအိုလင်းရှန်သည် ယန်ယဲ့ကိုစိုက်ကြည့်ကာ “ကလေး! ဆရာ့ကို စိတ်မဆိုးဘူးလား” ဟုဆိုလိုက်သည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ သူက ယောင်အာလေး၏ ခေါင်းကိုပွတ်သပ်ရင်း "အစကတည်းက နည်းနည်းဒေါသထွက်မိတယ်။ ဒါပေမယ့် အခု မဟုတ်တော့ဘူး။ အစကတည်းက ဆရာနဲ့ အစည်းအရုံးက ဒီတပည့်အတွက် အများကြီး လုပ်ဆောင်ပေးခဲ့ပါတယ်။”

အဘိုးအိုလင်းရှန်က ယန်ယဲ့ကို ခဏလောက် စိုက်ကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်သည်။“အဆောင်သခင်အစည်းအရုံးက စုပေါင်းထားတဲ့အဖွဲ့အစည်းတစ်ခုပဲလေ။ လူတိုင်းကပုံမှန်အချိန်တွေဆိုရင် အရမ်းစည်းလုံးကြတယ်။ ဒါပေမဲ့ပြင်ပလူတွေက

အဖွဲ့အစည်းတစ်ခုလုံးရဲ့အကျိုးအမြတ်ကို

ထိခိုက်နစ်နာစေအောင်ရည်ရွယ်တဲ့ ကိစ္စတွေကိုသာ

ကန့်သတ်ထားတယ်။ ငါတို့အားလုံးက မင်းရဲ့

ပင်ကိုယ်စွမ်းရည်ကို တကယ်ကို လိုလားကြပါတယ်။

ဒါပေမဲ့ မင်းသိမှာပါ။ဆရာနဲ့ မင်းရဲ့သိုင်းပညာဦးလေး

ပိုင်ရှုန်းက အဖွဲ့အစည်းတစ်ခုလုံးကို ကိုယ်စားမပြုနိုင်ဘူး။

တယ်လို့

ငါတို့သာဆန့်ကျင်ပြီးလုပ်လိုက်ရင်အဖွဲ့အစည်းတစ်ခုလုံးက

အတွင်းရေးတိုက်ပွဲအဖြစ်ပြောင်းလဲသွားလိမ့်မယ်။

ဒါက မင်းရဲ့သိုင်းပညာဦးလေးပိုင်က မင်းကို

အသင်းကနေထွက်တာ မတားဆီးခဲ့တဲ့

အဓိကအကြောင်းရင်းပဲ။”

ယန်ယဲ့က ပြုံးပြီးပြောသည်။ “ဒီတပည့်က နားလည်ပါတယ်။ ဆရာ့ကို မေးချင်တာတစ်ခုရှိလို့ ဒီတစ်ခေါက် အသင်းအဖွဲ့ကို လာခဲ့တာပါ!”

အဘိုးအိုလင်းရှန်က ယောင်အာလေးကို စိုက်ကြည့်ကာ
"ယောင်အာလေးကိုပြောချင်တာမဟုတ်လား?"
ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

"စိတ်မပူပါနဲ့ ယောင်အာလေးက ငါ့အနားမှာ ရှိနေရင် ဘယ်သူမှ သူ့ကို
ဒုက္ခမပေးနိုင်ဘူး! ဒီအဘိုးကြီးကအာမခံပါတယ်။"

ယန်ယဲ့သည် သူ့ဆရာဖြစ်သူ၏စကားကိုကြားလိုက်တဲ့အခါ ရိုရိုသေသေဖြင့် ဦးညွတ်လိုက်ပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၆၉ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၆၉)] - ဆန်းကြယ်တိုက်ကြီး

ယောင်အာ၊
ပေါင်အာတို့နှင့်ရက်အနည်းငယ်အဖော်ပြုပေးပြီးနောက်တွင်
ယန်ယွဲ့က သူ၏ဆရာလင်းရှန်ကို

ဆေးဖက်ဝင်အပင်များစုဆောင်းရန်အကူအညီတောင်းလိုက်သည်။

သူ့ဆရာလင်းရှန်၏အကူအညီဖြင့် အချိန်တိုအတွင်းမှာပင် သူလိုအပ်သောဆေးအမယ်များအားလုံးကိုအဆင်ပြေပြေ စုဆောင်းနိုင်ခဲ့သည်။

ဆေးအမယ်များစွာကိုစုဆောင်းပြီးနောက် ယန်ယွဲ့သည် လင်းရှန်အား နှုတ်ဆက်ကာ မရဏာသေမင်းချောက်နက်သို့ဦးတည်သွားခဲ့သည်။

သူသည် ယွမ်ထုံ နှင့် တိုက်ပွဲတွင် အနိုင်ရခဲ့သော်လည်း ရုပ်ခန္ဓာခွန်အားနိမ့်ကျနေသည်ကို သဘောပေါက်ထားခဲ့သည်။

အကယ်၍ သူသည် "ဆန်းကြယ်ရွှေချီကန်"နှင့်"တာအိုရတနာလက်နက်"ကိုအသုံး

မပြုနိုင်ပါကတိုက်ပွဲ၏ ရလာဒ်မှာ
အလွန်ခန့်မှန်းရခက်သွားပေမည်။

ထို့ပြင် မဟာချင်အင်ပါယာအရှင်၏ အဆိုအရ၊
ရှေးဟောင်းစစ်မြေပြင်တွင် သူရင်ဆိုင်ရမည့်
နတ်ဆိုးမျိုးနွယ်၏လူငယ်မျိုးဆက်များက ယွမ်ထုံထက် များစွာ
ထက်မြက်သော ထူးချွန်သူများဖြစ်သည်။
ထို့ကြောင့် သူ၏ ခွန်အားကို အမြန်ဆုံး မြှင့်တင်ရန်လိုအပ်ပြီး၊
ရုပ်ခန္ဓာခွန်အားသန်မာလာစေရန်ပင်။

အတိုချုပ်ပြောရမည်ဆိုပါက
သူ့တွင်မလုံလောက်သောအရာများများစွာရှိနေပေသည်။
သူက အကြီးအကဲမူနှင့်တွေ့ဆုံပြီးလေ့ကျင့်ရန်အတွက်
မရဏသေမင်းချောက်နက်ထဲသို့ ထပ်မံသွားရောက်ခဲ့သည်။

ဤလျှို့ဝှက်ဆန်းကြယ်သောအဘိုးအိုသည် အနာဂတ်တွင် ဘာလုပ်ချင်သည်ကို သူမသိသော်လည်း၊ အကြီးအကဲမူက ယခုအချိန်တွင် သူ့ကိုကူညီနိုင်သူ တစ်ဦးတည်းသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ့တွင် အခြားရွေးချယ်စရာ မရှိချေ။

အကြီးအကဲမူက
လမ်းလျှောက်တုတ်ကိုကိုင်ထားရင်းယန်ယဲ့ကိုစိုက်ကြည့်ကာ ပြုံးပြလိုက်သည်။ "မင်းက အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ ပထမနေရာကိုရယူနိုင်ခဲ့ပြီပေါ့။"

"ဒီဂျူနီယာက ကံကောင်းသွားလို့ပါ!"
ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး သူနှင့်ယွမ်ထုံကြားက တိုက်ပွဲအကြောင်းကို ပြန်ရှင်းပြလိုက်၏။

ခဏအကြာတွင် အကြီးအကဲမှုက ပေါ့ပေါ့ပါးပါး

ခေါင်းညိတ်ပြပြီး “ကလေး! မင်းက တကယ်

ကံကောင်းသွားတာ။ ယွမ်ထုံကအကြိုသိုင်းနတ်ဘုရားဖြစ်တ

ယ်လို့သတ်မှတ်ထားပေမဲ့ "သန့်စင်သောနှလုံးသား

(ခိုင်မာသောနှလုံးသား)"ကို

နားလည်မထားနိုင်ခဲ့ဘူးခဲ့။ တကယ်လို့ သူသာ

နားလည်ထားခဲ့ရင် မင်းက

တာအိုရတနာလက်နက်ကိုအသုံးပြုရင်တောင်

အနိုင်ယူနိုင်မှာမဟုတ်ဘူး။ ဟားဟား…။ သိုင်းနတ်ဘုရား!

သိုင်းနတ်ဘုရားဖြစ်လာနိုင်တဲ့ဒီလိုတည်ရှိမှုက

တောင်ပိုင်းနယ်မြေမှာ

နောက်ဆုံးတော့ထွက်ပေါ်လာခဲ့တယ်။ဒါပေမယ့် သူက

မင်းလက်ထဲမှာ ဖျက်ဆီးခံခဲ့ရတယ်!”

ယန်ယဲ့က ခေါင်းကိုအသာယမ်းပြီး ဘာမှပြန်မပြောပေ။ သိုင်းနတ်ဘုရား (သို့) ဓားအင်ပါယာ ဖြစ်ပါစေ သူက လုံးဝ စိတ်မဝင်စားပါ။ အစကတည်းက သူ့တွင် တစ်ခုတည်းသော ရည်မှန်းချက်သာရှိသည်။ သူသည်သူ၏အမေဖြစ်သူကို ပန်းနန်းတော်ကနေ ကယ်ထုတ်ရန်သာ။

ထိုစဉ် အကြီးအကဲမူက ယန်ယဲ့ကို ရုတ်တရက် မေးလိုက်သည်။ "ငါထင်တာမမှားရင် မင်းက နောက်ထပ် ရှေးဟောင်းစစ်မြေပြင်ကို သွားရောက်မှာ ဖြစ်နိုင်တယ်။"

ယန်ယဲ့က အံ့အားသင့်သွားပြီး “အကြီးအကဲမူ၊ ဘယ်လိုသိတာလဲ။”

အကြီးအကဲမူက ပေါ့ပေါ့ပါးပါး ပြုံးလိုက်ရင်း မျက်နှာထက်တွင် လေးနက်သောအမူအရာကို ထုတ်ဖော်လိုက်သည်။ “ရှေးဟောင်းစစ်မြေပြင်ကို

ပါရမီရှင်တွေရဲ့သင်္ချိုင်းလို့ ပြောကြတယ်။
ပါရမီရှင်ဘယ်လောက်ပဲများများ
ရှေးဟောင်းစစ်မြေပြင်ကိုသွားတာနဲ့ သေလမ်းပဲ
ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့
ရှေးဟောင်းစစ်မြေပြင်မှာ ပါရမီရှင်တွေတစ်ယောက်မှ
ရှိမနေခဲ့ဘူးဆိုတာပဲ။

အဲဒီ့နေရာမှာ ပိုလို့တောင် ကြောက်စရာကောင်းတဲ့
ပါရမီရှင်တစ်ယောက်မှ အမြဲရှိနေလို့ ဘယ်လိုပါရမီရှင်
တစ်ယောက်မှ မရှိပါဘူး။ ဟုတ်တယ်၊ မင်းက
ဉာဏ်အလင်းရဓားနှလုံးသားနဲ့ ဓားစိတ်ဆန္ဒရဲ့ကနဦးအဆင့်ကို
ရောက်ခဲ့ရင်တောင်မှ မင်းကို ပျမ်းမျှအဖြစ်ပဲ
သတ်မှတ်လို့ရတယ်။”

"နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်မျိုးဆက်တွေက

တကယ်ကို ကြောက်စရာကောင်းတာလား?" ယန်ယဲ့က အသံတိုးတိုးဖြင့် မေးလိုက်သည်။

အကြီးအကဲမူက ခေါင်းယမ်းလိုက်ပြီး ခေါင်းမော့ကာ ကောင်းကင်ကို မျှော်ကြည့်လိုက်သည်။ “မင်းက ရှေးဟောင်းစစ်မြေပြင်အကြောင်းကို ကောင်းကောင်း နားမလည်သေးတဲ့ပုံပဲ။ ရှေးဟောင်းစစ်မြေပြင်လို့ခေါ်ရတဲ့ အကြောင်းအရင်းက ဒီ နတ်ဆိုးမျိုးနွယ်

ကို လူသားတွေနဲ့

အမှောင်မှော်သားရဲမျိုးနွယ်ပူးပေါင်းပြီးတိုက်ခိုက်တဲ့စစ်ပွဲ ကြောင့် မဟုတ်ဘူး။"

အကြီးအကဲမူက ယန်ယဲ့ကို ရုတ်တရက်လှည့်ကြည့်လိုက်ပြီး "ကလေး! ဒီတိုက်ကြီးကဘယ်လောက်ကျယ်တယ်ဆိုတာ သိသလား?"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး ခေါင်းယမ်းလိုက်သည်။ ဟာသပဲ? တိုက်ကြီးဘယ်လောက်ကျ ယ်တယ်ဆိုတာ သူဘယ်လိုသိနိုင်မှာလဲ။ ယခုထိ သူရောက်ဖူးသော အဝေးဆုံးနေရာက မဟာတောင်တန်းများသာဖြစ်သည်။

အကြီးအကဲမူက ဖြည်းညှင်းစွာပြောလိုက်သည်။ “ရှေးခေတ်တုန်းက ဒီတိုက်ကြီးကို "ဆန်းကြယ်တိုက်ကြီး"လို့ခေါ်တယ်။ တစ်နေ့မှာ နတ်ဘုရားရတနာတစ်ပါး ရုတ်တရက်ထွက်ပေါ်လာခဲ့တယ်။ ဒီရတနာကို အကန့်အသတ်မဲ့စွမ်းအင်ပင်လယ်လို့ခေါ်တယ်။ ဒီနတ်ဘုရားရတနာကို ရယူဖို့အတွက်နဲ့ ဆန်းကြယ်တိုက်ကြီးရဲ့အထွတ်အထိပ်ပညာရှင်နှစ်ဦးက အချင်းချင်း တိုက်ခိုက်ခဲ့ကြတယ်။ အဲ့ဒီအချိန်မှာ

သူတို့နှစ်ဦးစလုံးက တိုက်ကြီးရဲ့
အထွတ်အထိပ်ပညာရှင်တွေပဲ။
ဘာလို့လည်းဆိုရင် သူတို့နှစ်ယောက်တည်းက
ဘယ်သူမဆိုလက်ဝါးတစ်ချက်တည်းနဲ့
ကြယ်စင်စုတစ်လုံးကို ဖျက်ဆီးပစ်နိုင်တယ်။

နှစ်ပေါင်း ၁၀၀ တိတိကြာမြင့်တဲ့တိုက်ပွဲအပြီးမှာ
သူတို့ရဲ့တိုက်ပွဲက "ဆန်းကြယ်တိုက်ကြီး"ကို ဒေသတကြီး ၉
ခုအဖြစ်ကွဲထွက်သွားစေခဲ့တယ်။”

တိုက်ကြီးတစ်ခုလုံးကို ၉ ပိုင်းကွဲအောင်
ဖြိုချပစ်လိုက်တယ်။ ဒီလို ခွန်အားတွေ....!
ယန်ယွဲ့၏ စိတ်ထဲတင် ထိတ်လန့်တုန်လှုပ်သွားကာ
မေးလိုက်သည်။ "အကြီးအကဲမှူး ဆိုလိုချင်တာက

ငါတို့ရဲ့တောင်ပိုင်းနယ်မြေဟာ အဲဒီဒေသကြီး ၉ ခုထဲက တစ်ခုလား?"

အကြီးအကဲမူက ခေါင်းညိတ်လိုက်သည်။
“ကောင်းကင်မျှော်စင်တောင်တန်းရဲ့တစ်ဖက်စွန်းက မြောက်ဖက်မြေက ကမ္ဘာခြားနယ်မြေဖြစ်သလို အဲဒါကို နတ်ဆိုးနယ်မြေလို့လည်း ခေါ်တယ်!”

“အရင်က တိုက်ကြီးတစ်ခုတည်းဖြစ်ခဲ့တယ်ဆိုတော့ တခြားနယ်မြေတွေရဲ့ပညာရှင်တွေက တောင်ပိုင်းနယ်မြေကို ဘာလို့မလာရတာလဲ” ယန်ယွဲ့က မေးလိုက်၏။

အကြီးအကဲမူက သက်ပြင်းချလိုက်သည်။ “ဘာလို့လဲဆိုတော့ နယ်မြေတစ်ခုစီကို အထွတ်အထိပ်ပညာရှင်ရဲ့ စွမ်းအားနဲ့ချိတ်ပိတ်ထားလို့ပဲ။ ဥပမာအားဖြင့် ကောင်းကင်မျှော်စင်တောင်တန်းက

နတ်ဆိုးမျိုးနွယ်ကိုတားဆီးထားတဲ့ အကြောင်းရင်းက
သူတို့ကိုနယ်မြေချဲ့ထွင်မှာစိုးလို့မဟုတ်ဘူး။
ကောင်းကင်မျှော်စင်တောင်တန်းမှာ
ဒေသကြီးရဲ့အထွတ်အထိပ်ပညာရှင်ဖန်တီးထားတဲ့ချိတ်ပိတ်စ
ည်းတံဆိပ်ရှိနေလို့လေ။”

“ဒါဆို နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်တွေက ဘာကြောင့်
တောင်တန်းတွေပေါ်တက်ပြီး တောင်ပိုင်းနယ်မြေကို
ရောက်လာရတာလဲ” ယန်ယဲ့က ဆက်မေးလိုက်၏။

အကြီးအကဲမူက ရယ်မောပြီး “မျိုးဆက်တစ်လျှောက်
ထူးထူးခြားခြား စွမ်းရည်ရှိတဲ့ လူတွေ အမြဲတမ်း
ပေါ်ထွက်နေတာပဲ။ အရမ်းကြောက်စရာကောင်းပေမယ့်
အဲ့ဒီပညာရှင်ကနောက်ဆုံးမှာ
သေဆုံးသွားပြီ။ အခြားတစ်ဖက်မှာ နတ်ဆိုးမျိုးနွယ်က
ချီးမြှောက်ခြင်းနတ်ဆိုးရဲ့စွမ်းအားက

အဲ့ဒီလူထက်နိမ့်ကျတယ်ဆိုပေမယ့် ကွာဟချက်က ကြီးကြီးမားမားမရှိဘူး။

တစ်ချိန်တည်းမှာ ကောင်းကင်မျှော်စင်တောင်တန်းရဲ့ စည်းတံဆိပ်ကလည်း အားလျော့လာနေပြီ။

ဒါကြောင့်ပဲ နတ်ဆိုးမျိုးနွယ်ရဲ့မရေမတွက်နိုင်တဲ့ လူငယ်တွေက နတ်ဆိုးနယ်မြေကနေတောင်ပိုင်းနယ်မြေကို ဝင်ရောက်လာနိုင်တာပဲ!”

“အကြီးအကဲမူ! ဘာကိုဆိုလိုလဲဆိုတော့ အဲဒါက နတ်ဆိုးနယ်မြေ မဟုတ်ဘဲနဲ့ ထိပ်သီးပညာရှင်တွေ ချိတ်ပိတ်ထားတဲ့ ကျန် ဒေသအသီးသီးက စည်းတံဆိပ်တွေလည်းအားနည်းလာပြီလို့ဆိုချင်တာလား?

ဒါဆိုရင် ရှေးဟောင်းစစ်မြေပြင်မှာထွက်ပေါ်လာမှာက နတ်ဆိုးမျိုးနွယ်တင်မဟုတ်ဘဲ တခြား ဒေသကြီး ၇ ခုက

ပါရမီရှင်တွေပါရောက်လာနိုင်တယ်ပေါ့။"
ယန်ယဲ့ကအံ့သြနေသောလေသံဖြင့်ပြောလိုက်၏။

အကြီးအကဲမူ၏ မျက်လုံးထဲတွင် ချီးမွမ်းသံ တဖျပ်ဖျပ်တောက်ပလာပြီး၊ ပေါ့ပေါ့ပါးပါး ခေါင်းညိတ်လိုက်သည်။

အင်ပါယာအရှင်ကိုယ်တိုင်လည်းအခြားဒေသကြီး ၇ ခုမှပါရမီရှင်များရှေးဟောင်းစစ်မြေပြင်တွင်ရောက်ရှိလာမည်ကိုမသိသောကြောင့် ယန်ယဲ့၏နှလုံးသားက အတွေးများဖြင့်နစ်မြုပ်သွားခဲ့သည်။

"မရည်ရွယ်ဘဲလား? ဒါမှမဟုတ် အင်ပါယာအရှင်က တမင်လုပ်ခဲ့တာလား?

ရည်ရွယ်ချက်ရှိတယ်ဆိုရင်
အင်ပါယာအရှင်ရဲ့ရည်ရွယ်ချက်က ဘာဖြစ်မလဲ?"

အကြီးအကဲမူက ရုတ်တရက်ပြောလာသည်။“ကလေး၊ တကယ်တော့ မင်းရှေးဟောင်းစစ်မြေပြင်ကို သွားမှာကို ငါသဘောမတူဘူး။ မင်းက အခုမှ ကောင်းကင်လှော်အဆင့်မှာပဲရှိသေးလို့ အတော်လေးကိုနိမ့်ကျနေသေးတယ်။ ရှေးဟောင်းစစ်မြေပြင်မှာတိုက်ပွဲဝင်ဖို့က အဆင့်ကျော်တိုက်ခိုက်မယ်ဆိုတာ သဘာဝမကျဘူး။

နောက်ဆုံးတော့ ရှေးဟောင်းစစ်မြေပြင်မှာထွက်ပေါ်လာမဲ့ပါရမီရှင်တွေအားလုံးကထိပ်သီးအဆင့်တွေပဲဆိုတာ မင်းလည်းသိမယ်ထင်ပါတယ်။ မင်းကိုအရင်က ငါပြောခဲ့သလိုပဲ၊ မင်းရဲ့စွမ်းအားကအတော်လေးနိမ့်ကျလွန်းတယ်!"

ထို့နောက် အကြီးအကဲမူက ခေါင်းစဉ်ကို ရုတ်တရက်ပြောင်းလိုက်ပြီး “ဒါပေမယ့်လည်း

ဒီလိုလုပ်တာက

မင်းရဲ့ခွန်အားကိုသန်မာလာဖို့အခွင့်အရေးတစ်ခုဖြစ်နိုင်တယ်။

ကျန်ဒေသကြီး ၈ ခုက ပါရမီရှင်တွေကို တိုက်ခိုက်တာက မင်းအတွက် အကျိုးရှိမှာသေချာတယ်။ ဒါ့အပြင် မင်းရဲ့ရုပ်ခန္ဓာခွန်အားကိုနတ်ဆိုးမျိုးနွယ်ထက်ပိုပြီးအားကောင်းစေတဲ့ ရတနာတစ်ခုလည်း ရှိနေတယ်။”

"ဘာရတနာလဲ?" ယန်ယွဲ့က အနည်းငယ်စိတ်လှုပ်ရှားသွားကာ မေးလိုက်သည်။။

အကြီးအကဲမူက ပြုံးလိုက်ပြီး သူ့ညာဖက်လက်ကို ဝှေ့ယမ်းလိုက်သည်။ သူ့လက်ဝါးပေါ်၌ မီးတောက်တစ်ခု ချက်ချင်းပေါ်လာပြီး “ဒီလောကမှာ အဖိုးတန်ရတနာအချို့ ရှိတယ်၊ ဒီရတနာတွေက

မရေမတွက်နိုင်တဲ့နှစ်တွေ၊ရာစုနှစ်တွေအများကြီးကြာတဲ့အ
ထိနစ်မြုပ်ထားခံရတယ်။အဲ့ဒီနောက်မှာသူတို့က
ကိုယ်ပိုင် 'စိတ်ဝိညာဉ်'တွေကို ပိုင်ဆိုင်လာကြတယ်။
ဒီ "ငရဲတစ္ဆေမီးတောက်"လိုမျိုးပေါ့။
ဒါက မီးတောက်အမျှင်တန်းသေးသေးလို့ထင်ရပေမယ့်
ကိုယ်ပိုင်အသိစိတ်ဝိညာဉ်ရှိတယ်။”

သူစကားပြောပြီးသောအခါတွင် အကြီးအကဲမူက
သူ့လက်ချောင်းများကို ပွတ်ဆွဲလိုက်ရာ
အဖြူရောင်ငရဲတစ္ဆေမီးတောက်က ယန်ယဲ့၏
မမြင်နိုင်သောဓား ဓားပေါ်သို့ ရုတ်တရက်
တွယ်ကပ်သွားသည်။

ငရဲတစ္ဆေမီးတောက်က မမြင်နိုင်သောဓားကို
လုံးဝဖုံးအုပ်ထားကြောင်း မြင်သောအခါ ယန်ယဲ့က အလွန်
အံ့အားသင့်သွားသည်။

အကြီးအကဲမူက
သူ့ကိုသက်သေပြရန်ကြိုးစားနေသည်ကိုသိသောကြောင့်
ယန်ယဲ့က အကြီးအကဲမူကို ကြည့်ကာ
ခေါင်းညိတ်လိုက်သည်။

အကြီးအကဲမူက ပြုံးပြီး "ကလေး! အခု
မင်းရဲ့ဓားကို ဝှေ့ယမ်းလိုက်!"

ထိုစကားကိုကြားသောအခါ ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ၊
မမြင်နိုင်သောဓားကိုဆွဲထုတ်ကာ

လျှပ်တစ်ပြက်ခုတ်ပိုင်းချလိုက်သည်။ တစ်ချိန်တည်းမှာပဲ မမြင်နိုင်သောဓားက

ဓားချီကြိုးတစ်ချောင်း ပေါက်ကွဲထွက်လာသည်။ သို့သော် ထူးဆန်းစွာပင် ငရဲတစ္ဆေမီးတောက်က ဓားချီနှင့်ပေါင်းစပ်နေသောကြောင့် ဓားချီကြိုး၏စွမ်းအားကအလွန်ထူးခြားနေသည်။

တစ်နည်းဆိုရသော် ယန်ယွဲ့ထုတ်ဖော်လိုက်သော ဓားချီကြိုးက မီးစွမ်းအင်ကိုသယ်ဆောင်လာခြင်းပင်။

ဤအရာသည် သူ့အတွက် အလွန်တုန်လှုပ်စရာကောင်းသည်။

ဘန်း!

၃၀ မီတာအကွာအဝေးရှိ ရောမသစ်ပင်ကြီးတစ်ပင်က ငရဲတစ္ဆေမီးတောက်ဓားချီကြိုးမျှင်ဖြင့် ရိုက်ခတ်ခံရပြီး ချက်ချင်းပင် ကွဲထွက်သွားခဲ့သည်။

သို့သော်လည်း တစ်ချိန်တည်းမြင်လိုက်ရသောမြင်ကွင်းက ယန်ယဲ့ကိုထိတ်လန့်သွားစေခဲ့သည်။

ကွဲထွက်သွားသောရောမသစ်ပင်ကြီးက ထိုနေရာတွင် မရှိတော့သကဲ့သို့ ဗလာကျင်းသွားခြင်းကြောင့်ပင်။

"ငါ့ဓားချီက ဘယ်တုန်းက အရမ်းကြောက်စရာကောင်းသွားတာလဲ။ အဆင့် ၄ ဓားစိတ်ဆန္ဒဆိုရင်တောင် ဒီလောက်ကြောက်စရာကောင်းမယ်မထင်ဘူး။" ယန်ယဲ့က အလွန်အံ့အားသင့်သွားသည်၊ ထို့နောက် သူက အကြီးအကဲမူကို စိုက်ကြည့်ကာ "အဲဒါက ငရဲတစ္ဆေမီးတောက်ကြောင့်လား?"

အကြီးအကဲမှူက ခေါင်းညိတ်ပြီး ပြောခဲ့သည်၊
"ငရဲတစ္ဆေမီးတောက်က မင်းကို လက်မခံခဲ့ဘူး၊ ဒါကြောင့် စစ်မှန်တဲ့ စွမ်းအားကိုရဖို့ဆိုရင် ဒီလောက်နဲ့ဝေးသေးတယ်။ တကယ်လို့ မင်းရဲ့ပြိုင်ဖက်က အဆင့်နိမ့်အမှောင်ရတနာတစ်ခုကိုသုံးလာရင်တော့ မင်းရဲ့ဓားကိုတောင်မချဉ်းကပ်နိုင်ခင် ငရဲတစ္ဆေမီးတောက်က တစ်ဖက်ကရတနာလက်နက်ကိုဘာမှမကျန်အောင် လောင်ကျွမ်းသွားလိမ့်မယ်။"

ဂလု။

ယန်ယဲ့က တံတွေးတစ်လိပ်ကို မျိုချလိုက်သည်။
"အကြီးအကဲမှူ! အကြီးအကဲက ငရဲတစ္ဆေမီးတောက်ကို ဒီဂျူနီယာဆီ ပေးချင်တယ်လို့ ဆိုလိုတာလား။"

အကြီးအကဲမှူက ခေါင်းညိတ်ပြသည်!

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး သူ့ရင်ထဲက စိတ်လှုပ်ရှားမှုများကို မြိုသိပ်လိုက်ကာ “ဘာလို့လဲ။” သူက အတော်လေး အံ့သြနေသောလေသံဖြင့် မေးလိုက်၏။

အကြီးအကဲမူက သက်ပြင်းမချမီ ယန်ယဲ့ကို မော့ကြည့်လိုက်သည်။ “ကလေး၊ မင်းရဲ့လက်ရှိအင်အားက အရမ်းအားနည်းနေတယ်၊ ငါ့မှာ အချိန်သိပ်မကျန်တော့ဘူး။ ဒါကြောင့် မင်းရဲ့ခွန်အားကို မြန်နိုင်သမျှ မြှင့်တင်ရမယ်။ မဟုတ်ရင် ငါလုပ်ချင်တာကို မင်းက လုံး၀ ပြီးမြောက်အောင် မလုပ်နိုင်ဘူး!"

"အကြီးအကဲမူမှာ အချိန်သိပ်မရှိတော့ဘူးလား?" ယန်ယဲ့ က မျက်မှောင်ကြုတ်ပြီး “အကြီးအကဲမူ! ဘာကိုဆိုလိုချင်တာလဲ?"

အကြီးအကဲမူက ခေါင်းခါလိုက်သည်။ “ဒါတွေအကုန်လုံးကို နောင်အနာဂတ်ကျရင် အလိုလို သိလာလိမ့်မယ်။ အတိုချုပ်ပြောရရင် မင်းရဲ့ခွန်အားကို တတ်နိုင်သမျှ မြန်မြန် မြှင့်တင်ရမယ်။ မင်းရဲ့မိခင်အတွက်သာမက မင်းအတွက်ကြောင့်ပါ တောင်ပိုင်းနယ်မြေတစ်ခုလုံးက ဖရိုဖရဲပြိုလဲသွားတော့မယ်။ ဘာကိုဆိုလိုတာလဲဆိုတာ မမေးနဲ့။ အချိန်တန်ရင် မင်းသဘောပေါက်မှာပါ။”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၀ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၀)] - သေခြင်းတရားလား

ယန်ယွဲ့က ဒီစကားကိုကြားသောအခါတွင် အနည်းငယ်ရှုပ်ထွေးသွားပြီး ခေါင်းယမ်းလိုက်သည်။

“အကြီးအကဲမူ၊ ရှေးဟောင်းစစ်မြေပြင်မှာ ဒီဂျူနီယာလိုအပ်တဲ့ ရတနာတစ်ခုရှိတယ်လို့ ပြောတာ။ အဲဒါဘာလဲ? ဘယ်လိုရှာရမှာလဲ"

ငရဲတစ္ဆေမီးတောက်၏ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားကို သူတွေ့မြင်ပြီးနောက် ယန်ယွဲ့က အကြီးအကဲမူပြောခဲ့သည့် ထိုရတနာကို ပို၍ပင် စူးစမ်းလိုလာသည်။

"စိတ်ရှည်ရှည်ထား...ကောင်လေး!"

အကြီးအကဲမူက ပြုံးလိုက်ပြီး ရေကန်အနီးသို့ဖြည်းညှင်းစွာ လျှောက်လာသည်။ထို့နောက် တစ်ခါတည်း လက်ဝါးကိုလှန်လိုက်ရာ ငရဲတစ္ဆေမီးတောက်က ရေကန်အတွင်းသို့ ချက်ချင်းဝင်သွားသည်။

တစ်ခဏလေးအတွင်းမှာပဲ ရေကန်အတွင်းမှ

ရေများ ပွက်ပွက်ဆူ လောင်ကျွမ်းလာသည်။ပတ်ဝန်းကျင်ရှိ အပူချိန်သည် ချက်ချင်းမြင့်တက်လာပြီး ရေကန်အတွင်းမှ ကြောက်မက်ဖွယ်ကောင်းသော အပူလှိုင်းများဖြာထွက်လာကာ ရှင်းရှင်းလင်းလင်း မြင်ရစေသည်အထိပင် ဖြစ်လာသည်။

အကြီးအကဲမူက ယန်ယွဲ့ကို လှည့်ကြည့်ကာ “ကလေး! မင်း ဆင်းလို့ရပြီ!”

ယန်ယဲ့၏အမူအရာသည် ထိုစကားကိုကြားလိုက်ရသောအခါ ချက်ချင်းပင် စိတ်မသက်မသာဖြစ်သွားသည်...။

ဒီလိုလေ့ကျင့်သည်မှာ သူ့အတွက်ပထမဆုံးအကြိမ်မဟုတ်သော်လည်း ရေကန်အတွင်းရှိအပူချိန်ဟာ အရင်အချိန်နှင့်ယှဉ်ပါက အလွန်သိပ်သည်းလွန်းကြောင်း ခံစားမိခဲ့သည်။

"မင်းရဲ့ခန္ဓာကိုယ်က အတိုင်းအတာတစ်ခုအထိ ရောက်နေပြီဆိုတော့ မင်းစုဆောင်းထားတဲ့ ဆေးအမယ်တွေချည်းပဲဆိုရင် ထိထိရောက်ရောက် မြှင့်တင်ဖို့ မဖြစ်နိုင်ဘူး။ ငရဲတစ္ဆေမီးတောက်နဲ့ မင်းရဲ့ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် နှိုးဆွပြီး ဆေးအမယ်တွေနဲ့ထပ်ပြီးထောက်ပံ့ပေးမှသာ သိသာတဲ့တိုးတက်မှုကို ရနိုင်တော့မယ်။ ဒါ့အပြင် မင်းက ငရဲတစ္ဆေမီးတောက်ကို အနိုင်ယူချင်တယ်ဆိုရင်

ပထမအဆင့်အနေနဲ့
မီးတောက်အပူချိန်ကိုခုခံနိုင်ရမယ်။” အကြီးအကဲမူကတစ်လုံး
ချင်း ပြောလိုက်သည်။

ယန်ယွဲ့က အကူအညီမဲ့စွာ ပြုံးလိုက်၏။ လက်ရှိအချိန်တွင်
တောင်ပိုင်းနယ်မြေတစ်ခုလုံး
ခန္ဓာကိုယ်သန့်စင်ခြင်းလမ်းစဉ်ကျင့်ကြံသူများ ရှားပါးသည်မှာ
အံ့သြစရာမရှိပါ။

ကျင့်ကြံခြင်းလောကတွင်
ခန္ဓာကိုယ်သန့်စင်ခြင်းလမ်းစဉ်ကိုလျှောက်လှမ်းရန်အတွက်
လေ့ကျင့်နည်းလမ်းကို ခံနိုင်ရည်ရှိသော လူအနည်းငယ်သာ
ရှိပေသည်!

အချိန်အနည်းငယ် ကြာပြီးနောက် ယန်ယွဲ့က

အသက်ပြင်းပြင်းရှူရင်း မဆိုင်းမတွ ရပ်တန့်လိုက်ပြီး ရေကန်
ထဲသို့ ခုန်ဆင်းလိုက်သည်။

သူ၏ခွန်အားကို မြှင့်တင်နိုင်သရွေ့ နာကျင်ခြင်းဟူသော ဆင်းရဲဒုက္ခက ဘာမှမဟုတ်ပေ။

ဘန်း!

ရေကန်အတွင်းသို့ ခုန်ဆင်းလိုက်သည်နှင့် ယန်ယဲ့၏ဝတ်ရုံရှည်က ပြာအဖြစ်ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးရှိအရေပြားက ပြုတ်ခံရသလို နီရဲလာခဲ့သည်။

ထို့အပြင် ယန်ယဲ့၏မျက်နှာနှင့်လည်ပင်းသွေးကြောများက ထောင်ထလာပြီး
အတော်လေးကြောက်မက်ဖွယ်ရာအသွင်အပြင်ကို
ဖြစ်စေသည်။

နာကျင်မှု! ဒီအချိန်တွင် ယန်ယဲ့က အလွန်အမင်းနာကျင်နေပြီး အရိုးထဲထိ နက်ရှိုင်းစွာနစ်ဝင်သွားသောနာကျင်မှုကို ခံစားနေရသည်။

သူက စိတ်ပိုင်းဆိုင်ရာအခြေအနေကို ကြိုတင်ပြင်ဆင်ထားသော်လည်း၊ ငရဲတစ္ဆေမီးတောက်၏ ကြောက်မက်ဖွယ် အပူလှိုင်းကို ခံစားလိုက်ရသောအခါ ရေကန်ထဲကနေခုန်တက်ချင်စိတ် အတင်းကြိုးစားပြီးဖိနှိပ်နေရသည်။

သို့သော် မည်သို့ပင်ဖြစ်စေ ယန်ယဲ့သည် အံကြိတ်ရင်း သူ၏စိတ်ကိုထိန်းချုပ်ကာ ငရဲတစ္ဆေမီးတောက်၏လောင်ကျွမ်းမှုကိုခုခံလိုက်သည်။

လောကတွင်ဘယ်အရာမဆိုအလကားရယူနိုင်သောအရာမရှိပေ။

သိပ်မကြာခင်မှာပဲ ယန်ယဲ့၏အရေပြားပေါ်တွင်
အနီရောင်အဖုအပိန့်များတဖြည်းဖြည်းပေါ်လာပြီး
လက်မအရွယ်ခန့် အရည်ကြည်ဖုများ ရှိလာသည်။
ဒီ အရည်ကြည်ဖုများက သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ထူထပ်စွာ
ဖုံးလွှမ်းနေသည်…။
ယန်ယဲ့၏ လက်ရှိအသွင်အပြင်က နတ်ဆိုးတစ်ကောင်ကပင်
ပြန်ကြောက်ရွံ့စေနိုင်သည်ဟု ဆိုနိုင်သည်။

ထိုအရည်ကြည်ဖုများကို မြင်သောအခါ ယန်ယဲ့က
ခေါင်းညိတ်လိုက်ပြီး ရေကန်ဘောင်တွင်စုစုပုံထားသော
ဝိညာဉ်ဆေးအမယ်များကို ပစ်ထည့်လိုက်သည်။
ဝိညာဉ်ဆေးအမယ်များက ရေထဲတွင်ပျော်ဝင်သွားပြီးနောက်
ကန်ရေပြင်က အစိမ်းရောင်အသွင်ပြောင်းလာခဲ့သည်။

အကြီးအကဲမူ၏ ထိန်းချုပ်မှုအောက်တွင်
အစိမ်းရောင်အရည်ကြည်များက ယန်ယဲ့၏ခန္ဓာကိုယ်ဆီသို့
စီးဝင်လာသည်။

ထို့နောက် ယန်ယဲ့၏ခန္ဓာကိုယ်အရေပြားပေါ် ရှိ
အရည်ကြည်ဖုများက ပေါက်ကွဲသွားလေသည်။

အား! ချီးပဲ။ ဒါကအတော်လေးကိုခံရခက်တဲ့နာကျင်မှုဟ!
ယန်ယဲ့က ရုတ်တရက် အာခေါင်ခြစ်အော်လိုက်၏။

ကံကောင်းထောက်မစွာဖြင့် ဒီအချိန်မှာပဲ
သူ့ခန္ဓာကိုယ်အတွင်းရှိ ဆန်းကြယ်ရွှေချီစွမ်းအင်က
တဖြည်းဖြည်း စီးဆင်းလာ၏။ ဆန်းကြယ်ရွှေချီစွမ်းအင်က
သူ့ခန္ဓာကိုယ်တစ်ခုလုံးမှ သွေးကြောများထဲသို့ဖြည်းညင်းစွာ
စီးဆင်းသွားတော့သည်။

ဆန်းကြယ်ရွှေချီစွမ်းအင်၏အဆက်မပြတ်
ပြန်လည်ကုသမှုကြောင့် ယန်ယဲ့၏ခန္ဓာကိုယ်က
ချက်ချင်းဆိုသလို ကောင်းမွန်လာခဲ့သည်။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးသွားပါတော့သည်။
နောက်ထပ် ဆယ်ရက်ခန့်အကြာတွင် ယန်ယဲ့သည်
ငရဲတစ္ဆေမီးတောက်၏လောင်ကျွမ်းမှုကို အပြည့်အဝ
ခုခံနိုင်လာခဲ့သည်။

သို့သော် ဒီအပူရှိန်က အကြီးအကဲမူ၏
ထိန်းချုပ်မှုအောက်တွင်ရှိနေသောကြောင့်ပါ။အကယ်၍
ငရဲတစ္ဆေမီးတောက်၏ အစစ်အမှန်
အပူလှိုင်းရိုက်ခတ်မှုဆိုပါက ယန်ယဲ့၏ လက်ရှိ
ရုပ်ခန္ဓာခွန်အားကို အသာထား၊
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

အမှောင်မှော်သားရဲတစ်ကောင်ပင်
ချက်ချင်းပြာကျသွားလိမ့်မည်။

ထိုအချိန်မှာပဲ ရေကန်ဘေးတွင်ရပ်နေသောအကြီးအကဲမှူက
ညာလက်ကိုဝှေ့ယမ်းလိုက်ရာ
ရေကန်အတွင်းရှိအဖြူရောင်မီးတောက်များက
မီးတောက်သေးသေးလေးအဖြစ်ပြောင်းလဲသွားကာ
သူ့လက်ဝါးပေါ်တွင်ပြန်ပေါ်လာသည်။

သူ့လက်ဝါးပေါ် ရှိ မီးတောက်သေးသေးလေးကို
စိုက်ကြည့်ရင်း အကြီးအကဲမှူ၏ မျက်လုံးများတွင်
ရှုပ်ထွေးသောအမူအရာတစ်ခု တောက်ပလာသည်။ သူက “
ဒီငရဲတစ္ဆေမီးတောက်ကို ဝိညာဉ်နယ်မြေကနေအမှတ်တမဲ့
ရလာခဲ့တာ။ သူ့မှာကိုယ်ပိုင်အသိစိတ်ဝိညာဉ်ရှိပေမယ့်
ခုမှမွေးဖွားကာစဖြစ်လို့ အရိုင်းဆန်တဲ့
ရည်ရွယ်ချက်မရှိခဲ့ဘူး။အရွယ်မရောက်သေးတဲ့

ငရဲတစ္ဆေမီးတောက်က ငါ့အတွက်တကယ်

အသုံးမဝင်နိုင်ဘူး။ ဒါပေမယ့် အဲဒီနေရာမှာ ထားခဲ့ဖို့က

အများကြီး ဖြုန်းတီးလွန်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက

ငါ့ဘေးနားမှာ နှစ်ပေါင်း ၁၀၀၀ ကျော် ရှိလာပြီးတဲ့နောက်မှာ

အခုထိဖွံ့ဖြိုးကာစပဲရှိနေဦးမယ်လို့ မမျှော်လင့်ခဲ့ဘူး။ အခု

အဲဒါက ငါ့အစား မင်းအတွက်ပဲ အကျိုးရှိတော့မယ်။”

ဤစကားကိုကြားသောအခါ ယန်ယွဲ့က

အလွန်အံ့အားသင့်စွာပြောလိုက်၏၊ "ဘယ်လို! အကြီးအကဲမူ၊

ဒီငရဲတစ္ဆေမီးတောက်က

ဖွံ့ဖြိုးကာစအဆင့်မှာပဲရှိသေးတာလား?"

အကြီးအကဲမူက ခေါင်းညိတ်ပြီး ပြောသည်။“ဒါက

အရှယ်ရောက်နေတဲ့မီးတောက်ဆိုရင် မင်းကို

ငါမပေးဝံ့ဘူး။ဘာလို့လဲဆိုတော့

သဘာဝရတနာတွေမှာရှိတဲ့အသိစိတ်ဝိညာဉ်က

အရှယ်ရောက်လာပြီဆိုရင်မင်းရဲ့ခွန်အားနဲ့ အနိုင်ယူဖို့ လုံးဝမဖြစ်နိုင်လို့ပဲ။ ကောင်းပြီ၊ မင်းက သူ့ရဲ့အပူချိန်ကို ခုခံနိုင်နေပြီဖြစ်လို့ အခုမင်းရဲ့ပါးစပ်ကို ဖွင့်လိုက်! ပြီးတာနဲ့ ဒါကို မင်းရဲ့မူလဒန်တျန်ထဲကိုစုပ်ယူလိုက်ပါ!”

"ဟမ်! မူလဒန်တျန်ထဲကိုစုပ်ယူရမှာလား?" ယန်ယွဲ့က အလွန် ထိတ်လန့်သွားပြီး “အကြီးအကဲမူ၊ ဒီဂျူနီယာရဲ့
ရုပ်ခန္ဓာခွန်အားက
ငရဲတစ္ဆေမီးတောက်ကိုခုခံနိုင်ပေမယ့်အတွင်းပိုင်းက
ယှဉ်လိုက်ရင် အားနည်းနေသေးတယ်။ ဒါကို
မူလဒန်တျန်ထဲကို ဝင်ခွင့်ပြုလိုက်ရင်
အလောင်းပါမကျန်အောင်
မီးရှို့ခံရလိမ့်မယ်!”

“ကောင်းကင်နဲ့ မြေကြီးရဲ့ရတနာတွေက သူတို့မှာ ကြောက်စရာကောင်းတဲ့ စွမ်းအင်တွေပိုင်ဆိုင်ထားတယ်။ သူတို့ကို သိမ်းသွင်းဖို့ချဉ်းကပ်ရုံနဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံရမှာပဲ။

တစ်ဖက်မှာ သူတို့ကို အတင်းအကြပ်ဖိနှိပ်တာက အတော်လေးအန္တရာယ်များတယ်။အန္တရာယ်ရှိပေမယ့် ဖိနှိပ်သိမ်းသွင်းနိုင်မယ်ဆိုရင် သူတို့ကပေးတဲ့အကူအညီက မင်းရဲ့ခြားစိတ်ဆန္ဒထက် လုံးဝနိမ့်ကျမှာမဟုတ်ဘူး။

အခု မင်းက အန္တရာယ်ကို ကြောက်နေရင် မေ့လိုက်တော့။” အကြီးအကဲမူက ပုံမှန်လေသံဖြင့် ပြောလိုက်၏။

ယန်ယွဲ့က အကူအညီမဲ့စွာ ပြုံးလိုက်ပြီး “ကောင်းပြီ၊ အကြီးအကဲမူ! စလိုက်ရအောင်။” သူပြောပြီးသည်နှင့် ယန်ယွဲ့က သူ၏ပါးစပ်ကို ဖွင့်လိုက်သည်။

အကြီးအကဲမူက ခေါင်းညိတ်လိုက်ပြီး လက်ညှိုးကို ပွတ်သပ်လိုက်ရာ သူ့လက်ဝါးပေါ် ရှိ ငရဲတစ္ဆေမီးတောက်က ယန်ယွဲ့၏ လည်ချောင်းထဲကို ချက်ချင်း ဝင်ရောက်သွားသည်။ ဤအခိုက်အတန့်တွင် ယန်ယွဲ့၏အမူအရာသည် ရုတ်ချည်းပင် ထူးထူးခြားခြားပြောင်းလဲလာသည်။

ပွက်ပွက်ဆူနေသောရေကို သောက်လိုက်ရသလိုမျိုး ယန်ယွဲ့ကသူခံစားနေရသောခံစားမှုကိုပင်မသိနိုင်တော့ပေ။

မည်သို့ပင်ဆိုစေကာမူ ခန္ဓာကိုယ်ပြင်ပမှ နာကျင်မှုသည် ခန္ဓာကိုယ်အတွင်းမှ ထွက်လာသော နာကျင်မှုနှင့် နှိုင်းယှဉ်ရန် မဖြစ်နိုင်ပေ။အကြောင်းမှာ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများနှင့် ဖွဲ့စည်းတည်ဆောက်မှုအားလုံးသည် အလွန်အားနည်းပြီး ပျော့ပျောင်းပြင်းသာသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ ဖော်မပြနိုင်သောခံစားမှုမျိုးနှင့်ရုတ်တရက်ဆိုသလို ယန်ယဲ့၏အမူအရာက နာကျင်မှုကနေ ရှုန်းထွက်စပြုလာပါသည်။

ငရဲတစ္ဆေမီးတောက်သည် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားပြီးနောက်၊

စိတ်လွတ်ကိုယ်လွတ်ကစားနေသောကလေးတစ်ယောက်လိုပင် ထင်ရသည်။

ငရဲတစ္ဆေမီးတောက်သွားလာနေသောအတွင်းပိုင်းနေရာအနှံ့က မီးတောက်လောင်ကျွမ်းမှုကြောင့် လုံးဝကို မည်းနက်သွားလေသည်။

သို့သော် ကံကောင်းထောက်မစွာ၊ ဆန်းကြယ်ရွှေချီကန်အတွင်းမှ ရွှချီစွမ်းအင်က

သူ၏ခန္ဓာကိုယ်သွေးကြောများကိုအဆက်မပြတ်
ပြုပြင်ပေးနေခဲ့သည်။

သို့မဟုတ်ပါက ယန်ယဲ့သည် သူ၏နောက်ဆုံး
သေဆုံးခြင်းကိုပင် ကျိန်းသေရင်ဆိုင်ရပေလိမ့်မည်။

အချိန်သိပ်မကြာခင်မှာဘဲ ငရဲတစ္ဆေမီးတောက်က ယန်ယဲ့၏
မူလဒန်တျန်ဆီသို့ ရောက်လာတော့သည်။

ယန်ယဲ့သည် သက်ပြင်းတစ်ချက်ချကာ
အသက်ပြင်းပြင်းရှူရင်း အကြီးအကဲမူသင်ပေးထားသည့်
မီးတောက်ထိန်းချုပ်မှုနည်းလမ်းကိုအသုံးပြုကာ
ငရဲတစ္ဆေမီးတောက်ကို ထိန်းချုပ်လိုက်သည်။

ရုတ်တရက် ငရဲတစ္ဆေမီးတောက်က
တလက်လက်တောက်ပနေသော အဖြူရောင်

အလင်းတန်းအဖြစ်ပြောင်းလဲကာ

ဆန်းကြယ်ရွှေချိုကန်အတွင်းသို့ ဝင်ရောက်သွားလေသည်။

ယန်ယဲ့က အတော်လေး အံ့သြသွားသည်။

၎င်းသည်

ဆန်းကြယ်ရွှေချိုကန်ထဲသို့ဝင်ရောက်သွားပြီးနောက်အစောပို

င်းကလိုပင်

တစ်ဖန် ပြန်လည် တုံ့ပြန်ခဲ့သည်။

ယခုမှရောက်ရှိလာသောနေရာအသစ်ကို

နေရာအနှံ့ လှုပ်လှုပ်ရှားရှား စူးစမ်းကြည့်နေသော

ကလေးငယ်လေးတစ်ယောက်လိုပင်

ဖြစ်သည်။

ရုတ်တရက် ငရဲတစ္ဆေမီးတောက်က တစ်စုံတစ်ခုကို သတိပြုမိသွားပုံရပြီး ဆန်းကြယ်ရွှေချိုကန်၏အပြင်ဖက်သို့ ရွေ့လျားသွားသည်။

သို့သော် ဤအခိုက်အတန့်တွင် မမြင်နိုင်သော စွမ်းအားတစ်ခုက ၎င်းကို ပိတ်မိသွားသကဲ့သို့ ရုတ်တရက် ပြင်းထန်စွာ အေးခဲသွားသည်။

မီးတောက်လေးများ မှိန်ဖျော့လာသည်နှင့်အမျှ အဖြူရောင်အလင်းလုံးလေးကတဖြည်းဖြည်း တုန်ခါလာသည်။

အချိန်မရွေး ငြိမ်းသွားတော့မည့်အလား ၎င်းကအလွန်ကြောက်စရာကောင်းသော အရာတစ်ခုကို ကြုံတွေ့လိုက်ရသလိုပင် ပြင်းထန်စွာ တုန်လှုပ်သွားသည် ။

ရုတ်တရက် မမြင်နိုင်သော စွမ်းအားများ ကွယ်ပျောက်သွားသည်။ သို့သော် ပျောက်ကွယ်သွားသော်လည်း မီးတောက်အလင်းလုံးလေးက ဆန်းကြယ်ရွှေချိုကန်ထဲကနေမထွက်ခွာရဲတော့ပေ။

ထို့နောက် မီးတောက်ကလေးလေးပုံသဏ္ဍာန်ဖြစ်တည်လာပြီး ပတ်ပတ်လည်တွင် အန္တရာယ်ကင်းကြောင်း ခံစားလိုက်ရကာ ဆန်းကြယ်ရွှေချိုကန်ထဲသို့ ဖြည်းညှင်းစွာ ရွေ့လျားလာတော့သည်။

ဂုင်းသည်
ခရမ်းရောင်မင့်ခ်ကလေးကိုအလွန်စိတ်ဝင်စားနေပုံရပြီး ခရမ်းရောင်မင့်ခ်ကလေးကိုဖုံးအုပ်ထားသည့်အလင်းလွှာကိုစူး စိုက်ကြည့်နေခဲ့လေသည်။

ကို အလွန်စိတ်ဝင်စားပုံရပြီး ခရမ်းရောင်မှိုင်းကို ဖုံးအုပ်ထားသည့်
ခရမ်းရောင်ရောင်အတားအဆီးတစ်ဝိုက်တွင် ၎င်းသည် ခရမ်းရောင်မှိုင်းများကို ဖုံးအုပ်ထားသည်။

ဆန်းကြယ်ရွှေချိုကန်အတွင်းရှိ မီးတောက်ကလေးလေး၏ လုပ်ဆောင်ချက်ကို ကြည့်ရင်း ယန်ယဲ့က အနည်းငယ် ကျေနပ်သွားသည်။

ယခုဆိုလျှင် မီးတောက်ကလေးလေးက မွေးဖွားကာစ အဆင့်တွင် ရှိနေသည်ဟု သူယုံကြည်သွားပြီဖြစ်သည်။

သူက မတွန့်ဆုတ်တော့ဘဲ အကြီးအကဲမှု သင်ပေးထားသော နည်းလမ်းအတိုင်း ဖိနှိပ်ရန်စတင်ခဲ့သည်။

မီးတောက်ကလေးလေးက သဘာဝအတိုင်း သူ့ကိုယ်သူ ထိန်းချုပ်ငြိမ်းရန် ခွင့်မပြုဘဲ ယန်ယွဲ့ကို ခုခံခဲ့သည်။ ထိုအချိန်တွင် ဆန်းကြယ်ရွှေချီကန်အတွင်းမှ ရွှေချီစွမ်းအင်များ အဆက်မပြတ် ရွေ့လျားလာသည်။ အဆုံးသတ်မှာတော့ ရွှေရောင်မီးတောက်ပင်လယ်ကြီးအဖြစ် ပြောင်းလဲသွား၏။

ရွှေရောင်မီးတောက်ပင်လယ်ကြီးဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မမြင်နိုင်သော စွမ်းအားက နောက်တစ်ဖန်ထွက်ပေါ်လာသည်။ ဒီတစ်ကြိမ်မှာတော့ မီးတောက်ကလေးလေးသာမကဘဲ၊ သိုင်းဘုရင်အဆင့်အမှောင်မှော်သားရဲများပင် မမြင်နိုင်သော စွမ်းအားကို ခံစားမိလိုက်ဟန်တူသည်။

မမြင်နိုင်သောစွမ်းအားကို သူတို့ခံစားလိုက်ရသည့်အခါ
သိုင်းဘုရင်အဆင့်အမှောင်မှော်သားရဲများ နှင့်
ငရဲတစ္ဆေမီးတောက်တို့က
ရွှေရောင်မီးတောက်ပင်လယ်အဖြစ်ပြောင်းလဲသွားသော
ဆန်းကြယ်ရွှေချီကန်ကိုကြည့်ကာတုန်လှုပ်စပြုလာကြသည်။

၎င်းသည် သူတို့၏ မူလစိတ်ဝိညာဉ်များကိုပင်
တုန်လှုပ်သွားစေနိုင်သည့် လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားတစ်ခုပါ။

ယန်ယဲ့သည်ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
တုံ့ဆိုင်းမနေဘဲ၊ ငရဲတစ္ဆေမီးတောက်ကို အလျင်အမြန်
သိမ်းသွင်းလေတော့သည်။

ဒီတစ်ကြိမ်မှာတော့ မီးတောက်ကလေးလေးက ရှန်းကန်ရန်ကြိုးစားလိုက်သော်လည်းအစောပိုင်းကလို မပြင်းထန်တော့ပေ။

အချိန်တစ်နာရီခန့်ကြာပြီးနောက်တွင် ယန်ယဲ့သည်မျက်လုံးများပွင့်လာပြီး အံ့အားသင့်ဖွယ်အသွင်အပြင်ကို ထုတ်ဖော်ပြသလိုက်သည်။

"မင်းအောင်မြင်သွားပြီလား?" အကြီးအကဲမူက ပေါ့ပါးသော အသံဖြင့် မေးလာခဲ့၏။

ယန်ယဲ့သည် သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခုဖြင့် ခေါင်းညိတ်လိုက်သည်။

သူ့လက်ချောင်းထိပ်ကို အသာအယာပွတ်သပ်လိုက်သည်နှင့် လက်ချောင်းထိပ်တွင်အဖြူရောင်မီးတောက်များ ပေါ်လာသည်။

ငရဲတန္ခေမီးတောက်ကို စိုက်ကြည့်ရင်း ယန်ယဲ့၏ စိတ်ထဲတွင် အလွန် ကံကောင်းသလိုခံစားလိုက်ရသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၁)] - နဝမငရဲအေးမီးတောက်

ယန်ယွဲ့၏လက်ချောင်းထိပ်တွင်
ရွေ့လျားနေသောအဖြူရောင်မီးတောက်လေးကိုတွေ့လိုက်
သောအခါ အကြီးအကဲမူ ၏မျက်လုံးထဲတွင်
အံ့သြမှုတစ်ခုပေါ်လာသည်။

သူက
ငရဲတစ္ဆေမီးတောက်ဟာဘယ်လောက်ကြောက်စရာကောင်း
သည်ကို အတိအကျသိထားသည်။

ယန်ယွဲ့သည် ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်ရန်အတွက်
အနည်းဆုံး တစ်လခွဲခန့် လိုအပ်သည်ဟု
သူ၏ထင်ထားခဲ့ခြင်းဖြစ်သည်။

သို့သော် ယန်ယဲ့သည် ငရဲတစ္ဆေမီးတောက်ကို အချိန်နှစ်နာရီအတွင်း ထိန်းချုပ်သွားနိုင်သည်ကိုမြင်တွေ့ပြီး အတော်လေးအံ့အားသင့်နေ၏။

အအကြီးအကဲမူက ယန်ယဲ့ကို လေးလေးနက်နက် စိုက်ကြည့်ပြီးနောက် "အခု မင်းက ငရဲတစ္ဆေမီးတောက်ကို ထိန်းချုပ်ပြီးပြီ၊ ဒီတော့ကျန်တဲ့အချိန်မှာ မင်းက ဒါကို ဘယ်လိုအသုံးချရမယ်ဆိုတာ ငါ သင်ပြပေးမယ်။ တစ်ခုတော့သတိထားပါ....ကောင်လေး! မင်းက ငရဲတစ္ဆေမီးတောက်ကို အစောကြီးထုတ်ဖော်မပြတာအကောင်းဆုံးပဲ။ ဘာလို့လည်းဆိုတော့ ဒီလိုသဘာဝရတနာက ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကိုတောင်အတော်လေး ဆွဲဆောင်စေနိုင်တယ်။ အဲဒါကို မင်းက အမြဲတမ်း သတိထားပါ !"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ငရဲတစ္ဆေမီးတောက် သည် ကောင်းကင်နှင့်မြေပြင်၏ သဘာဝအဖိုးတန်ရတနာဖြစ်သည် ။

ငရဲတစ္ဆေမီးတောက်၏ ကြောက်မက်ဖွယ်စွမ်းရည်နှင့် ၎င်းကို ပိုင်ဆိုင်ပါက ထူးခြားသောစွမ်းအားများကြောင့် အဆင့်မြင့်ပညာရှင်များပင် ၎င်းကို မျက်နှာလွှဲရန် မဖြစ်နိုင်ပေ။

"ကဲ၊ အခု မင်းက ငရဲတစ္ဆေမီးတောက်ကို ထိန်းချုပ်ပြစမ်း။" အကြီးအကဲမူက ယန်ယဲ့ကိုကြည့်၍ ပြောလိုက်၏။

ယန်ယဲ့သည်လည်း သူ၏စွမ်းအားကို အချိန်အတော်ကြာကတည်းက စမ်းသပ်လိုနေသောကြောင့်

ရုတ်တရက် ပြုံးလိုက်မိသည်။ အစောပိုင်းက အကြီးအကဲမှူးသည် ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်ထားပြီး မမြင်နိုင်သောဓားနှင့်ပေါင်းစပ်ခဲ့သော်လည်း၊ ယခုအချိန်တွင် သူက ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်ရမည့်သူ ဖြစ်လာမည်ဖြစ်သည်။

ဤအဖြစ်အပျက်နှစ်ခုလုံး၏ အခြေအနေကလုံးဝခြားနားပါသည်။

သူက လက်ချောင်းထိပ်ကို ပွတ်သပ်လိုက်သည်နှင့် ယန်ယွဲ့၏ရှေ့တွင် အဖြူရောင်မီးတောက်တစ်ခု ပေါ်လာသည်။

လက်မအရွယ် မီးတောက်လုံးလေးကို စိုက်ကြည့်ရင်း ယန်ယွဲ့၏မျက်နှာတွင် အတန်ငယ် လေးနက်သော အမူအရာ ရှိနေသည်။

၎င်း၏ အပြင်ပန်းသဏ္ဍာန်ကို အခြေခံ၍
ငရဲတစ္ဆေမီးတောက်သည်
သာမန်မီးတောက်ဟုသာထင်ရသည်။ အရောင်အဆင်းက
သာမန်မီးတောက်နှင့် လုံးဝမကွဲပြားပေ။

ယန်ယွဲ့သည် အသက်ပြင်းပြင်းရှူရင်း တုံ့ဆိုင်းမနေဘဲ
သူ၏လက်ချောင်းကို ထပ်မံပွတ်သပ်လိုက်သည်။

သူ၏လက်ချောင်းထိပ်မှ အဆင့် ၄ ဓားစိတ်ဆန္ဒဖြင့်
ဖန်တီးထားသည့် ရွှေရောင်ဓားချီကြိုးတစ်ချောင်း
ပေါက်ကွဲထွက်လာခဲ့သည်။

ရွှေရောင်ဓားချီကြိုး ထွက်ပေါ်လာချိန်တွင် ယန်ယွဲ့၏ရှေ့မှ
ငရဲတစ္ဆေမီးတောက်က
ပျံတက်လာပြီးရွှေရောင်ဓားချီကြိုးနှင့်ပေါင်းစပ်သွားလေသည်
။

အဆင့် ၄ ဓားစိတ်ဆန္ဒ နှင့် ငရဲတစ္ဆေမီးတောက် က ထပ်မံပေါင်းစပ်ပြီးနောက်

ရွှေရောင်ဓားချီကြိုးက အလွန်ကြောက်မက်ဖွယ်ရာအငွေ့အသက်များဖြာထွက်လာသည်။

ဝုစ်

ရွှေရောင်ဓားချီကြိုးသည်လေထုထဲတွင်ပြေးထွက်သွားပြီး အာကာသပြင်လေထုကိုပြင်းထန်စွာလောင်ကျွမ်းသွား၏။ တစ်ချိန်တည်း အာကာသပြင်ထဲတွင် အလွန်ရှည်လျားသော အဖြူရောင် အက်ကြောင်းကြီး ပေါ်လာခဲ့သည်။

စိတ်လှုပ်ရှားမှုများ၊ မျှော်လင့်ချက်များဖြင့်ပြည့်နေသော ယန်ယဲ့၏အကြည့်အောက်မှာပင် ရွှေရောင်ဓားချီကြိုးက လူ

၁၀ ယောက်ပတ်စာခန့်
ရောမသစ်ပင်ကြီးကိုပစ်ချလိုက်ပါတော့သည်။

ဘန်း!

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ။ယန်ယွဲ့တစ်ယောက်
အံ့အားသင့်လို့မဆုံးသေးခင်မှာပဲ ရောမသစ်ပင်ကြီးက
အပိုင်းပိုင်းကွဲထွက်သွားကာ အစောပိုင်းကလိုပင် ရုတ်တရက်
လောင်ကျွမ်းသွားခဲ့သည်။

တစ်ခဏလေးအတွင်းမှာပင် ရောမသစ်ပင်ကြီးက
ပြာပုံအတိလောင်ကျွမ်းခံလိုက်ရလေသည်။
သို့သော် ရွှေရောင်စားချီကြိုးသည် ပျောက်ကွယ်မသွားဘဲ
အရှိန်အဟုန်ပြင်းစွာဖြင့်
အဝေးဆီသို့ ထပ်မံပေါက်ကွဲထွက်လာခဲ့သည်။

ဘန်း!

ပေါက်ကွဲသံ အများအပြား ထပ်မံ ထွက်ပေါ်လာခဲ့ပါပြီ။

ယန်ယွဲ့၏
ထိတ်လန့်မှုအတိပြည့်နေသောအကြည့်များအောက်တွင်ပင်
ပတ်ဝန်းကျင်ရှိသစ်ပင်ကြီး ၁၀ ပင် ကျော်က ပြာများအဖြစ်
ဆက်တိုက်လောင်ကျွမ်းခံလိုက်ရသည်။
သို့သော်ငြား ရွှေရောင်ဓားချီကြိုးက
ပျောက်ကွယ်သွားခြင်းမရှိပေ။

နောက်ဆုံးတွင် ယန်ယွဲ့က ရွှေရောင်ဓားချီကြိုးကို မီတာ ၃၀၀
ကျော်အကွာထိထိန်းချုပ်နိုင်နေပြီဖြစ်သည်။

အစောပိုင်းတွင်

သူပိုင်ဆိုင်ထားသောဆန်းကြယ်ရွှေချီစွမ်းအင်နှင့်

ဓားစိတ်ဆန္ဒကြောင့် မီတာ ၁၂၀

ကျော်အထိသာထိန်းချုပ်နိုင်ခဲ့၏

။ဒီအကွာအဝေးက

သူ၏နောက်ဆုံးကန့်သတ်ချက်ပင်ဖြစ်သည်။

ယခုအချိန်တွင် ရွှေရောင်ဓားချီကြိုးက သူနှင့် မီတာ ၃၀၀

ကျော်အကွာတွင်ရှိနေသော်လည်းပျောက်ကွယ်သွားခြင်းမရှိ

သေးပေ။

"သောက်ကျိုးနဲ့၊ ငရဲတစ္ဆေမီးတောက်က

တကယ်ကို ကြောက်စရာကောင်းလွန်းတယ်။"

ဘန်း

ထိုအချိန်တွင် ရွှေရောင်ဓားချိုကြိုးက မီတာ ၃၀၀ ကျော်အကွာတွင်ရှိသော တောင်နံ့ရံကြီးတစ်ခုထဲသို့ တိုက်ရိုက်ထိုးဖောက်သွားလေတော့သည်။

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက်တွင် ဧရာမပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီးနောက် တောင်နံ့ရံကြီးတစ်ခုလုံးရုတ်တရက် ပြိုကျသွားသည်။

အချိန်အနည်းငယ်ကြာ တောင်နံ့ရံအောက်ခြေတွင် ၁၅ မီတာနီးပါးကျယ်ဝန်းသော အနက်ရောင်တွင်းပေါက်ကြီးဖြစ်ပေါ်လာခဲ့၏။

ဂလု!

ယန်ယဲ့သည် တွင်းနက်ကြီးအား စိုက်ကြည့်ရင်း တံတွေးတစ်လုတ်ကို မျိုချမိလိုက်သည်။

"ငရဲတစ္ဆေမီးတောက် နဲ့ ပေါင်းစပ်ထားတဲ့ ဓားစိတ်ဆန္ဒရဲ့ စွမ်းအားက တကယ့်ကို ကြောက်စရာကောင်းတယ်။ ဒီတိုက်ခိုက်မှုတစ်ခုတည်းက သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူကို ချက်ချင်းသတ်ပစ်နိုင်လောက်တယ်။" ဤအခိုက်တွင် တောင်နံရံမှ အဖြူရောင်အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် လင်းထိန်သွားကာ ယန်ယွဲ့ရှေ့သို့ ရောက်ရှိလာခဲ့၏။

ယန်ယွဲ့သည် သူ့ရှေ့မှ အဖြူရောင်မီးတောက်ကို စိုက်ကြည့်ရင်း အသက်ပြင်းပြင်းတစ်ချက်ရှုလိုက်သည်။

"ကောင်းကင်နဲ့မြေပြင်ရဲ့ အဖိုးတန်ရတနာတစ်ခုလို့ဆိုထိုက်ပါပေတယ်။ ဒီလိုစွမ်းအားမျိုးက တကယ်ကိုကြောက်စရာကောင်းလွန်းတယ်။"

ထို့နောက် ယန်ယဲ့သည် ငရဲတစ္ဆေမီးတောက်ကို ဆန်းကြယ်ရွှေချိုကန်အတွင်းထည့်သိမ်းလိုက်ပြီးနောက် အကြီးအကဲမူကိုဦးညွှတ်လိုက်ပါသည် “အကြီးအကဲမူက! ဒီကြင်နာမှုကို ဒီဂျူနီယာက အခုနေ တကယ်ပြန်ဆပ်ဖို့မဖြစ်နိုင်ဘူး။ အနာဂတ်မှာ အကြီးအကဲမူက ဒီဂျူနီယာကိုလိုအပ်တယ်ဆိုရင် အကြီးအကဲက တစ်ခွန်းပဲပြောလိုက်ပါ။ ဒီဂျူနီယာက စွမ်းဆောင်နိုင်သရွေ့တော့ လုံးဝမငြင်းဆန်မှာ သေချာတယ်!"

အကြီးအကဲမူက အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး၊ အနာဂတ်တွင် ဘာလုပ်ချင်သည်ကို သူတတ်နိုင်သောအကန့်ထိရှိနေသရွေ့တောင်းဆိုသည့်အရာများကို ပြီးမြောက်အောင်လုပ်ဆောင်ပေးရန် စိတ်ပိုင်းဖြတ်ထားသည်။

သူ၏လက်ရှိအောင်မြင်မှုများသည် အကြီးအကဲမှု
၏အကူအညီမရှိပါက
ပိုင်ဆိုင်နိုင်မည်မဟုတ်ပေ။

အရင်ပြောခဲ့သလိုပဲ၊ သူတို့နှစ်ဦးသည် ဆရာနှင့်
တပည့်မဟုတ်သော်ငြား သူတို့ပိုင်ဆိုင်ထားသော
ဆက်ဆံရေးများက ဆရာနှင့်တပည့်လိုပင်။

သို့မဟုတ် ယန်ယဲ့၏နှလုံးသားထဲတွင် ဒီလူအိုကြီးကို
သူ့ဆရာအဖြစ် သတ်မှတ်ထားသည်ဟု ပြောနိုင်သည်။

အကြီးအကဲမှုက ပြုံးပြီးပြောလိုက်သည်။“ကလေး!
မင်းပြောတာကို ငါမှတ်ထားမယ်။ အချိန်တန်ရင် မင်းလည်း
ဒီလိုပဲ တွေးမယ်လို့ မျှော်လင့်ပါတယ်။ ကောင်းပြီ၊
အခုလောလောဆယ် အဲဒီအကြောင်း မပြောနဲ့တော့။
မင်းရဲ့ရုပ်ခန္ဓာခွန်အားက

အခုဆိုရင်နောက်ထပ်တစ်ဆင့်ကိုရောက်သွားပြီ။မင်းကနော
က်ထပ်အဆင့်မြှင့်တင်ချင်တယ်ဆိုရင်ငါပြောတဲ့
ကောင်းကင်နဲ့မြေကြီးရဲ့ရတနာကိုရှာဖွေရမယ်။
ရှေးဟောင်းစစ်မြေပြင်မှာ
လေအေးလှိုဏ်ဂူလို့ခေါ်တဲ့နေရာတစ်ခုရှိတယ်။ အဲ့ဒီရတနာက
လေအေးလှိုဏ်ဂူရဲ့အနက်ရှိုင်းဆုံးအပိုင်းမှာရှိနေတယ်။ ဒါက
"နဝမငရဲမီးတောက်"(Ninth Hell Cold Gale)
လို့ခေါ်တယ်။ သေချာတာတစ်ခုက နဝမငရဲအေးမီးတောက်ကို
အဆင့်မြင့်ပညာရှင်တွေတောင် သတိထားမိမှာမဟုတ်ဘူး!”

"နဝမငရဲအေးမီးတောက်?" ယန်ယွဲ့က
အနည်းငယ်အံ့သြသွားသည်။ "အကြီးအကဲမူ! အဲဒါဘာလဲ?"

“နဝမငရဲအေးမီးတောက်နဲ့ပတ်သက်ပြီးငါ့မှာလည်း
သဲလွန်စတွေသိပ်မရှိဘူး။ဒီအရာက

နဝမမြောက်ငရဲဘုံမှာ မွေးဖွားခဲ့သလို နှစ်ထောင်ပေါင်းများစွာ တည်ရှိပြီးမှသာကိုယ်ပိုင်အသိစိတ်ဝိညာဉ်ကိုရနိုင်တယ်။

လွန်ခဲ့တဲ့နှစ်တွေတစ်လျှောက်လုံး ငါ

လေအေးလှိုဏ်ဂူမှာရှိနေတုန်းက

သူ့ရဲ့ကိုယ်ပိုင်အသိစိတ်ဝိညာဉ်ကိုမပိုင်ဆိုင်သေးဘူး။

ပြီးတော့ အဲ့ဒီတုန်းက အခြေအနေတွေကလည်း

အတော်လေး ဖရိုဖရဲဖြစ်နေလို့ မယူလိုက်မိဘူး။ အခု

နှစ်တစ်ထောင်ကျော်သွားပြီဆိုတော့

နဝမငရဲအေးမီးတောက်က

ကိုယ်ပိုင်အသိစိတ်ဝိညာဉ်ပိုင်ဆိုင်သွားလောက်ပြီ

ထင်တယ်။ မင်းက ရှေးဟောင်းစစ်မြေပြင်ကိုရောက်တာနဲ့

ဒါကို ကံစမ်းလို့ရတယ်!" အကြီးအကဲမှူက ရှင်းပြခဲ့သည်။

ယန်ယွဲ့လည်း

ခေါင်းညိတ်လိုက်သည်။ ငရဲတစ္ဆေမီးတောက်၏ကြောက်မက်

ဖွယ်ရာစွမ်းရည်ကို သူတွေ့မြင်ပြီးနောက်၊
အကြီးအကဲမူပြောသော
နဝမငရဲအေးမီးတောက်ကိုအတော်လေးစိတ်ဝင်စားခဲ့သည်။

ယန်ယွဲ့၏မျက်နှာပြင်မှအမူအရာများကိုမြင်သောအခါ
အကြီးအကဲမူကသတိပြုမိပုံရပြီး
ချက်ချင်းပင် ခေါင်းယမ်းကာ "နဝမငရဲအေးမီးတောက်ကို
မင်းပိုင်ဆိုင်နိုင်မယ်လို့သေချာထင်နေတာလား?"

ယန်ယွဲ့က ဤစကားကိုကြားသောအခါ ရှက်ရွံ့စွာဖြင့်
ခေါင်းကုတ်လိုက်သည်၊ "အကြီးအကဲမူ၊
နဝမငရဲအေးမီးတောက်က
ငရဲတစ္ဆေမီးတောက်ထက်ပိုပြီးကြောက်စရာကောင်းတယ်မ
ဟုတ်လား?"

"အကုန်လုံးတော့မဟုတ်ဘူး!" အအကြီးအကဲမူက “ဒါပေမယ့် မင်းကို ငါမပေးခင်မှာကတည်းက ငရဲတစ္ဆေမီးတောက်ကမင်းကိုခင်တွယ်နေပြီဆိုတာသိထားသင့်တယ်။ တစ်ဖက်မှာတော့ မင်းကိုယ်တိုင် နဝမငရဲအေးမီးတောက်ကိုရရှိဖို့အတွက် လေအေးလှိုဏ်ဂူကိုသွားရမယ်။ ဒီအခြေအနေနှစ်ခုအကြား ကွာခြားချက်က အရမ်းကြီးမားတယ်။ နောက်ဆုံး ငရဲတစ္ဆေမီးတောက်ကိုငါရလာတုန်းက ဝိညာဉ်တစ္ဆေနယ်မြေရဲ့အကန့်အသတ်မဲ့ မီးတောက်ပင်လယ်ထဲမှာရှိနေခဲ့တယ်။

မင်းရဲ့လက်ရှိခွန်အားနဲ့ မီးတောက်ပင်လယ်ရဲ့ အနက်ဆုံးအပိုင်းကို ဝင်သွားဖို့ မပြောနဲ့၊ မီးတောက်ပင်လယ်အနားကိုတောင်ချဉ်းကပ်နိုင်မှာမဟုတ်ဘူး ။ နောက်တစ်ခုကတော့ နဝမမြောက်ငရဲဘုံမှာရှိတဲ့ လေအေးလှိုဏ်ဂူက အကန့်အသတ်မဲ့တဲ့ လေအေးတွေနဲ့

ယင်ချီတွေပြည့်နှက်နေတယ်။ ဒါက အဆုံးမရှိတဲ့ မီးတောက်ပင်လယ်ထက်တောင် ပိုကြီးတယ်!”

ဒီစကားကိုကြားတဲ့အခါ ယန်ယဲ့၏ အမူအရာက သိသိသာသာ အေးခဲသွားလေသည်၊ “အကြီးအကဲမူ၊ နဝမငရဲအေးမီးတောက်ကို ရှာခိုင်းပြီး ငါ့ကိုသေလမ်းသွားဖို့တောင်းဆိုနေတာလား?”

အကြီးအကဲမူက “လွန်ခဲ့တဲ့ရက်အနည်းငယ်ကဆိုရင်၊ နဝမငရဲအေးမီးတောက်ကိုသွားရှာတာနဲ့ မင်းက တကယ်ပဲ ငရဲပြည်ကိုရောက်သွားလိမ့်မယ်။ ယခုဆိုရင် မင်းပိုင်ဆိုင်ထားတဲ့ ရုပ်ခန္ဓာခွန်အားနဲ့ အဆင့် ၄ ဓားစိတ်ဆန္ဒတွေပါပေါင်းထည့်လိုက်ရင် မင်းက အဆုံးမဲ့ယင်ချီတွေနဲ့ လေအေးလှိုဏ်ဂူကိုဖြတ်သန်းဖို့အခွင့်အရေးရှိနိုင်တယ်။ အ

ထူးသဖြင့် မင်းရဲ့လက်ရှိခန္ဓာကိုယ်က
ယင်ချီတွေပေါင်းစပ်ထားတဲ့ လေအေးတွေကို
ခံနိုင်ရည်ရှိသင့်တယ်၊ ဒါပေမယ့် မင်းနည်းနည်းတော့
ဒုက္ခရောက်လိမ့်မယ်!”

ယန်ယဲ့က
သက်ပြင်းတစ်ချက်ချလိုက်သည်။အခွင့်အရေးရသရွေ့တော့
အဆင်ပြေနေဆဲပင်မဟုတ်ပါလား။
သူ့အကြောက်ဆုံးအရာမှာ
အခွင့်အရေးတစ်ခုပင်မရှိနိုင်ဟူသောစကားပါ။

“ဒါအပြင် ရှေးဟောင်းစစ်မြေပြင်မှာ
မင်းရဲ့ပြိုင်ဖက်တွေကိုလျှော့မတွက်မိဖို့ သတိရပါ။မင်းက
တောင်ပိုင်းနယ်မြေရဲ့ လူငယ်မျိုးဆက်မှာ တကယ်ကို
မယှဉ်နိုင်စရာပါပဲ။ဒါပေမယ့်
ပါရမီရှင်တွေထဲပါရမီရှင်တွေအားလုံး

ရှေးဟောင်းစစ်မြေပြင်မှာစုရုံးလာမှာဆိုတော့။
တောင်ပိုင်းနယ်မြေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်
စွမ်းအားနည်းစနစ် ဒါမှမဟုတ် အမွေအနှစ်ဆက်ခံတာပဲ
ဖြစ်ဖြစ်၊ တခြားနယ်မြေတွေက တောင်ပိုင်းနယ်မြေထက်
အများကြီးသာလွန်တယ်။” အကြီးအကဲမူ က
ယန်ယွဲ့ကိုကြည့်ကာသတိပေးလိုက်၏။

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး “အကြီးအကဲမူ!
စိတ်မပူပါနဲ့။ ဘယ်ပြိုင်ဖက်ကိုမှ လျှော့တွက်မှာ
မဟုတ်ပါဘူး။ ဒါပေမယ့်၊ အကြီးအကဲမူက အဲဒီလိုပြောတာကို
ငါကြားတော့ တခြားနယ်မြေတွေရဲ့ကြီးကျယ်ခမ်းနားတဲ့
ပါရမီရှင်တွေကို အမြန်ဆုံး မြင်တွေ့ချင်နေပြီ။”

အကြီးအကဲမူက ပြုံးလိုက်၏။
“မင်းသတိမထားမိသေးတာဖြစ်နိုင်ပေမယ့်
တောင်ပိုင်းနယ်မြေရဲ့အလုံးစုံအင်အားက

နယ်မြေအားလုံးထဲမှာ အနိမ့်ဆုံးပဲ! ရှေးဟောင်းစစ်မြေပြင်ကို သူကိုယ်တိုင် ဖြတ်ကျော်ပြီး နယ်မြေအားလုံးက ပါရမီရှင်တွေကိုဖိနှိပ်ခဲ့တဲ့ ဆေဘာဓားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးကလွဲလို့ လွန်ခဲ့တဲ့ နှစ် ၁၀,၀၀၀ အတွင်း
တောင်ပိုင်းနယ်မြေမှာဘယ်သူမှထွက်ပေါ်မလာတော့ဘူး။ ဓားသူတော်စင်က တခြားနယ်မြေအသီးသီးက ထိပ်သီးပါရမီရှင်တွေအားလုံးကို အောင်အောင်မြင်မြင်နဲ့ ဖိနှိပ်နိုင်ခဲ့တယ်။”(ဆေဘာဓားဂိုဏ်း၏တည်ထောင်သူဘိုးဘေး=ဓားသူတော်စင်)

ယန်ယွဲ့က ရုတ်တရက် "အကြီးအကဲမှူ! အကြီးအကဲလား? ဒါမှမဟုတ် ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးက ပိုပြီးသန်မာတာလား?"

ဒီစကားကိုကြားတော့ အကြီးအကဲမှူက သူ့အပြုံးကို ဖြည်းညှင်းစွာ ထိန်းလိုက်ပါသည်။ခဏအကြာတွင် ခေါင်းယမ်းကာ "ကလေး၊ မင်းက ငါ့ကို သူနဲ့ ယှဉ်ဖို့ ကြိုးစားနေတာလား?"

ဒီနေရာတွင် သူ၏စကားကိုရပ်တန့်လိုက်ကာအကြီးအကဲမှူက ရုတ်တရက် သက်ပြင်းချလိုက်သည်၊ "တောင်ပိုင်းနယ်မြေမှာ သူနဲ့ ယှဉ်နိုင်တဲ့သူ တစ်ယောက်မှ မရှိပါဘူး။ ငါလည်း မရဘူး! နောက်ဆုံးတော့ သူက မရေမတွက်နိုင်တဲ့ နယ်မြေ ၉ ခုစလုံးကပညာရှင်တွေကို ကြောက်လန့်စေမယ့် "ကောင်းကင်ဘုံလျှောက်လမ်း"ကို သူ့လက်ထဲက ဓားနဲ့ စိန်ခေါ် ခဲ့တယ်!"

"ကောင်းကင်ဘုံလျှောက်လမ်း(တက်လှမ်းခြင်းလမ်း?" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ မေးလိုက်၏။
"အကြီးအကဲမှူ! အဲဒါ ဘာလဲ။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၂)] - ရှန်ရှမ်အာ နှင့် ပြန်လည်တွေ့ဆုံ

အကြီးအကဲမူက ခေါင်းခါပြီး "မင်း အချိန်မတန်ခင် မသေသေးဘူးဆိုရင် အဲဒီလမ်းကို အနာဂတ်မှာ မြင်နိုင်တယ်။ ကောင်းပြီ၊ ရက်အနည်းငယ်အတွင်းမှာ မင်းက

ရှေးဟောင်းစစ်မြေပြင်ကို သွားရမယ့်အချိန်ရောက်ပြီ။ ဒါဆို ဆက်သွားပါ။ အရှုံးမတိုင်ခင် မသေစေနဲ့!
ကလေး။" သူပြောပြီးသည်နှင့် ညာလက်ကို ဝှေ့ယမ်းလိုက်ရာ အပြာရောင်ပေါ်တယ်တစ်ခုက ယန်ယွဲ့ရှေ့တွင်ပေါ်လာခဲ့၏။
တစ်ဖက်တွင်အကြီးအကဲမူကလမ်းလျှောက်တုတ်ကိုကိုင်ပြီး အိမ်ထဲသို့ ဖြည်းညှင်းစွာ လျှောက်ဝင်သွားသည်။

ယန်ယွဲ့သည် တင်းကျပ်စွာပိတ်လိုက်သော အိမ်တံခါးကို စိုက်ကြည့်ရင်း အကူအညီမဲ့စွာ
ပြုံးလိုက်သည်။ "အကြီးအကဲမူက ငါ့ရဲ့
ဆန်းကြယ်ရွှေချီကန်လို
အတော်လေးလျှို့ဝှက်ဆန်းကြယ်တာပဲ။ အကြီးအကဲမူ ရဲ့ခွန်အားနဲ့ဆိုရင် သူက တောင်ပိုင်းနယ်မြေတစ်ခုလုံးမှာ ကျော်ကြားသင့်တယ်။ဒါပေမယ့်
ဘယ်လိုအကြောင်းအရင်းတွေရှိနေလို့အကြီးအကဲမူ

ရဲ့နှာမည်ကတောင်ပိုင်းနယ်မြေမှာမရှိရတာလဲ။ ဒါ့အပြင် သူကဘာဖြစ်လို့
မရဏသေမင်းချောက်နက်ထဲမှာလာနေနေရတာလဲမသိဘူး။"

အချိန်အနည်းငယ်ကြာပြီးနောက် ယန်ယဲ့က ခေါင်းယမ်းကာ ဒီအကြောင်းကို ဆက်တွေးမနေတော့ပေ။

လက်ရှိတွင် သူ၏ အရေးကြီးဆုံး ရည်မှန်းချက်မှာ သူ၏ ခွန်အားကို တတ်နိုင်သမျှ မြှင့်တင်ရန်နှင့်
သူ့အမေကိုကယ်တင်ရန် အတွက် နည်းလမ်းတစ်ခု အမြန်ဆုံး ရှာဖွေရန် ဖြစ်သည်။

အခြားအရာအားလုံးအတွက်မူ မလိုအပ်ဘဲ
စိုးရိမ်ပူပန်မှုပေးရန် အချိန်နှင့် ခွန်အားကို အမှန်တကယ် မဖြုန်းတီးနိုင်ပေ။

မည်သို့ပင်ဆိုစေကာမူ အရာအားလုံးသည် အဆုံးတွင် အလိုလို နေရာကျသွားပေလိမ့်မည်။

ယန်ယွဲ့သည် အိမ်အိုလေးဆီသို့ တလေးတစား
ဦးညွှတ်ပြပြီးနောက် ဤနေရာတွင် ဆက်မနေတော့ဘဲ
အပြာရောင် စက်ဝိုင်းထဲသို့ လှမ်းဝင်လိုက်သည်။

ယန်ယွဲ့က အပြာရောင်စက်ဝိုင်းထဲသို့ဝင်ရောက်
ပျောက်ကွယ်သွားသောအခါတွင် အိမ်အိုလေး၏တံခါးသည်
ဖြည်းညှင်းစွာပွင့်လာပြီး အကြီးအကဲမှူး၏ပုံရိပ်
ထွက်လာခဲ့သည်။

သူက မဟာချင်အင်ပါယာကို စိုက်ကြည့်နေရင်း
သူ့မျက်လုံးထဲတွင် အတက်အကျများဖြစ်ပေါ်လာပြီး
တစ်ခုခုကို တွေးနေပုံရ၏။ခဏအကြာတွင် သူသည်
သက်ပြင်းတိုတိုနှင့်ပြောလိုက်၏။ “ဟူး....
အမှန်တကယ်ဖြစ်လာတော့မှာလား၊ မှန်တယ်။
အရာအားလုံးကို တွက်ဆလို့ မရဘူး။
ကောင်းကင်တာအိုက တကယ်ကို ကွဲပြားပါတယ်!"

......။

ယန်ယဲ့သည် မဟာချင်အင်ပါယာသို့ ပြန်ရောက်ပြီးနောက်တွင် ချင်ရှီယူပေးပို့ခဲ့သော ရှေးဟောင်းစစ်မြေပြင်နှင့်ပတ်သက်သည့် အချက်အလက်များကို ရရှိခဲ့သည်။

သို့သော်လည်း အချက်အလက်များမှာ အခြားနယ်မြေများအကြောင်း တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိသောကြောင့် ယန်ယဲ့ကအချက်အလက်များကို ကြည့်ရှုနေရင်းတိတ်ဆိတ်သွားခဲ့သည်။

"မဟာချင်အင်ပါယာ နဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းက တခြားနယ်မြေ ၈ ခုရဲ့ အချက်အလက်တွေကိုဘာကြောင့် ဖုံးကွယ်ထားရတာလဲ?"

ထိုအချိန်တွင် အဖြူရောင်အလင်းတန်းတစ်ခု တောက်ပလာသည်။ထို့နောက် လှပသောရုပ်သွင်တစ်ခုက ယန်ယဲ့ရှေ့တွင် ရုတ်တရက်ပေါ်လာကာ သူ၏နက်နဲသောအတွေးစများကို ဖြတ်တောက်ပစ်လိုက်သည်။

"ဟေး! ငါ့ရဲ့အချစ်လေး၊ မင်းဘာတွေ ဒီလောက်လေးလေးနက်နက် တွေးနေတာလဲ။မင်းငါ့ကို လွမ်းနေလို့ ဖြစ်နိုင်ပါ့မလား။ ငါတို့ ကွဲနေတာ တစ်လလောက်ရှိပြီမို့လို့ ငါ့ကို ဒီလိုလွမ်းနေစရာ မလိုဘူး...” နူးညံ့ပြီး ချစ်စရာကောင်းတဲ့ အသံက ယန်ယဲ့၏ဘေးနားကနေ ရုတ်တရက် ထွက်ပေါ်လာသည်။

ဟမ်! ယန်ယဲ့က အနည်းငယ်လန့်သွားပြီးလှည့်ကြည့်လိုက်ရာအဖြူရောင်ဝတ် မိန်းမလှလေးကိုမြင်လိုက်ရသည်။

သူမက အချိန်တစ်လကျော်ကြာအောင် ပျောက်ကွယ်နေသော ရှန်ရှမ်အာပင်ဖြစ်သည်။

အချိန်တစ်လကျော်ကြာ ခွဲခွာသွားပြီးနောက်တွင် ရှန်ရှမ်အာကအလွန်ချစ်စရာကောင်းပြီး စွဲမက်ဖွယ်ကောင်းနေပုံရ၏။

အထူးသဖြင့် သူမ၏ အလှအပကို ရည်ရွယ်ချက်ရှိရှိ ထုတ်ဖော်လိုက်သည့်အခါမျိုးတွင်......

သူမ၏
လုံးဝန်းမို့မောက်နေသောတောင်ကုန်းနှစ်ခုနှင့်တောင့်တင်းပြေပြစ်သောခန္ဓာကိုယ်အချိုးအစားကိုကြည့်ကာ ယန်ယွဲ့ပင်အသက်ရှူမြန်လာတော့သည်။

ယန်ယွဲ့က အသက်ပြင်းပြင်းရှူလိုက်ပြီး သူ၏

နှလုံးသားထဲကနေ အမိန့်တစ်ခုနှင့်အတူ
ဓားစိတ်ဆန္ဒကိုထုတ်ဖော်လိုက်မှသာ
မိန်းမောနေသောစိတ်အခြေအနေကနေလွတ်မြောက်သွား၏။
ထို့နောက် သူ့ရှေ့တွင် ရပ်နေသော ထိတ်လန့်တုန်လှုပ်နေသော
မိန်းမလှလေးကိုငေးကြည့်နေရင်း မထူးခြားသောလေသံဖြင့်
ပြောလိုက်သည်။ "အလှနတ်သမီးရှန် က အလှပဆုံးအချိန်ကို
ဘယ်လိုရွေးချယ်ရမလဲဆိုတာ တကယ်သိတာပဲ!"

အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမစတင်မီအချိန်တွင်
ရှန်ရှမ်အာထွက်ခွာသွားသည့်အကြောင်းအရင်းကိုသူနားမလ
ည်ခဲ့ပေ။ အခုချိန်မှသာ အရာရာကို နားလည်သွား၏။
အကယ်၍ ထိုအချိန်တွင် ရှန်ရှမ်အာသာဆက်ရှိနေပါက
သူတို့နှစ်ဦးစလုံးကျိန်းသေလျှောသွားလိမ့်မည်ဖြစ်သည်။ထို့
ကြောင့်သူမကသူ့ဘေးနားကနေအချိန်အတိုင်းအတာတစ်ခုထိ
ထွက်သွားပုံပင်။

ရှန်ရှမ်အာက ယန်ယဲ့၏လှော်ပြောင်းမှုကြောင့်
ဒေါသမထွက်ဘဲ ချစ်စဖွယ်အမူအရာဖြင့် ပြုံးပြလိုက်သည်၊
"ဒီတစ်ခါ မင်းငါ့ကို အထင်လွဲခဲ့တာ။ မင်းစဉ်းစားထားတဲ့
အကြောင်းပြချက်ကြောင့် ငါမထားခဲ့ဘဲ မင်းရဲ့အကျိုးအတွက်
ငါထားခဲ့တာ။"

"ဟုတ်လား?" ယန်ယဲ့က "ဒါဆို ငါ နင့်ကို
ကျေးဇူးတင်ရမှာလား?"

ရှန်ရှမ်အာက ပြုံးပြီး "ဟုတ်တယ်။တကယ်လို့ ငါ
နင်နဲ့အတူရှိနေတာကို သူတို့သတိထားမိရင်
နင့်ရဲ့သဘာဝစွမ်းရည်က ဘယ်လောက်ပဲ
ကြောက်စရာကောင်းနေပါစေ
နင့်ရဲ့အစွမ်းအစကဘယ်လောက်ပဲတန်ဖိုးရှိရှိ
သေရမယ်ဆိုတာ နားလည်ထားသင့်တယ်။

မဟာချင်အင်ပါယာက နင့်ကို ကာကွယ်ဖို့ မပြောနဲ့၊
အရင်ဆုံးနင့်ကိုသတ်မဲ့သူတောင်ဖြစ်နိုင်တယ်။ ဒါကြောင့်
ငါတို့ကြားက ဆက်ဆံရေးကို လုံးဝ ထုတ်ဖော်လို့ မရဘူး၊
မဟုတ်ရင် တောင်ပိုင်းနယ်မြေတစ်ခုလုံး နင့်ရဲ့တည်ရှိမှုကို
သည်းခံနိုင်မှာမဟုတ်ဘူး!”

ယန်ယဲ့သည်ထိုစကားကိုကြားသောအခါ
တိတ်ဆိတ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ရှန်ရှမ်အာ၏ စကားက အတော်လေး
အဓိပ္ပါယ်ရှိနေလို့ပါ။

သို့သော် ဒီမိန်းမပျိုက သူ့အပေါ် ထည့်တွက်နေပြီး
ကြင်နာတတ်လိမ့်မည်ဟု သူမယုံကြည်ခဲ့ပေ။

သူက ရှန်ရှမ်အာ နှင့် ပတ်သက်ပြီး
တစ်ခါမှအထင်မကြီးခဲ့သလိုသူမဆီကနေအလွန်ပြင်းထန်
သောအန္တရာယ်အငွေ့အသက်ကိုသာခံစားမိခဲ့သည်။

မည်သို့ပင်ဆိုစေ ရှန်ရှမ်အာ နှင့် တွေ့ဆုံတိုသူမက
အလွန်အန္တရာယ်များသောလူတစ်ယောက်ဟု သူ၏
ဆဋ္ဌမအာရုံကပြောနေလို့ပင်။

ထိုအချိန်တွင် ရှန်ရှမ်အာက
တိတ်ဆိတ်ခြင်းကိုဖြိုခွဲကာရုတ်တရက် မေးလိုက်သည်။ "နင်
ရှေးဟောင်းစစ်မြေပြင်ကို သွားမှာလား။"

ယန်ယဲ့ကအံ့သြသွားပြီး "မင်းဘယ်လိုသိတာလဲ?"

ယန်ယဲ့၏စကားကို ကြားလိုက်သောအခါ ရှန်ရှမ်အာက
သူမ၏ ချစ်စဖွယ်အပြုံးကို ထိန်းကာ အေးစက်စက်

ရယ်မောလိုက်သည်။ "တည်ထောင်သူဧကရာဇ်က တကယ်ကို ကောင်းမွန်တဲ့ ရည်ရွယ်ချက် မရှိဘူး!"

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "မင်းဘာကိုဆိုလိုတာလဲ?"

"ရှေးဟောင်းစစ်မြေပြင်ဆိုတာ ဘာလဲ သိလား?"
ရှန်ရှမ်အာက ပြန်မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်၏၊ "နယ်မြေကြီး ၉ ခု, အားလုံးရဲ့ ပါရမီရှင်တွေ စုဝေးရာနေရာပဲ မဟုတ်လား?"

ဒါကိုကြားတော့ ရှန်ရှမ်အာ၏ မျက်လုံးထဲတွင် အံ့အားသင့်နေသောအမူအရာ တဖျပ်ဖျပ်တောက်ပသွားသည်။ သူမက "နင် ဒါကို တကယ်သိလိမ့်မယ်လို့ ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ဒါတွေအားလုံးကို မင်းကိုပြောပြတဲ့လူက
တည်ထောင်သူကေရာဇ်တော့မဖြစ်နိုင်ဘူး.....
ဟုတ်တယ်မလား?"

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး "မင်းက တည်ထောင်သူကေရာဇ်
မဟုတ်ဘူးဆိုတာကိုဘယ်လိုသိတာလဲ?" ယန်ယွဲ့က
ဒီအချိန်တွင် တစ်ခုခုလွဲနေသည်ဟု ခံစားလိုက်ရသည် ။

ရှန်ရှမ်အာက သက်ပြင်းချလိုက်ပါသည်။
"ရှေးဟောင်းစစ်မြေပြင်က နယ်မြေကြီး ၉ ခုရဲ့ပါရမီရှင်
တွေစုဝေးတဲ့ နေရာဆိုတာတော့
နင်သိပါတယ်၊ ဒါပေမယ့် တောင်ပိုင်းနယ်မြေမှာ ဘာကြောင့်
စုဝေးကြတယ်ဆိုတာ သိသလား? ဟမ့်၊
ပိုပြီးတိတိကျကျပြောရရင် သူတို့က တောင်ပိုင်းနယ်မြေကို
လာရတဲ့ ရည်ရွယ်ချက်ကို နင်သိရဲ့လား?”

ယန်ယဲ့သည် ထိုအကြောင်းကို အကြီးအကဲမှုထံ
မမေးမိလိုက်သောကြောင့် ခေါင်းယမ်းလိုက်သည်။

"(ကံကြမ္မာကောင်းချီး) ကံကြမ္မာစွမ်းအားလို့ခေါ်တဲ့
ဆန်းကြယ်တိုက်ပြီးမှာ
မမြင်နိုင်တဲ့သဘာဝလွန်အရာတစ်ခုရှိတယ်။

အဲ့ဒါကို မမြင်နိုင်ဘူး။
ထိလိုက်ရင်တောင်ခံစားလို့မရဘူး။ ဒါပေမယ့် အဲဒါက
တကယ်ရှိတယ်။” ရှန်ရှမ်အာက
"ဒါ့အပြင်ရှေးဟောင်းစစ်မြေပြင်မှာ
"ပုန်းကွယ်နေသောနဂါးစေတီ"လို့ခေါ်တဲ့
နေရာတစ်ခုရှိတယ်။ စေတီအတွင်းကို
ဝင်ရောက်နိုင်တဲ့လူတွေက နယ်မြေကြီး ၉ ခုရဲ့
ထိပ်ဆုံးရောက်ပါရမီရှင်တွေဖြစ်လို့

"ပုန်းကွယ်နေသောနဂါးစေတီ"ကို
"မဟာဂျီးနီးယက်စေတီ"လို့ခေါ်ဆိုကြတယ်။

ဘာကြောင့်လဲဆိုတော့
လူတိုင်းရဲ့အဓိကရည်ရွယ်ချက်ကလည်း
"ပုန်းကွယ်နေသောနဂါးစေတီ"ပဲလေ။”

ယန်ယဲ့က ရှန်ရှမ်အာကို
စိုက်ကြည့်လိုက်ကာဆက်ပြောရန်အချက်ပြလိုက်၏။

“အခြားနယ်မြေကြီး ၈ ခုရဲ့ထိပ်ဆုံးရောက်ပါရမီရှင်တွေက
"ပုန်းကွယ်နေသောနဂါးစေတီ"ကိုဝင်ရောက်ချင်တဲ့အကြောင်း
အရင်းကတော့ စေတီရဲ့အောက်ဖက်မှာ
အဆင့်မြင့်နတ်နဂါးသွေးကြောရှိနေလို့ပဲ။

နဂါးသွေးကြောပေါ်မှာ တစ်ရက်လောက်လေ့ကျင့်တာက
ပြင်ပကမ္ဘာတွင် တစ်နှစ်လေ့ကျင့်တာနဲ့

ညီမျှတယ်။ အထူးသဖြင့်တော့ စေတီရဲ့အမြင့်ဆုံးအဆင့် အထပ် ၅ ဆင့်မြောက်ပဲ။

အဲ့ဒီမှာလေ့ကျင့်မယ်ဆိုရင် တစ်ရက်က ပြင်ပအချိန် ငါးနှစ်နဲ့ ညီတယ်။ ဟုတ်ပါတယ်၊ ဒါက စေတီရဲ့အောက်ဖက်မှာရှိတဲ့နတ်နဂါးသွေးကြောက အဲဒီနေရာမှာ လေ့ကျင့်တဲ့သူတွေကို အဆုံးမဲ့ချီစွမ်းအင်တွေထောက်ပံ့ပေးနိုင်တယ်လေ!” ရှန်ရှမ် အာက ရှင်းပြလိုက်သည်။

"တည်ထောင်သူဧကရာဇ်က ငါ့ကို မဟာချင်အင်ပါယာအတွက် ကိုယ်စားပြုပြီး မဟာချင်အင်ပါယာရဲ့ကံကြမ္မာစွမ်းအားကို မြင့်တက်လာအောင် "ပုန်းကွယ်နေသောနဂါးစေတီ"ကိုဝင်ရောက်စေချင်တယ်လို့ပဲ ပြောခဲ့တာ။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာပြောလိုက်၏။ "ဒါပေမယ့် သူ ဘာလို့ ဒီအကြောင်းတွေကို တိုက်ရိုက်မပြောတာလဲ?"

ရှန်ရှမ်အာက သူ့ကို မျက်လုံးပြူးပြီး ပြောလာခဲ့၏ "ရှေးဟောင်းစစ်မြေပြင်နဲ့ ပုန်းကွယ်နေသောနဂါးစေတီက ဘယ်လောက်ထိ ကြောက်စရာကောင်းတယ်လို့ မင်းကို ပြောခဲ့မယ်ဆိုရင် မင်း အဲဒီကို မသွားဖြစ်မှာသေချာတယ်။ အဆင့် ၄ ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသားကိုနားလည်ထားလို့နင်ကအရမ်း သန်မာနေပြီလို့တော့ငါ့ကိုမပြောနဲ့နော်။ ပွင့်ပွင့်လင်းလင်းပြော ရရင် နင့်ရဲ့လက်ရှိအင်အားနဲ့က ပုန်းကွယ်နေသောနဂါးစေတီရဲ့ တိယအဆင့်ကိုတောင် တက်နိုင်မှာမဟုတ်ဘူး။”

ယန်ယဲ့က ခေါင်းခါပြီး သူမ၏စကားကို ဂရုမစိုက်ဘဲ "ရှန်မင်းသမီး! အစောပိုင်းတုန်းကမင်းပြောခဲ့တဲ့ ကံကြမ္မာစွမ်းအားက ဘာလဲ?"

ကံကြမ္မာစွမ်းအား? ရှန်ရှမ်အာ၏အမူအရာသည် လေးနက်လာပြီး ယန်ယဲ့ကိုစိုက်ကြည့်ကာ "ဒါက လက်တွေ့မကျသလို မမြင်နိုင်တဲ့ အရာတစ်ခုပဲ၊ ဒါပေမယ့် တကယ်ရှိနေတယ်ဆိုတာ ငြင်းလို့မရပါဘူး။ ငါ့ရဲ့ ရှန်မင်းဆက်ကို ဘာကြောင့် ဖျက်ဆီးခဲ့တာလဲ? ဒီနောက်ကွယ်ကအကြောင်းအရင်းကို နင်သိသလား? ဒါမှမဟုတ် ဆေဘာဏားဂိုဏ်းက ဘာကြောင့် အခုထိ ကျဆင်းသွားလဲ သိရဲ့လား?”

ယန်ယဲ့က ခေါင်းခါပြီး မေးလိုက်သည်။ "ဒါက ကံကြမ္မာစွမ်းအား နဲ့ သက်ဆိုင်နေတာလား?" သူက ဒီလိုအရာမျိုးကို သိပ်ပြီးအယုံအကြည်မရှိချေ။ အကယ်၍ လူတစ်ဦးသည် အလုပ်မကြိုးစားပါက ကံကြမ္မာစွမ်းအားဟုခေါ်သောညအရာကိုသာ အားကိုးခြင်းဖြင့် ကျွမ်းကျင်သူဖြစ်လာနိုင်ပါမည်လော။

ရှန်ရှမ်အာက သက်ပြင်းချလိုက်ပြီး "သံသယမဖြစ်ပါနဲ့။ ကံကြမ္မာစွမ်းအားက တကယ်ရှိတယ်။ မဟုတ်ရင် အခြားနယ်မြေ ၈ ခုရဲ့ထိပ်သီးပညာရှင်တွေက နယ်မြေအသီးသီးရဲ့အတားအဆီးတွေကို ဖြတ်ကျော်ဖို့အတွက်

ဘာကြောင့် ကြီးမားတဲ့ တန်ကြေးတွေပေးဆပ်နေမှာလဲ? ဒီလိုမှမဟုတ်ရင် သူတို့ရဲ့လက်အောက်က လူငယ်မျိုးဆက်တွေကို တောင်ပိုင်းနယ်မြေကိုသွားရောက်ဖို့နဲ့ ကံကြမ္မာစွမ်းအားအတွက် တိုက်ပွဲဝင်ခွင့်ပြုမှာမဟုတ်ဘူးလေ။ ပုန်းကွယ်နေသောနဂါးစေတီ၊ ဒါ့အပြင် ကံကြမ္မာစွမ်းအားက ဆေဘာဓားဂိုဏ်းကို နှစ်ပေါင်း ၁၀,၀၀၀ တည်ရှိစေခဲ့သလို အင်အားကျဆင်းနေတာတောင် ပျက်စီးခြင်းကနေကယ်တင်နိုင်တဲ့အကြောင်းအရင်းပဲ။

နောက်ဆုံးမှာ ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးက ပုန်းကွယ်နေသောနဂါးစေတီအတွင်းမှာ အခြားနယ်မြေကြီး ၈ ခုရဲ့ထိပ်ဆုံးရောက်ပါရမီရှင်တွေကိုကျော်ဖြတ်နိုင်ခဲ့တယ်။"

ယန်ယွဲ့သည် သူမ၏ စကားကိုကြားသော အခါ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူ ဘိုးဘေးက အမှန်တကယ်ပင် ပြိုင်ဖက်ကင်း ဓားသူတော်စင်တစ်ပါးဖြစ်ပုံရသည်။ နောင်နှစ်ပေါင်း ၁၀,၀၀၀ ကြာသွားသည့်တိုင်နှောင်းလူများက သူ့ကို အလေးအနက်ထား၊ လေးစားကြဆဲပင်။

သို့သော် နှစ်ပေါင်း ၁၀,၀၀၀ ကြာပြီးနောက်တွင် ဆေဘာဓားဂိုဏ်းသည် မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းမှ အနိမ့်ဆုံးဖြစ်သွားလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့ဟန်မရပေ။

"နင်က
ရှေးဟောင်းစစ်မြေပြင်ကိုသွားဖို့ရန်တကယ်သဘောမတူခဲ့သ
င့်ဘူး!" ရှန်ရွှမ်အာက သက်ပြင်းချလိုက်ပြီး "အဲဒီမှာ
ပါရမီရှင်တွေပိုင်ဆိုင်တဲ့ အနိမ့်ဆုံး စွမ်းအားအဆင့်က
သိုင်းဘုရင်အဆင့်ပဲ။ နင်က အခု ကောင်းကင်လှာအဆင့် ၇
မှာပဲရှိသေးတယ်။ ဒါ့ကြောင့် နင့်ရဲ့ကျင့်ကြံမှုက
သူတို့ထက်အများကြီးနိမ့်ကျနေသေးတယ်။
ဘာပဲဖြစ်ဖြစ်ပါလေ ကောင်းကင်လှာအဆင့် နဲ့
သိုင်းဘုရင်အဆင့် ကြား ကွာဟမှုက
ကောင်းကင်နဲ့မြေကြီးလိုမဟုတ်ပေမယ့်လည်းအတော်လေး
ကွာဟလွန်းတယ်။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၃)] - ကံကြမ္မာစွမ်းအား

လူတိုင်းက ငါ့အပေါ် တကယ်ကို မတရားကြဘူး။ ယန်ယဲ့က ပြုံးပြီး ရုတ်တရက် မေးလိုက်သည်။ " ကံကြမ္မာစွမ်းအားက ဒီဂိုဏ်းတွေနဲ့ အင်ပါယာအတွက် အရမ်းအရေးကြီးတယ်လို့ မင်းပြောခဲ့တာလား။"

"အမှန်ပဲ၊ အရမ်းကိုအရေးကြီးတယ်!"
ရှန်ရှမ်အာက ခေါင်းညိတ်ပြီး ဆက်ပြောသည်
"မဟာချင်အင်ပါယာက အဆင့်သတ်မှတ်ချက်ပြိုင်ပွဲကို

ကျင်းပရတဲ့ နောက်ကွယ်က အကြောင်းအရင်းနဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းအကြောင်းကိုမင်း ကြားဖူးမှာပါ။တကယ်တော့ ဒါက ရှေးဟောင်းစစ်မြေပြင်မှာရှိတဲ့ ပုန်းကွယ်နေသောနဂါးစေတီအတွက် ရည်ရွယ်ထားခဲ့တာ။ သူတို့က ခွန်အားနဲ့အလားအလာရှိတဲ့ ပါရမီရှင်ကိုပဲရွေးချယ်တယ်လေ။

ပြီးတော့ နဂါးစေတီထဲမှာရှိတဲ့ ကံကြမ္မာစွမ်းအားကိုရယူနိုင်ဖို့အတွက် သူတို့ကိုယ်စားရှေးဟောင်းစစ်မြေပြင်ကိုစေလွှတ်လိုက်တယ်။ ”

“ရှေးဟောင်းစစ်မြေပြင်ကို ငါသွားရင်း သေလမ်းရှာနေတာနဲ့အတူတူပဲလို့ မင်းပြောခဲ့တာမဟုတ်လား။ တကယ်လို့ ငါ့ကိုတောင်အနိုင်မယူနိုင်တဲ့ လူငယ်မျိုးဆက်တွေက

ရှေးဟောင်းစစ်မြေပြင်ကိုရောက်တာနဲ့
တန်းပြီးသေသွားနိုင်မှာသေချာတယ်။ ဒါဆိုရင်? အဲဒီ့နောက်မှာ
သူတို့က ရှေးဟောင်စစ်မြေပြင်ဆီ စေလွှတ်ဖို့ ဘာကြောင့်
ရည်ရွယ်ထားသေးတာလဲ?" ယန်ယဲ့က ပြောသည်။

"အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာပါဝင်ခဲ့တဲ့
တပည့်တွေက အင်အားစုအသီးသီးရဲ့ထိပ်သီးပါရမီရှင်တွေလို့
တွေးလို့မရဘူးလေ။ ငါပြောတာ
မှန်တယ်မဟုတ်လား။" ရှန်ရှမ်အာက ပြန်မေးလိုက်၏။

"သူတို့မဟုတ်တာဖြစ်နိုင်ပါ့မလား?" ယန်ယဲ့က
မျက်မှောင်ကြုတ်ပြီး "မူလကျောင်းတော်မှာ ယွမ်ထုံ
ထက်တောင်ပိုပြီးကြောက်စရာကောင်းတဲ့ပါရမီရှင်တစ်ဦးရှိ
နေတယ်လို့တော့
မပြောနဲ့!"

"အဲဒါတော့ မဟုတ်ဘူး!" ရှန်ရှမ်အာက

ခေါင်းခါလိုက်ပြီး "ယွမ်ထုံရဲ့ပင်ကိုယ်စွမ်းရည်က

တောင်ပိုင်းနယ်မြေရဲ့နှစ် ၁၀၀၀ သမိုင်းမှာ ထူးထူးခြားခြား

ပါရမီရှင်တစ်ယောက်လို့ ယူဆနိုင်ပါတယ်။ သူ့ရဲ့

ခွန်အားနဲ့ဆိုရင်

အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာမပါဝင်သင့်ဘူး။ ဒါပေမယ့်

သူက "သိုင်းနတ်ဘုရားဘွဲ့"ကို ရရယူဖို့နဲ့

"သိုင်းနတ်ဘုရားတောင်"ရဲ့

အသိအမှတ်ပြုခံရဖို့အတွက်ပါဝင်ခဲ့တယ်။ နောက်ဆုံးတော့

ကံမကောင်းစွာနဲ့ပဲ၊

သူတစ်ခါမှစိတ်ကူးတောင်ယဥ်ဖူးမှာမဟုတ်ဘူး။

မူလကျောင်းတော်တစ်ခုလုံးကတောင်

အဆင့်သတ်မှတ်ချက်ပြိုင်ပွဲလိုသေးငယ်တဲ့ပြိုင်ပွဲအတွင်းမှာ

အကြိုစားအင်ပါယာ(စားတစ်ပိုင်းအင်ပါယာ)

ထွက်ပေါ်လာလိမ့်မယ်လို့မထင်ခဲ့ဘူးလို့ ပြောလို့ရမယ်။ ဒါ့အပြင်၊ အဲ့ဒီအကြိုစားအင်ပါယာက တာအိုရတနာလက်နက်ကိုတောင် အသုံးချနိုင်ခဲ့တယ်။ ဟူး....! ဒီတစ်ကြိမ်မှာတော့ အဘိုးကြီးယွမ်ထျန်းက တော်တော်ကိုကြီးမားတဲ့ဆုံးရှုံးမှုတစ်ခုခံစားလိုက်ရတယ်လို့ ယူဆနိုင်တယ်။”

ယန်ယဲ့က ဒီကိစ္စကို ဆက်မဆွေးနွေးတော့ဘဲ ခေါင်းခါပြလိုက်သည်၊ "ရှန်မင်းသမီး! မင်း ငါ့နောက်ကနေ ရှေးဟောင်းစစ်မြေပြင်ကို လိုက်လာမှာတော့မဟုတ်ပါဘူးနော်.... ဟုတ်တယ်မလား?"

ရှန်ရွှမ်အာက ခေါင်းခါလိုက်ပြီး "ဒီအချိန်မှာနင့်ဆီက ရွှေအစောင့်တွေကို ပြန်ယူဖို့ ငါလာခဲ့တာ။ ဟုတ်တယ်၊ တစ်နည်းအားဖြင့် ငါတို့လမ်းခွဲရမယ်!"

ထိုစကားကိုကြားသောအခါ ယန်ယွဲ့သည် တုံ့ဆိုင်းမနေဘဲ လက်ကို အလျင်အမြန်ဝှေ့ယမ်းလိုက်ရာ ရွှေအစောင့် ၁၂ ဦးက ရှန်ရှမ်အာ၏ ရှေ့တွင် ပေါ်လာသည်။

ထို့နောက်မှာတော့ “အလှေနတ်သမီးရှန်! ငါတို့က သိပ်ပြီးမရင်းနှီးပေမယ့် မင်းဘေးကင်းမယ်လို့ ငါမျှော်လင့်နေပါတယ်”ဟု ပြောလိုက်၏။

ဒီမိန်းမပျို(မြေခွေးနတ်သမီး) နောက်ဆုံးတွင် ထွက်ခွာတော့မည် ဖြစ်ပြီး၊ ၎င်းသည် သူ့အတွက် သတင်းကောင်းတစ်ခုပင်မဟုတ်ပါလော။

ယန်ယွဲ့၏ လုပ်ရပ်ကို ကြည့်ရင်း ရှန်ရှမ်အာက မကျေမနပ် စိုက်ကြည့်ကာ "နင်ငါ့ကို ထွက်သွားဖို့ အရမ်းကျေနပ်နေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က အခုအချိန်မှာမိတ်ဆွေတွေဖြစ်နေပြီမဟုတ်ဘူးလား။"

ယန်ယဲ့က ပြုံးရုံသာပြုံးပြီး နှုတ်ဆိတ်နေလိုက်သည်။

မည်သို့ပင်ဆိုစေ သူက ဒီမိန်းမပျိုကိုမိတ်ဆွေအဖြစ် ဖိတ်ခေါ် ခဲ့ခြင်းမဟုတ်ပေ။

ရယ်စရာဟာသတစ်ခုသာ! သူမက ချင်ရှီယူထက်ပင် အကြံအစည်ကြီးမားပြီး ဉာဏ်များလွန်းသည်။

ထို့အပြင် သူမသည် အစကတည်းက သူ့အပေါ် မကောင်းသော ရည်ရွယ်ချက်ရှိခဲ့သည်။ ယန်ယဲ့၏ စိတ်ထဲတွင် ရှန်ရှမ်အာနှင့်ပတ်သက်၍ မိတ်ဆွေအဖြစ်သတ်မှတ်မထားပေ။

ရှန်ရှမ်အာက ယန်ယဲ့၏ မျက်နှာထက်မှ အရိပ်အယောင်ကို မြင်လိုက်ရတော့ သက်ပြင်းသာချလိုက်သည်။
"နင်ပြောသလိုပဲ ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် အရမ်းကြီးမရင်းနှီးခဲ့ကြပေမယ့် ရှေးဟောင်းစစ်မြေပြင်ကနေ နင် အသက်ရှင်လျက်

ပြန်လာနိုင်မယ်လို့ ငါမျှော်လင့်တယ်။”

သူမက စကားပြောပြီးသည်နှင့်ခဏလောက်ရပ်ပြီး " နင် ဒီနယ်မြေကို ပြန်မလာရင်အကောင်းဆုံးပဲ။ အခွင့်အရေးရရင် ဗဟိုနယ်မြေကို သွားပါ။ နင်ပိုင်ဆိုင်တဲ့ စွမ်းရည်နဲ့ သဘာဝအတိုင်း အရည်အချင်းတွေနဲ့ဆိုရင် နင့်ကို ခေါ်ယူမယ့် အင်အားကြီးဂိုဏ်းတစ်ခုခုရှိမှာသေချာပါတယ်။ ဗဟိုနယ်မြေရဲ့အင်အားကြီးဂိုဏ်းတစ်ခုက နင့်ကို သဘောကျနေသရွေ့ကောင်းကင်ဘုံကို ပျံတက်သွားသလိုဖြစ်မှာ အသေအချာပဲ !”

"တောင်ပိုင်းနယ်မြေမှာ တစ်ခုခုဖြစ်နေပြီလား?" ယန်ယဲ့က အသံတိုးတိုးဖြင့် မေးသည်။

ရှန်ရှမ်အာ၏ နှုတ်ခမ်းထောင့်က အနည်းငယ် ကွဲအာသွားသော်လည်း ခေါင်းယမ်းကာ အဆုံးတွင်

ပြုံးပြလိုက်သည်။ သူမက "ဒါကို မေ့လိုက်ပါ။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ငါ့အကြံဉာဏ်ကို နင် နားထောင်လိုက် ပါ။ နောင်အနာဂတ်မှာ ထိပ်သီးပညာရှင်တစ်ဦးအနေနဲ့ ပြန်ဆုံတွေ့နိုင်မယ်လို့ မျှော်လင့်ပါတယ်။"

သူမစကားပြီးသည်နှင့် ရှန်ရွမ်အာက သူမ၏ လက်ကိုဝှေ့ယမ်းလိုက်ပြီး ရွှေအစောင့် ၁၂ ဦးနှင့်အတူ ပျောက်ကွယ်သွားကာ အဖြူရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားသည်။

ရှန်ရွမ်အာ ထွက်ခွာသွားသည်ကို ကြည့်နေရင်း ယန်ယဲ့၏ မျက်ခုံးများက အလွန်တင်းကျပ်စွာ ချည်ထားသည်။

"တောင်ပိုင်းနယ်မြေမှာ ဘာတွေဖြစ်နေပြီလဲ? မဟာဂိုဏ်းကြီးခြောက်ဂိုဏ်း နဲ့ မဟာချင်အင်ပါယာကြား ပဋိပက္ခစစ်ပွဲတွေစတင်တော့မှာလား။ ဒါပေမယ့် အဲ့ဒါက

ဖြစ်နိုင်တယ် မထင်ဘူး! တကယ်တော့၊ အင်အားစုတွေက
တစ်ခုနဲ့တစ်ခု သဟဇာတဖြစ်အောင် နေထိုင်ကြပြီး
သူတို့ကြားက မျှခြေကိုထိန်းသိမ်းထားတာမဟုတ်ဘူးလား။
ဒါကြောင့် အင်အားစုတွေအချင်းချင်းတိုက်ခိုက်ဖို့က
မဖြစ်နိုင်ဘူးလို့ယူဆနိုင်တယ်။ ဒါပေမယ့် မဟာချင်အင်ပါယာ
နဲ့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းစစ်ပွဲစတော့မှာမဟုတ်ရင်
တောင်ပိုင်းနယ်မြေက ဘယ်လိုလုပ်ပြီး ဖရိုဖရဲ
ဖြစ်သွားနိုင်မှာလဲ။

ဒီလို ထူးထူးခြားခြား ဖြစ်စေနိုင်တဲ့စွမ်းရည်ကို ဘယ်သူတွေ
ပိုင်ဆိုင်ထားလဲ။"

တော်တော်လေးကိုရှုပ်ထွေးနေပါလား?

ခဏအကြာတွင်

ယန်ယွဲ့ကိုစိတ်ရှုပ်လာပြီးခေါင်းယမ်းလိုက်ကာ

ဤအရာအားလုံးကို တွေးမနေတော့ပေ။

တောင်ပိုင်းနယ်မြေတစ်ခုလုံး ကမောက်ကမ
ဖြစ်သွားသည်ဖြစ်စေ သူ့အတွက် အရေးမကြီးသောကြောင့်
ဤအရာများသည် သူစိုးရိမ်ရမည့်အရာမဟုတ်ပေ။
ထို့ထက် ပိုပို၍ ဖရိုဖရဲဖြစ်လေလေ ပိုကောင်းလေဟု
သူခံစားမိသည်။ မည်သို့ပင်ဆိုစေ သူသည်လည်း
တောင်ပိုင်းနယ်မြေ၏မဟာအင်အားစုများကို
နှစ်သက်သဘောကျခြင်းမရှိပေ။

........။

လေးရက်ကြာပြီးနောက်၊ အဆင့်သတ်မှတ်ချက်ပြိုင်ပွဲ၏
ထိပ်ဆုံးအဆင့် အယောက် ၃၀ လုံး အင်ပါယာမြို့တော်သို့
ရောက်ရှိလာကြသည်။

သူတို့အားလုံးက သက်ဆိုင်ရာအင်အားစုများကိုယ်စား
ရှေးဟောင်းစစ်မြေပြင်သို့
သွားရောက်ရန်ရောက်လာကြခြင်းပင်။

၎င်းသည် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွင်
ထိပ်တန်းအဆင့်စာရင်းဝင်များသာမက၊
မဟာချင်အင်ပါယာ၏ လျှို့ဝှက်စစ်တပ်နှင့်
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းမှပါရမီရှင်တပည့်များလည်း
ရှေးဟောင်းစစ်မြေပြင်သို့ဦးတည်သွားခဲ့ကြသည်။

အကယ်၍ အဆင့်သတ်မှတ်ချက်ပြိုင်ပွဲသည်
အချန်တိုအတွင်း အင်အားစုအမျိုးမျိုး၏ မြင့်တက်လာမှု၊
အင်အားကျဆင်းမှုနှင့် ဆက်စပ်နေပါက၊
ရှေးဟောင်းစစ်မြေပြင်တွင် ကံကြမ္မာစွမ်းအားအတွက်
တိုက်ပွဲသည် အင်အားစုအသီးသီး၏ အနာဂတ်အင်အား

မြင့်တက်လာခြင်း၊ ပြိုလဲခြင်းနှင့် သက်ဆိုင်ပါသည်။

ထို့ကြောင့် မဟာချင်အင်ပါယာ နှင့်

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းသာမကပေ၊

တောင်ပိုင်းနယ်မြေ၏

အင်အားစုအသီးသီးမှပါရမီရှင်များပါစေလွှတ်ခဲ့သည်။

အထူးသဖြင့် တောင်ပိုင်းနယ်မြေ၏ မဟာဂိုဏ်းကြီးများ၊

ဤအကြိမ်တွင် စေလွှတ်လိုက်သောပါရမီရှင်များက

အတွင်းစည်းတပည့်များတင် မဟုတ်ဘဲ၊

သက်ဆိုင်ရာဂိုဏ်းများ၏ အဓိကတပည့်များပါ

ပါဝင်နေခဲ့ပေသည်။

အင်ပါယာမြို့တော်အပြင်ဖက် တောင်တန်းပေါ်တွင်

ကြီးမားသောခရီးသွားပေါ်တယ်တစ်ခုဖြစ်ပေါ်လာခဲ့၏။

ဒီအချိန်တွင် များပြားသော လူငယ်ပါရမီရှင်များက
ခရီးသွားပေါ်တယ်အောက်ရှိ ဧရိယာကို လွှမ်းခြုံထားသည်။

ထိုလူငယ်များထဲတွင် လေလွင့်ကျင့်ကြံသူများ၊
မျိုးနွယ်စုအသီးသီးမှ တပည့်များနှင့်
မဟာဂိုဏ်းကြီးများ၏တပည့်များ ရှိနေပေသည်။

ဒီအချိန်တွင် သူတို့၏မျက်နှာများက
စိတ်လှုပ်ရှားပျော်ရွှင်မှုများဖြင့် ဖုံးလွှမ်းနေပါသည်။

မဟာချင်အင်ပါယာနှင့်
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းသည်ဤအကြိမ်တွင်
မရေမတွက်နိုင်သော ကျင့်ကြံခြင်းအရင်းအမြစ်များကို
ပေးရုံသာမက၊
ပုန်းကွယ်နေသောနဂါးစေတီ၏ဒုတိယအဆင့်သို့
တက်နိုင်လျှင် သက်ဆိုင်ရာဂိုဏ်းများ၏

တိုက်ရိုက်တပည့်များဖြစ်လာရန်ပင်
အာမခံချက်ပေးထားသည်။

တိုက်ရိုက်တပည့်များ။ ဤအရာသည် တပည့်တိုင်း
လက်လှမ်းမမှီနိုင်သောအဆင့်တစ်ခုဟုပင်ဆိုနိုင်သည်။

အထူးသဖြင့် လေလွင့်ကျင့်ကြံသူများ။
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းနှင့် ပူးပေါင်းစည်းရန်
အားလုံးလိုလိုက ပြဿနာမဟုတ်သော်လည်း၊
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်း၏
တိုက်ရိုက်တပည့်များဖြစ်လာခြင်းကအလွန်ကောင်းမွန်လှ
သောအဆင့်အတန်းတစ်ခုပါ။

တစ်ဖက်တွင်၊ တိုက်ရိုက်တပည့်များနှင့်
အတွင်းစည်းတပည့်များအကြား

အဆင့်အတန်းကွာဟချက်မှာ ကောင်းကင်နှင့်မြေကြီးကြားရှိ ကွာဟချက်ကဲ့သို့ပင်။

ထို့ကြောင့် မရေမတွက်နိုင်သော လူငယ်ကျွမ်းကျင်သူများက အထူးသဖြင့် လေလွင့်ကျင့်ကြံသူများက အတော်လေးစိတ်လှုပ်ရှားနေပုံရ၏။

မဟာချင်အင်ပါယာနှင့် မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းတို့မှ သတိပေးထားခဲ့သောရှေးဟောင်းစစ်မြေပြင်၏ အန္တရာယ်များကိုပင် လုံးဝဂရုမစိုက်ဟန်ဖြင့်မေ့လျော့နေကြသည်။

မည်သို့ပင်ဆိုစေ လူသားတို့၏သဘောသဘာဝအရ ကြီးမားသောအကျိုးအမြတ်များ၊သွေးသွေးဆောင်မှုနှင့်ကြုံ တွေ့ရပါက ရင်ဆိုင်ရမည့်အန္တရာယ်များကို မေ့လျော့သွားတတ်ကြသည်။

အလားတူ မဟာဂိုဏ်းကြီးများ၏တပည့်များသည်လည်း
ရှေးဟောင်းစစ်မြေပြင်၌ ကျန်ဒေသကြီး ၈ ခုမှ
ထိပ်သီးပါရမီရှင်များနှင့်
ရင်ဆိုင်ရတော့မည်ကိုတွေးပြီးစိတ်အားတက်ကြွနေပေသည်။

ပါရမီရှင်အများစုတွင် တူညီသောစိတ်သဘောထားရှိသည်။
ထိုအချက်မှာကိုယ်ပိုင်စွမ်းအား၊
အဆင့်အတန်းနှင့်ပတ်သက်၍
အလွန်ဂုဏ်ယူကြပြီးအခြားသူများထက်
နိမ့်ကျသည်ဟုမခံယူလိုခြင်းဖြစ်သည်။

ခရီးသွားပေါ်တယ်အထက်တွင် ဝန်ကြီးချုပ်လီစီက
အောက်ဖက်ရှိ လူအုပ်ကို စိုက်ကြည့်နေစဉ် စိတ်ထဲ၌
မသိမသာ ခေါင်းယမ်းလိုက်သည်။

ရှေးဟောင်းစစ်မြေပြင်မှ
အသက်ရှင်လျက်ပြန်လာနိုင်သည့်လူငယ် မည်မျှရှိမည်နည်း။

"လူတိုင်း၊ ရှေးဟောင်းစစ်မြေပြင်ရဲ့
ပုန်းကွယ်နေသောနဂါးစေတီမှာ ရလာဒ်ကောင်းတွေ
ရနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီမှာ မင်းတို့ရင်ဆိုင်ရမဲ့
အန္တရာယ်တွေအကြောင်း အားလုံးကို ပြောပြထားပြီးသားပါ။
ဒီတော့ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို နောင်တရပြီးပြန်ရုတ်သိမ်းဖို့
ရည်ရွယ်ထားတယ်ဆိုရင် အခုချက်ချင်း
လုပ်နိုင်ပါတယ်။ မင်းတို့ကအဲဒီကိုရောက်ပြီးတာနဲ့
ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို နောင်တရဖို့ အခွင့်အရေးမရှိဘူး။”
ဝန်ကြီးချုပ်က စိတ်အားတက်ကြွနေသောလူအုပ်ကိုကြည့်ရင်း
ပြောလိုက်ပါသည်။

ဒီစကားကိုကြားသည့်တိုင် အောက်ဖက်ရှိလူအုပ်ကြီးက ခေါင်းယမ်းလိုက်ကြသည်။ ဟာသပဲ! ပုန်းကွယ်နေသောနဂါးစေတီတွင် တစ်ရက်တာ လေ့ကျင့်ခြင်းက ပြင်ပလေ့ကျင့်မှုနှင့် အချိန်တစ်နှစ်စာညီမျှပေသည်။

ထို့အပြင် သူတို့က မဟာချင်အင်ပါယာနှင့် မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ဆုလာဘ်များကိုပင် ရရှိနိုင်ပါသည်။

ထို့ကြောင့် အရူးတစ်ဦးကသာ ဒီလိုအခွင့်အရေးကောင်းကို စွန့်လွှတ်လိမ့်မည်ဖြစ်သည်။

ဝန်ကြီးချုပ်လီစီသည် ဘယ်သူမှပြန်ဆုတ်ခွာရန် မရည်ရွယ်ထားကြောင်းကို မြင်လိုက်တဲ့အခါ ခေါင်းညိတ်လိုက်ပြီး "ကောင်းပြီ၊ အခု

မင်းတို့အားလုံး ကန့်ကွက်စရာမရှိလို့ ခရီးသွားပေါ်တယ်ထဲကို ဝင်လိုက်ကြတော့!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၄ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၄)] - ရှေးဟောင်းစစ်မြေပြင်သို့ဦးတည်ထွက်ခွာ

သို့သော် အောက်ခြေလူအုပ်ထဲတွင် မည်သူမျှ မလှုပ်ရှားသေးပေ။

မရေမတွက်နိုင်သော လေလွင့်ကျင့်ကြံသူများကရှေ့ဆုံးတန်းတွင်ရပ်နေသောလူအုပ်စုဆီသို့ အကြည့်များကို ပစ်လွှတ်လိုက်ကြသည်။

ဤလူအုပ်က မဟာချင်အင်ပါယာ၏ ထိပ်တန်းတပည့်များနှင့် မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ပါရမီရှင်များဖြစ်သည်။

အများစုမှာ မရင်းနှီးသော မျက်နှာများ ဖြစ်ကြသော်လည်း ယွမ်ထုံ၊ လန်းရှင်းရန်၊ ဝမ်းရန်ယွဲ့နှင့် မုယွန်ယောင် ကဲ့သို့ ရင်းနှီးသော မျက်နှာများလည်း ရှိနေသေး၏။

လူတိုင်း နှုတ်ဆိတ်နေချိန်တွင် မူလကျောင်းတော်၏ ထိပ်တန်းတပည့်တစ်ဦးက ရှေ့သို့ တိုးလာကာ လူတိုင်းကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး “အရင်တုန်းကဆိုရင် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ အဆင့် ၁ နေရာက ငါ့ရဲ့ မူလကျောင်းတော်မှာ အမြဲရှိတယ်။ အခုနှစ်မှာ ဆေဘာဓားဂိုဏ်းရဲ့အပြင်စည်းတပည့်တစ်ဦးက သိမ်းယူသွားခဲ့တယ်လို့သတင်းကြားမိတယ်။ငါ ယွမ်ရှုက ယန်ယဲ့လို့ခေါ်တဲ့ ဒီလူငယ်နဲ့ တကယ်ပဲတွေ့ချင်နေမိတယ်။ ယန်ယဲ့က ဘယ်သူလဲလို့ တွေးမိတယ်။ ငါမင်းကိုတွေ့ရအောင် လူအုပ်ထဲက ဘာလို့ထွက်မလာတာလဲ။"

ယွမ်ရှု၏စကားကိုကြားလိုက်သောအခါ ယွမ်ထုံ၏အမူအရာသည် ချက်ချင်းပင် ပြောင်းလဲသွားလေသည်။

သို့ရာတွင် သူက အကြီးအကျယ်
ထိတ်လန့်မသွားပေ။ သူသည် သိုင်းနတ်ဘုရားဖြစ်ရန်အတွက်
အရည်အချင်းများ ဆုံးရှုံးပြီးနောက် သိုင်းနတ်ဘုရားတောင်မှ
အမွေအနှစ်ကို ဆက်ခံနိုင်ခွင့်မရှိတော့ပါ။

ထိုအမွေအနှစ်မရှိပါက သူဟာ မူလကျောင်းတော်၏
စီနီယာတပည့်များရှေ့တွင် ဂုဏ်ယူဝင့်ကြွားရန် အရည်အချင်း
(သို့မဟုတ်) အခွင့်မရှိပေ။

ခဏအကြာတွင် ယန်ယဲ့ထွက်မလာသည်ကိုတွေ့သောအခါ
ယွမ်ရှုက အေးစက်စွာ ရယ်မောလိုက်သည်။ "ဘာလဲ?
အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ အဆင့် ၁ နဲ့
အကြိုစားအင်ပါယာက ငါ့ကိုတွေ့ဖို့
သတ္တိတောင်မရှိဘူးလား?"

သို့သော်လည်း ယန်ယဲ့သည် သူ့ကိုယ်သူ မပြသေးပေ။

ယွမ်ရှုကမျက်နှာပျက်သွားပြီးနောက်
ဆေဘာဓားဂိုဏ်းမှအဖွဲ့ကို ဦးဆောင်သည့်
ထိပ်တန်းတပည့်ကို စိုက်ကြည့်ကာ "ဂျန်ဝူဂျိ! ဒါဆယက
မင်းရဲ့ဆေဘာဓားဂိုဏ်းရဲ့တပည့်တွေက ဘယ်လိုပုံစံနဲ့
လုပ်တာလဲ။ ငါ့ကိုတွေ့ဖို့တောင် သတ္တိမရှိဘူးလား?"

ဂျန်ဝူဂျိဟုခေါ်သော လူငယ်က ရယ်မောကာ “ယွမ်ရှု၊
မင်းမှားနေပြီ။ ယန်ယဲ့က အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ
ငါ့ရဲ့ဆေဘာဓားဂိုဏ်းကိုကိုယ်စားပြုပေမယ့် သူက
ဆေဘာဓားဂိုဏ်းရဲ့တပည့်မဟုတ်ဘူး။

သူနဲ့ ပန်းနန်းတော်၊ မင်းရဲ့မူလကျောင်းတော်တို့နှစ်ခုကြား
ရန်ငြိုးဖွဲ့မှုက ငါ့ရဲ့ဆေဘာ

ဓားဂိုဏ်းနဲ့ လုံးဝ မသက်ဆိုင်ဘူး။
မင်းကသူ့ကိုတွေ့ချင်နေရင် လွတ်လွတ်လပ်လပ်

သူ့ဆီသွားရှာလိုက်။ ငါ့ရဲ့ဆေဘာစားဂိုဏ်းက ဝင်ပြီးစွက်ဖက်မှာမဟုတ်ဘူး!"

ယွမ်ရှုက အေးစက်စွာ ရယ်မောပြီး "ဒီလိုဖြစ်ရင် အကောင်းဆုံးပါပဲ၊ မဟုတ်ရင် ငါတို့က ပြည်နယ်ကြီးတစ်ခုတည်းကလာတယ်ဆိုတဲ့ အချက်ကို ထည့်မစဉ်းစားဘူးဆိုပြီး ငါ့ကို အပြစ်မတင်ပါနဲ့!"

ဂျန်ဝူဂျိက ပြုံးရုံသာပြုံးသည်။ဘာမှပြန်မပြောတော့ပေ။

ထိုအချိန်တွင် ပန်းနန်းတော်မှ အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လာသည့် အေးစက်စက် မိန်းမလှလေးက ရုတ်တရက် ရှေ့သို့ တိုးလာကာ ယွမ်ရှုကိုမကြည့်ခင် ဂျန်ဝူဂျိကို စိုက်ကြည့်လိုက်သည်။ “ယွမ်ရှု! ယန်ယဲ့က ငါတို့ပန်းနန်းတော်က

သစ္စာဖောက်တစ်ယောက်ရဲ့သား။ ဒါကြောင့် သူ့ဘဝကို ငါ့ရဲ့ပန်းနန်းတော်က သိမ်းထားရမယ်။ နင်ဘယ်လိုထင်သလဲ?"

"အိုး?" ယွမ်ရှူက အေးစက်စွာ ရယ်မောလိုက်သည်၊ “ရန်ဝူ! ယန်ယဲ့က ဉာဏ်အလင်းရစားနှလုံးသားကိုပိုင်ဆိုင်ထားတဲ့အပြင် အဆင့် ၄ ဓားစိတ်ဆန္ဒကိုပါနားလည်ထားတယ်နော်။ ပြီးတော့ သူ့ဘေးနားမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ သိုင်းဘုရင်အဆင့် အမှောင်မှော်သားရဲတစ်ကောင်လည်းရှိနေသေးတယ်။ ကောင်းပြီ၊ ငါပြောချင်တာက မင်း သူ့ကို သတ်ဖို့ကြိုးစားရင် မင်းရဲ့ပန်းနန်းတော်အတွက် တကယ်ကို ထူးထူးခြားခြား အရှုက်ရစေမယ့် အဆုံးသတ်ကိုတော့ မဖန်တီးလိုက်နဲ့ဦး။”

“သူ့ကိုသတ်ပစ်ဖို့လား? ဟမ့်။ သူသည် ဉာဏ်အလင်းရစားနှလုံးသား နဲ့

ခားစိတ်ဆန္ဒကိုနားလည်ထားရင်တောင် ဘာဖြစ်လည်း?
အလွန်ဆုံးရှိ သူက အခုမှ
ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူတစ်ယောက်ဖြစ်နေတုန်း
ပဲ။

သူ့လို အဆင့်နိမ့်ကောင်းကင်လွှာအဆင့်လေးက
ငါ့ကိုရင်ဆိုင်ဖို့
နယ်ပယ်ကြီးတစ်ခုကိုကျော်လွှားနိုင်တယ်လို့တော့မပြောနဲ့။

အဲဒါကို ပြီးမြောက်အောင်လုပ်ဖို့ အရည်အချင်းတွေတောင်
ရှိမှာတဲ့လား။ တစ်ခုရှိသေးတယ်.... ယွမ်ရှူ! ငါက နင့်ရဲ့
မူလကျောင်းတော်က တပည့်လိုမဟုတ်ဘူး!” သူမက
ယွမ်ရှူကို စကားပြောနေရင်း ယွမ်ထုံကို
တစ်ချက်ကြည့်လိုက်သည်။

ယွမ်ထုံ၏အမူအရာက
သိသိသာသာပျက်ယွင်းသွားသော်လည်း
အဆုံးတွင်ဘာမှပြန်မပြောခဲ့ပေ။
အမှန်တော့ ရှုံးနိမ့်သူများက အကြိမ်များစွာ ပြောဆို
ပိုင်ခွင့်မရှိချေ။

ယွမ်ရှုက ယွမ်ထုံ၏အမူအရာကိုကြည့်လိုက်ပြီးနောက်
ချက်ချင်းပင်တုံ့ပြန်လိုက်သည်။“ငါ့မူလကျောင်းတော်ရဲ့ဂျူနီ
ယာညီလေး ယွမ်ထုံက ရှုံးနိမ့်သွားပေမယ့်
အစွမ်းကုန်ကြိုးစားပြီးမှ ရှုံးသွားတာ။တစ်ဖက်မှာ
မင်းရဲ့ပန်းနန်းတော်က တိုက်ပွဲတောင်အဆုံးမသတ်သေးဘဲ
လက်နက်ချခဲ့တယ်။ အရှက်ရစေတယ်ဆိုရင်တော့
မင်းရဲ့ပန်းနန်းတော် တပည့်ကသာ
စက္ကူကျားရုပ်တစ်ခုလိုပဲဖြစ်နိုင်တယ်မဟုတ်လား?”

မိန်းမလှ ရန်ဝူက ဒေါသပေါက်ကွဲခါနီးတွင်

နှင်းနန်းတော်၏လူအုပ်ထဲမှ

အဖြူရောင်ဝတ်မိန်းမပျိုတစ်ဦးက ရှေ့သို့ လျှောက်လာကာ

ယွမ်ရှူ နှင့် ရန်ဝူ နှစ်ဦးစလုံးကို ဂရုမစိုက်ဘဲ စိုက်ကြည့်ရင်း

“နင်တို့နှစ်ယောက်စလုံးက သောက်ကျိုးနဲ

အရူးတွေနဲ့တူတယ်။ နင်တို့နှစ်ယောက်စလုံးက သူ့ကို

အချိန်မရွေး သတ်ပစ်နိုင်တယ်ပဲထား။ တကယ်လို့ သူသာ

သိုင်းဘုရင်အဆင့်ကို ရောက်သွားရင် သူပိုင်ဆိုင်တဲ့

ဉာဏ်အလင်းဓားနှလုံးသားက

မယုံနိုင်စရာကောင်းလောက်အောင်ထပ်ပြီးမြင့်တက်သွားလိမ့်

မယ်။ ဒီလိုဆို နင်တို့နှစ်ယောက် သူ့ကို

ဘယ်လိုသတ်ကြမှာလဲ။ ဘယ်လောက်တောင်

ရယ်စရာကောင်းလိုက်သလဲ!" အဖြူရောင်ဝတ်မိန်းမပျိုက

စကားပြီးသည်နှင့် နှင်းနန်းတော်၏ တပည့်အားလုံးကို

ခရီးသွားပေါ်တယ်ထက်သို့ ပို့ဆောင်လိုက်ရင်း

ပျောက်ကွယ်သွားခဲ့သည်။

ယွမ်ရှု နှင့် ရန်ဝူတို့နှစ်ဦး၏အမူအရာက

အနည်းငယ် ဆိုးရွားနေခဲ့သည်။ သူတို့နှစ်ဦးစလုံးက

အဖြူရောင်ဝတ်မိန်းမပျိုကို တုံ့ပြန်ချင်သော်လည်း

မလုပ်ဆောင်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် နှင်းနန်းတော်၏ တပည့်ခေါင်းဆောင်

မိန်းမပျိုပြောလိုက်သောစကားများက

အတိအကျမှန်နေသည်မဟုတ်ပါလား။

"ဒဏ္ဍာရီလာ

သိုင်းနတ်ဘုရား"ကလွဲ၍ "ဉာဏ်အလင်းရစားနှလုံးသား"ပိုင်

ဆိုင်ထားသူကို

အဆင့်တူနယ်ပင်တွင်ဘယ်သူမှရင်မဆိုင်နိုင်ပေ။

သို့သော်လည်း သိုင်းဘုရားဖြစ်လာရန် ဖြစ်နိုင်ခြေအရှိဆုံး

တောင်ပိုင်းနယ်မြေ၏ ဒဏ္ဍာရီလာပါရမီရှင်က

ယန်ယဲ့၏လက်ထဲတွင် ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည်။

ယန်ယဲ့သာ သိုင်းဘုရင်အဆင့်သို့တက်လှမ်းသွားပါက
အဆင့်တူနယ်ပယ်တွင်ဘယ်သူမှရင်ဆိုင်နိုင်တော့မည်မဟုတ်
ပေ။

ထို့ကြောင့် ယန်ယဲ့ကိုအနိုင်ယူချင်ပါက
သိုင်းဘုရင်အဆင့်သို့မဝင်ရောက်ခင်အချိန်မှီဖယ်ရှားပစ်နိုင်မှ
သာ။

ဒီအချိန်တွင် ယွမ်ရှု နှင့် ရန်ဝူတို့နှစ်ဦးစလုံး
တူညီသောအတွေးများကို တစ်ပြိုင်နက် တွေးတောရင်း
တိတ်ဆိတ်နေခဲ့လေသည်။

ရုတ်တရက် ယွမ်ရှုက တစ်စုံတစ်ခုကို တွေးနေပုံရပြီး
ဝိညာဉ်တစ္ဆေဂိုဏ်း၏တပည့်များရပ်နေသော နေရာကို
လှမ်းကြည့်လိုက်သည်။"ဝိညာဉ်တစ္ဆေဂိုဏ်းရဲ့လီရှန်းဟီက
သူ့ရဲ့ညီငယ်သေဆုံးသွားတဲ့အတွက်

ယန်ယဲ့ကိုသတ်ပစ်မယ်လို့ကျိန်ဆိုထားတယ်မဟုတ်လား။
အခု သူက ဘာလို့ဒီကိုမလာသေးတာလဲ။"

ဝိညာဉ်တစ္ဆေဂိုဏ်း၏တပည့်များသည် ယွမ်ရှူ၏ အမေးခွန်းကို လျစ်လျူမရှုဝံ့ဘဲ၊ တပည့်တစ်ဦးက " ယန်ယဲ့ဟာ မနေ့တည်းက သူတစ်ကိုယ်တည်းနဲ့ရှေးဟောင်းစစ်မြေပြင်ကို သွားတယ်ဆိုတဲ့ သတင်းကို လက်ခံရရှိတဲ့အတွက် စီနီယာအစ်ကိုရှန်းဟီက အရင်ဆုံး ထွက်သွားပြီ။ အခု သူက ယန်ယဲ့ကိုလိုက်ရှာနေတယ်!"

"ယန်ယဲ့က ရှေးဟောင်းစစ်မြေပြင်ကို သွားဖို့အတွက် မဟာတောင်တန်းတွေကို ဖြတ်ကျော်ဖို့ ရည်ရွယ်ထားတာလား။" ရန်ဝူက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

ဝိညာဉ်တစ္ဆေဂိုဏ်း၏ တပည့်ဖြစ်သူက ခေါင်းညိတ်ကာ “ငါတို့ ဝိညာဉ်တစ္ဆေဂိုဏ်းက ရရှိတဲ့ အချက်အလက်တွေအရတော့ သူကဒီလိုလုပ်ဖို့ရည်ရွယ်ထားပုံပဲ!”

"ရှေးဟောင်းစစ်မြေပြင်ကို သွားဖို့ သူဘာကြောင့် ဒီလောက်ကြိုးစားအားထုတ်နေရတာလဲ?" ယွမ်ရှူက အသံတိုးတိုးဖြင့် ပြောလိုက်သည်။ ခဏအကြာတွင် သူသည် တစ်ခုခုကို တွေးပြီး ရယ်မောနေပုံရသည်။ “သူက ငါတို့ကို ကြောက်နေလို့လား။ ဒီတော့ သူက မဟာတောင်တန်းတွေကို ဖြတ်ပြီး ရှေးဟောင်းစစ်မြေပြင်ကို သူ့ဘာသာသူ ခရီးသွားဖို့ တုံ့ဆိုင်းမနေနိုင်ဘူးပေါ့။"

"ဖြစ်ကောင်း!" ရန်ဝူက "သူက မဟာချင်အင်ပါယာကလွဲလို့ မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းထဲက ငါးဂိုဏ်းကို စော်ကားခဲ့တယ်။ ဒါကြောင့် သူဒီကိုရောက်လာရင် ဒီနေ့ကို ကျော်ဖြတ်နိုင်မှာမဟုတ်ဘူးဆိုတာ သေချာပေါက်သိနေမှာပဲ။

ဒါ့ကြောင့် သူက ရှေးဟောင်းစစ်မြေပြင်ကို တစ်ယောက်တည်းသွားရောက်ဖို့ ရွေးချယ်ခဲ့တာ။ ဒီ ယန်ယဲ့က တော်တော်လေး ဉာဏ်ကောင်းတယ်!”

ယွမ်ရှူက အေးစက်သောလေသံဖြင့် ပြောလိုက်သည်။ "ဟမ်! ရက်အနည်းငယ်ကြာအထိပဲ အသက်ရှင်နိုင်မှာဖြစ်လို့ ဒါက အရေးမကြီးတော့ပါဘူး။ လီရှန်းဟီပိုင်ဆိုင်ထားတဲ့ခွန်အားနဲ့ အရှူးစိတ်ဓာတ်နဲ့ဆိုရင် မဟာတောင်တန်းကသူ့ရဲ့ သင်္ချိုင်းဖြစ်လိမ့်မယ်။ လီရှန်းဟီက သိုင်းဘုရင်အဆင့် ၇ ကျွမ်းကျင်သူဖြစ်နေပြီ။ ဒါ့အပြင် သူက ငရဲလေဟာနယ်ထဲကိုတောင် ဝင်ရောက်ရဲတဲ့ လူမိုက်ကောင်။ ယန်ယဲ့က အဆင့်ကျော်တိုက်ခိုက်နိုင်ရင်တောင် လီရှန်းဟီကိုရင်ဆိုင်ဖို့ဆိုတာဘယ်လိုမှမဖြစ်နိုင်ဘူး!”

"ဒီအတိုင်းပဲ သူသေသွားမယ်ဆိုရင် တကယ်ကို ပေါ့ပေါ့ပါးပါး လွတ်သွားတာပေါ့!" ရန်ဝူက အေးစက်စွာ ရယ်လိုက်၏။

"စိတ်မပူပါနဲ့၊ လီရှန်းဟီက ဘယ်လောက်သွေးဆာရက်စက်တယ်ဆိုတာ လူတိုင်းသိနေတာပဲ။ သူက ယန်ယဲ့ကို မြန်မြန်သေဖို့ ခွင့်ပြုမှာမဟုတ်ဘူး!" ယွမ်ရှူက ပြန်ပြောလိုက်သည်။

"မှန်တယ်...။" ရန်ဝူက ခေါင်းညိတ်ကာသဘောတူလိုက်၏။

ဝမ်းရန်ယွဲ့နှင့် မုယွန်ယောင် တို့နှစ်ဦးစလုံးလည်း ရန်ဝူနှင့်ယွမ်ရှူ တို့၏ စကားဝိုင်းကို ကြားလိုက်သောအခါ အလွန်စိုးရိမ်လာခဲ့သည်။

ပါရမီရှင်များက တိုက်ခိုက်ရာတွင် အဆင့်ကျော်တိုက်ခိုက်နိုင်သောပါရမီရှင်များအတွက်ကသာမန်ပင်။

သို့သော် ဒီတစ်ကြိမ်တွင် လီရှန်းဟီ၊ အလွန်ထူးချွန်သောပါရမီရှင်မဟုတ်ဘဲ သွေးဆာနေသောလူသတ်သမားတစ်ဦးဟုဆိုထားသောဝိညာဉ်တစ္ဆေဂိုဏ်း၏ အဓိကတပည့်ဖြစ်သည်။

တစ်ချိန်က ယန်ယွဲ့သည် တာအိုရတနာလက်နက်ကို အသုံးပြုပြီး သိုင်းဘုရင်တစ်ပိုင်းအဆင့် ယွမ်ထုံကို အနိုင်ယူခဲ့သည်။

ယခုအချိန်တွင် လီရှန်းဟီက သိုင်းဘုရင်တစ်ပိုင်းအဆင့် မဟုတ်ဘဲ၊ အစစ်အမှန် သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူဖြစ်သည်။

ထို့အပြင် လီရှန်းဟီက

သာမန်သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူမဟုတ်ပေ၊

သိုင်းဘုရင်အဆင့် ၇ ဟူသော အစွမ်းထက်သိုင်းဘုရင်အဆင့်

ကျွမ်းကျင်သူပင်။

ဒီလို

အစွမ်းထက်သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတစ်ဦးနှင့်ရင်ဆိုင်

ရပါကယန်ယွဲ့အနေဖြင့် အသက်ရှင်နိုင်ပါမည်လော။

......။

တောင်ပိုင်းနယ်မြေ၏ ပါရမီရှင်များနှင့် ထိပ်တန်း

တပည့်များအားလုံး ရှေးဟောင်းစစ်မြေပြင်သို့

ဦးတည်သွားသည့်အခိုက်တွင် ယန်ယွဲ့သည်

မဟာတောင်တန်းများတွင် ရှိနေပြီဖြစ်သည်။ သူသည်

မီးခိုးရောင်ဝံပုလွေကိုစီးနင်းရင်း
အစိမ်းရောင်လွင်ပြင်တစ်လျှောက် ဖြတ်သန်းသွားနေခဲ့၏။

သူသည် ရှေးဟောင်းစစ်မြေပြင်သို့
ခရီးသွားပေါ်တယ်ဖြင့်မလိုက်ပါရခြင်းမှာခရမ်းရောင်မင့်ခ်က
လေးနိုးထလာတော့မည်ကိုသတိပြုမိသောကြောင့်ပါ။

ထို့ကြောင့် ယန်ယဲ့သည်
ရုတ်ရုတ်သဲသဲကိစ္စများကို ရှောင်တိမ်းရန်အတွက်
မဟာတောင်တန်းများကို ဖြတ်ကျော်ကာ
ရှေးဟောင်းစစ်မြေပြင်သို့ဦးတည်ရန်သာရွေးချယ်ခဲ့သည်။

အခြားတစ်ဖက်တွင် သူသည် ရောမလင်းယုန်ငှက်ကိုစီးနင်းရန်
မရွေးချယ်ရခြင်းမှာ မြေပြင်ခရီးတွင် သူ၏ဓားနည်းစနစ်ကို
လေ့ကျင့်လိုသောကြောင့်ပင်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၅ (ယန်ယွဲ့)၄

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၅)] - လုပ်ကြံသတ်ဖြတ်ခြင်း

အချိန်သုံးရက်ကြာသွားပြီးနောက်တွင်။

ယန်ယွဲ့သည် မီးခိုးရောင်ဝံပုလွေကိုစီးနင်းနေရင်း သူ၏မျက်လုံးများကို အနည်းငယ်မှိတ်ထားသည်။ သူ၏ခန္ဓာကိုယ်အတွင်းမှ

ဆန်းကြယ်ချီစွမ်းအင်များတဟုန်ဖြာထွက်လာပြီးတစ်ကိုယ်လုံးပြန့်နှံ့သွားသည်။

သူက ဒီလိုပုံစံနှင့်လေ့ကျင့်နေရင်း မသိလိုက်မသိဘာသာဖြင့် အချိန်ခြောက်နာရီပင်ကျော်

သွားပါပြီ။

ဒီအချိန်အခိုက်အတန့်တွင် ယန်ယဲ့သည် ရုတ်တရက် မျက်လုံးပွင့်လာပြီး၊ တစ်ချိန်တည်းမှာပဲ ရှေ့တည့်တည့် မီတာ ၃၀ ကျော်တွင်ရှိနေသော ရောမကျောက်တုံးကြီးဟာ ရုတ်ချည်းဆိုသလို အပိုင်းပိုင်းကွဲထွက်သွားလေသည်။

အနီးနားပတ်ဝန်းကျင်ဆီတွင် ကျောက်တုံးအပိုင်းအစများလွင့်ပျံသွား၏။

ကျောက်တုံးကြီး အပိုင်းပိုင်း ပေါက်ကွဲသွားသည့်မြင်ကွင်းကို ပြန်တွေးကြည့်တော့ ယန်ယဲ့၏ နှုတ်ခမ်းထောင့်များက အနည်းငယ် ကွေးညွတ်သွားသည် ။

အစကတည်းက၊ သူဟာ အကြီးအကဲမှ ပြောခဲ့ဖူးသောစကားကိုမေ့လျော့သွားပုံရ၏။

"ဓားထိန်းချုပ်ခြင်းအနုပညာက အရှိန်နဲ့အမြန်နှုန်းကို အလေးပေးတယ်။" သို့သော် ဓားထိန်းချုပ်ခြင်းအနုပညာ၏ လျင်မြန်ဖျက်လက်သောလှုပ်ရှားမှုကို သူ၏ မသိစိတ်ကနေ လိုက်ပါလေ့ကျင့်နေခဲ့သည်။

ပြောရမည်ဆိုပါက ယွမ်ထုံနှင့် တိုက်ပွဲတွင် ဓား ၁၀၀၀၀ ကို ဆင့်ခေါ်နိုင်ခဲ့သောမြင်ကွင်းက အလွန်တရာ ခမ်းနားပြီး၊ ဓား ၁၀၀၀၀ မှ ပြင်းထန်သောအရှိန်အဝါပေါ်လွင်နေသော်လည်း ၎င်းတို့ ပိုင်ဆိုင်ထားသည့် အဖျက်စွမ်းအားက အလွန်အားနည်းပါသည်။ထို့အပြင်

ထောင်ချီသောဓားများကိုထိန်းချုပ်ခြင်းက
ဆန်းကြယ်ချီစွမ်းအင်ကိုများစွာကုန်ဆုံးစေသည်။

မည်သို့ပင်ဆိုစေကာမူ မမြင်နိုင်သောဓားနှင့်
ဓားထိန်းချုပ်ခြင်းအနုပညာကိုပေါင်းစပ်ထားသောလှုပ်ရှားမှု
က အလွန်ကြောက်စရာကောင်းနေဆဲပင်။

အကယ်၍ သူသည် ထိုအချိန်က မီတာ ၃၀၀ အကွာအဝေး(သို့)
မီတာ ၃၀၀ အကွာအဝေးထိ ထိန်းချုပ်နိုင်ခဲ့လျှင်
ယွမ်ထုံကိုချက်ချင်းသတ်ဖြတ်ပစ်နိုင်ပေသည်။

ဒီရက်များအတွင်း ယန်ယဲ့သည် ဓားထိန်းချုပ်ခြင်းအနုပညာ
အပြင် အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး နှင့်
ယွမ်ယဲ့ထံမှရရှိခဲ့သော
မူလကိုယ်ပွားခွဲထွက်ခြင်းနည်းစနစ်ကိုပါ အ
ပြင်းအထန်လေ့ကျင့်ခဲ့သည်။

ထို နည်းစနစ်နှစ်ခုစလုံးက အခုအချိန်တွင် သူ့အတွက် အတော်လေး အသုံးဝင်ပေသည်။

အထူးသဖြင့် "အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"ပါ။

အဘယ်ကြောင့်ဆိုသော် ၎င်း၏ စွမ်းအားသည် အမှန်တကယ် အလွန်ကြောက်မက်ဖွယ်ရာကောင်းသောကြောင့် ဖြစ်သည်။နောက်ဆုံးတွင် သူသည် အဆင့် ၁ "အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"နည်းစနစ်၏စွမ်းအားဖြင့် လင်းရှဲ့ယွမ်၏ "အနန္တအလင်းတန်းဓားနည်းစနစ်"ကိုချိုးဖျက်နိုင်ခဲ့သည်။

အမှန်တကယ်တော့ "အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး"တွင် အဆင့် ၃ ဆင့် ပါဝင်သည်။

အရင်တုန်းက သူပိုင်ဆိုင်ထားသော ရုပ်ခန္ဓာခွန်အားကြောင့် အဆင့် ၂ ကိုလေ့ကျင့်နိုင်ခဲ့ခြင်းမရှိပေ။

သို့သော် ယခုအခါတွင် သူ၏ရုပ်ခန္ဓာခွန်အားက
ငရဲတစ္ဆေမီးတောက်နှင့်သန့်စင်ပြီးနောက်
အာဏာရှင်နဂါးသတ်ဖြတ်ခြင်းလက်သီး၏ အဆင့် ၂
ကိုလေ့ကျင့်နိုင်ခဲ့ပါသည်။

သူသည် ရှေးဟောင်းစစ်မြေပြင်သို့
ဦးတည်ထွက်ခွာနေသည့်အတွက်
အစစအရာရာကိုပေါ့ပေါ့တန်တန်မနေဝံ့ပေ။

ရှေးဟောင်းစစ်မြေပြင်သည် ဆန်းကြယ်တိုက်ကြီး၏ ဒေသ ၉
ခုမှ ထိပ်ဆုံးရောက်ပါရမီရှင်များ စုရုံးရာနေရာဖြစ်သည်။
ထို့ကြောင့် ယန်ယဲ့သည် သူ့ကိုယ်သူ ဆန်းကြယ်တိုက်ကြီး၏
နံပါတ်တစ် လူငယ်မျိုးဆက်ကျွမ်းကျင်သူဟု
ဘယ်သောအခါမှ ယူဆနေမည်မဟုတ်ပေ။

ယုံကြည်မှုရှိထားခြင်းကကောင်းမွန်သော်ငြား၊
တစ်စုံတစ်ယောက်သည်အလွန်မောက်မာပြီးစိတ်ကြီးဝင်နေပါ
က သေလမ်းသာသွားရလိမ့်မည်။

ယန်ယွဲ့သည်
သူ၏စွမ်းအားကိုယုံကြည်မှုအပြည့်ရှိသော်လည်း၊
တရားလွန်မောက်မာနေသူမဟုတ်ပေ။

ထိုအချိန်တွင် ယန်ယွဲ့သည် တစ်စုံတစ်ခုကို
သတိပြုမိသွားပုံရပြီး သူ၏မျက်လုံးများက
ကျဉ်းမြောင်းသွားခဲ့ပါပြီ။

သူက လှုပ်ရှားရန်ပြင်လိုက်စဉ်မှာပဲ
အေးစက်စက်အငွေ့အသက်များယှက်သမ်းနေသော
ဓားမြှောင်တစ်လက်က သူ့လည်ပင်းကိုထိုးသွင်းလာခဲ့၏။

တစ်ချိန်တည်းမှာပင်၊ အရိပ်ပမာထင်ရသည့်
အနက်ရောင်ဝတ်လူတစ်ဦးက
ယန်ယဲ့၏ရှေ့ဖက်၊နောက်ကျောဖက်နှင့်ညာဖက်တွင်
ရုတ်တရက်ပေါ်လာသည်။

ကလန်!

ဓားမြှောင်က ယန်ယဲ့၏လည်ပင်းကို
ထိုးသွင်းလိုက်သော်လည်း ခေါင်းနှင့်ခန္ဓာကိုယ်က
အိုးစားမကွဲခဲ့ပေ။
တန်ပြန်အားဖြင့် ဓားမြှောင်က အနည်းငယ်တုန်ခါသွားကာ
အနက်ရောင်ပုံရိပ်ပင်
ထိတ်လန့်သွားပုံရ၏။

ထိုလူသည် နောက်တစ်ကြိမ်

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ

ယန်ယဲ့၏လက်သီးကအနက်ဝတ်လူထံသို့

တိုက်ရိုက်ပြေးဝင်သွားလေတော့သည်။

စတင်တော့မည့်အချိန်တွင် Yang Ye သည်

အနက်ရောင်မျက်နှာဆီသို့ သူ၏လက်သီးချက်အား

တိုက်ရိုက်ရိုက်လိုက်သည်။

ဘန်း!

ယန်ယဲ့၏လက်သီးချက်မှ

ကြီးမားသောအဖျက်စွမ်းအားကြောင့် အနက်ရောင်ဝတ်လူက

ချက်ချင်းပင် လွင့်ပျံသွားသည် ။

ယန်ယဲ့က ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ၊ သူနှင့် ၁၀ မီတာအကွာအဝေးရှိ အနက်ရောင်ဝတ်လူကို စိုက်ကြည့်နေသည်။

အစောပိုင်းတွင် သူက အနက်ဝတ်လူ၏ ရုတ်ချည်းတိုက်ခိုက်မှုကို ခံလိုက်ရပြီးနောက် အနည်းငယ် ကြောက်ရွံ့မှုလှိုင်းကို ခံစားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် ဒီအနက်ဝတ်လူ၏ လှုပ်ရှားမှုနည်းစနစ်က အလွန်တရာမြန်ဆန်နေသောကြောင့်ပင်။

"မင်းရဲ့ခန္ဓာကိုယ်က ဒီလောက်ထိ ကြောက်စရာကောင်းလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး!" အနက်ဝတ်လူက

စတင်စကားပြောလိုက်ပြီး
ကြည်လင်သောအသံထွက်ပေါ်လာ၏။

မထင်မှတ်ဘဲ အနက်ဝတ်လူက
မိန်းမပျိုတစ်ဦးဖြစ်နေခဲ့ပါသည်။

"အော်....ဒါဆိုမင်းပဲပေါ့!" ယန်ယဲ့သည် အနက်ဝတ်မိန်းမပျို၏
အသံကို ကြားသောအခါ
အေးစက်စက်လေသံဖြင့်ပြောလိုက်ပါသည်။

ဒီအနက်ဝတ်မိန်းမပျိုဟာ လွန်ခဲ့သော တစ်ချိန်က
မဟာတောင်တန်းများကို ဖြတ်ကျော်လိုက်ပါလာသော
လုပ်ကြံသူမိန်းမပျိုမှလွဲ၍
အခြားမဟုတ်ပေ။

သို့ရာတွင် မိန်းမပျိုက ပြန်မဖြေဘဲ။ "အခု နင်က အရမ်းအန္တရာယ်များတဲ့ အခြေအနေမှာ ရောက်နေပြီ" ဟု ရုတ်တရက် ပြောလိုက်ရင်း ခဏတာ နှုတ်ဆိတ်နေခဲ့သည်။

ယန်ယွဲ့က အနည်းငယ် အံ့အားသင့်သွားပြီး မျက်မှောင်ကြုတ်ကာ "မင်းဘာကိုဆိုလိုချင်တာလဲ?"

"မဟာချင်အင်ပါယာ၊ မူလကျောင်းတော်၊ ပန်းနန်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်း နဲ့ ဆေဘာဓားဂိုဏ်းတို့က ဒေါင်ဝူအဖွဲ့ချုပ်ကို လျှို့ဝှက်ဆက်သွယ်ထားကြတယ်။ သူတို့အားလုံးကတစ်ညီတစ်ညွတ်တည်းရယ် နင့်ကိုသတ်ဖို့ဆိုတဲ့ရည်ရွယ်ချက်တွေအတူတူပဲ။" လုပ်ကြံသတ်ဖြတ်သူ အမျိုးသမီးက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

" မဟာချင်အင်ပါယာ ? ဆေဘာဓားဂိုဏ်း?"

ယန်ယွဲ့က အေးစက်စွာရယ်မောလိုက်၏။ "သူတို့က ငါ့ကိုသတ်ချင်နေတာလား။ ငါ မင်းကို ဘာလို့ယုံရမှာလဲ? နောက်ပြီး မင်းက ငါ့ကို သတ်ဖို့ ရည်ရွယ်ထားပုံရတယ် မဟုတ်လား?"

ပန်းနန်းတော်၊ မူလကျောင်းတော် နှင့် ဝိညာဉ်တစ္ဆေဂိုဏ်းတို့သာဆိုပါကသူ့စိတ်ထဲတွင်ယုံကြည်ပါလိမ့်မည်။

ထို့အပြင် ဆေဘာဏေးဂိုဏ်း၏ တာအိုသခင်ဗွီ နှင့် မဟာအကြီးအကဲ ယုဟန်တို့က လူကောင်းများမဟုပေ၊ သူတို့လည်းသူ့ကိုသတ်ပစ်ချင်နေသည်ဆိုပါက အနည်းငယ်ပင် လက်သင့်ခံနိုင်ပေလိမ့်မည်။

သို့သော်လည်း မဟာချင်အင်ပါယာသည်ပင် သူ့ကို သတ်ပစ်ချင်နေသည်တဲ့လား။

မည်သို့ပင်ဆိုစေ၊ တည်ထောင်သူဧကရာဇ်က

သူ့ကိုကာကွယ်ရန်အတွက် အလွန်ကြီးမားသော

တန်ကြေးတစ်ခုကိုပေးဆပ်ခဲ့ရသည်။ထိုသို့ဆိုလျှင်

တည်ထောင်သူဧကရာဇ်က ဘာကြောင့်

သူ့ကိုသတ်ရန်ကြိုးစားနေပါသနည်း။

အနက်ဝတ်မိန်းမပျိုက "ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့

အထက် ပညာရှင်တွေက

ရှေးဟောင်းစစ်မြေပြင်ကို

ဝင်ရောက်လို့မရဘူးဆိုတာတော့နင်လည်းသိထားမှာပါ။

ဝိညာဉ်နယ်ပယ်အလွှာအဆင့်

ကျွမ်းကျင်သူတွေရှိနေနိုင်ပေမယ့်

အကြောင်းပြချက်တစ်ချို့ကြောင့် နယ်မြေအသီးသီးက

ပါကမီရှင်တွေကိုတိုက်ခိုက်နိုင်စွမ်းမရှိဘူး။ တစ်နည်းပြောရရ

င် ရှေးဟောင်းစစ်မြေပြင်က

သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတွေရဲ့လက်ထဲမှာပဲရှိတယ်။

ဒါပေမယ့် နင်ကတော့မတူဘူး၊

အကြိုးစားအင်ပါယာဖြစ်နေတဲ့အပြင်

ညဏ်အလင်းရစားနှလုံးသားကိုပါ ပိုင်ဆိုင်ထားပြီ။ နင်သာ

သိုင်းဘုရင်အဆင့်ကို တက်ရောက်သွားတာနဲ့ နင့်မှာ

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းရဲ့တပည့်တွေကို

ကပ်ဘေးဖြစ်စေနိုင်တဲ့အဆင့်ရောက်သွားမှာလေ။

ဒီတော့ သူတို့က နင့်ကို ဖယ်ရှားပစ်ချင်တာသဘာဝပဲ။

ဟုတ်ပါတယ်၊ သူတို့က ဒီအကြောင်းပြချက်တွေရှိနေလို့

နင့်ကို ဆက်ပြီးကြီးထွားဖို့ ခွင့်မပြုခဲ့ဘူး။ အအမိန့်နဲ့

မကိုက်ညီတဲ့ သူတွေကို ဖယ်ရှားပစ်ရမယ် ဆိုတဲ့ စကားကို

နင်နားလည်ထားသင့်တယ်!”

မိန်းမပျို၏စကားက အတော်လေး
အဓိပ္ပါယ်ရှိနေသောကြောင့်
ယန်ယဲ့လည်းတိတ်ဆိတ်သွားသည်။

မူလကျောင်းတော်၊ ပန်းနန်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်းနှင့်
ဆေဘာဓားဂိုဏ်းတို့နှင့် ဆက်ဆံရေးရှိသဖြင့် အဆိုပါ
မဟာဂိုဏ်းကြီးများက
သူ့ကိုအင်အားကြီးလာရန်သေချာပေါက်
ခွင့်ပြုလိုပုံမရပေ။သို့ရာတွင်တည်ထောင်သူဧကရာဇ်က
မဟာချင်အင်ပါယာအောက်တွင်ထည့်သွင်းခဲ့သော်လည်း၊
လျှို့ဝှက်လုပ်ကြံရန်ကြိုးစားနေခဲ့သည်လား။

သူက လေးလေးနက်နက် စဉ်းစားပြီးနောက်
အနက်ဝတ်မိန်းမပျိုကို ကြည့်ကာ “ဘာလို့ငါ့ကို
ဒီလိုပြောတာလဲ။ ငါတို့ကြားက ဆက်ဆံရေးမရှိဘူး
ဟုတ်တယ်မလား"

မိန်းမပျိုက “တစ်ချို့က နင့်ကိုအသက်ရှင်ဖို့မျှော်လင့်ထားသလို တစ်ချို့က နင့်ရဲ့သေခြင်းကိုမျှော်လင့်ချက်နဲ့ တိတ်တိတ်လေး ငြိမ်သက်သွားတယ်။ ငါက နင့်ကို မသေစေချင်တဲ့ ဖက်ကနေပါ။"

သူမက စကားပြောပြီးနောက်ဆက်မပြောခင်ခဏတာ ရပ်နားလိုက်သည်။

"နင့်ကို နောက်တစ်ခုသတိပေးပါရစေ၊ နင်က ယွမ်ထုံကို အနိုင်ယူပြီး အဆင့်သတ်မှတ်ချက်ဘုရင်နေရာရထားလို့ တောင်ပိုင်းနယ်မြေရဲ့လူငယ်မျိုးဆက်ထဲမှာ အသန်ဆုံးလို့ မထင်ပါနဲ့။ ဆန်းကြွယ်တိုက်ကြီးတစ်ခုလုံးကိုအသာထားဦး၊ တောင်ပိုင်းနယ်မြေမှာ ကိုယ့်ကိုယ်ကို ဖုံးကွယ်ထားတဲ့ ပါရမီရှင် မရေမတွက်နိုင်အောင်ရှိနေသေးတယ်။ သူတို့က အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ

ပါဝင်ဖို့အတွက်ခွန်အားမရှိတာမဟုတ်ဘူး၊ သူတို့ရဲ့အဓိက ရည်ရွယ်ချက်က ပုန်းကွယ်နေသောနဂါးစေတီကိုပဲ ပစ်မှတ်ထားနေတာ။”

ယန်ယွဲ့က ခေါင်းခါပြီး ပြောလိုက်၏၊ "မင်းမှားနေပြီ၊ ငါ့ကိုယ်ငါ တောင်ပိုင်းနယ်မြေရဲ့လူငယ်မျိုးဆက်မှာ အသန်မာဆုံးလို့ တစ်ခါမှ မတွေးဖူးဘူး။ ငါ့အမြင်အရတော့ တောင်ပိုင်းနယ်မြေရဲ့လူငယ်မျိုးဆက်တွေထဲမှာ အင်အားအကောင်းဆုံး ဒါမှမဟုတ် ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးရဲ့လူငယ်မျိုးဆက်သစ်မှာ အားကောင်းသူတွေဆိုရင်တောင် အဓိပ္ပါယ်မရှိဘူး။ ဘာလို့လဲဆိုတော့ ချီးမြှောက်ခြင်းနယ်ပယ်နဲ့ ဧကရာဇ်အဆင့်လို စစ်မှန်တဲ့ ပညာရှင်တွေရှေ့မှာ ငါတို့အားလုံး အားနည်းနေလို့ပါပဲ။”

"ဒါက အကောင်းဆုံးပဲ!" အနက်ဝတ်မိန်းမပျိုက ထောက်ခံဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။

ယန်ယဲ့က သူမကို ရုတ်တရက် မေးလိုက်သည်။ "ငါ့ကို ဘယ်သူက မသေစေချင်တာလဲ?"

"အဲဒါကို ငါမပြောနိုင်ဘူး!" မိန်းမပျိုကပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "မင်းကငါ့ကိုမသေစေချင်တဲ့ဖက်ကနေလာတာဆိုတော့ ဘာလို့အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်လိုက်တာလဲ?"

အနက်ဝတ်မိန်းမပျိုက "နင် ငါ့ဆီက လုပ်ကြံသတ်ဖြတ်တာကိုတောင် ခံနိုင်ရည်မရှိခဲ့ဘူးဆိုရင်

ရှေးဟောင်းစစ်မြေပြင်ကို သွားစရာ မလိုဘူး၊ ဒီနောက်ပိုင်းနင်က ပုန်းအောင်းပြီး အသက်ရှင်နေဖို့ နေရာရှာသင့်တယ်!"

"မင်းဆိုလိုတာ ဒေါင်ဝူအဖွဲ့ချုပ်က မင်းထက်တောင် အားကောင်းတဲ့ လုပ်ကြံသတ်ဖြတ်သူတွေကို စေလွှတ်လိုက်တာလား။" ယန်ယဲ့သည်လည်း ပြောနေရင်းမှ မျက်မှောင်ကြုတ်သွား၏။

သူမက ခေါင်းညိတ်ပြီး “သူတို့က သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကျွမ်းကျင်သူတွေကိုတောင် လုပ်ကြံနိုင်တဲ့ သွေးသတ်ဖြတ်သူတွေကို စေလွှတ်လိုက်ပြီ။ ဒါ့အပြင် သွေးသတ်ဖြတ်သူတွေကို တစ်ဦးထက်မကပိုပြီးစေလွှတ်ထားတယ်။

ဟူး.....၊
ကောင်းကင်လွှာအဆင့်ပါရမီရှင်တစ်ဦးကိုသတ်ဖို့အတွက်နဲ့

သွေးသတ်ဖြတ်သူ ၃ ဦး။
လုပ်ကြံသတ်ဖြတ်သူတွေရဲ့မှတ်တမ်းမှာတောင်တစ်ကြိမ်မှ
မကြုံဖူးတဲ့ အရာတစ်ခုပဲ။”

ယန်ယွဲ့သည် ဤစကားကိုကြားသောအခါ အရယ်မရပ်နိုင်ဘဲ၊
ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိသည်။

"ဒေါင်ဝူအဖွဲ့ချုပ်က
ငါ့ကိုအတော်လေးအထင်ကြီးထားတာပဲ။"

"ကံကောင်းပါစေ!" အနက်ဝတ်မိန်းမပျိုက
ယန်ယွဲ့၏အမူအရာကို ဂရုမစိုက်ဘဲ ပြောကာ ထွက်သွားရန်
ရည်ရွယ်လိုက်သည်။

“စောင့်!” ယန်ယွဲ့က သူမကို ချက်ချင်းပင်တားလိုက်သည်။

သူမက ယန်ယဲ့ကို လှည့်မကြည့်သေးဘဲ၊
“ဘာသိချင်သေးလို့တုန်း” ဟု မေးလိုက်၏။

"မင်းက ရှေးဟောင်းစစ်မြေပြင်ကို
သွားနေတာမဟုတ်လား။" ယန်ယဲ့က မေးသည်။

အနက်ဝတ်မိန်းမပျိုက ခေါင်းညိတ်ပြီး "ဒေါင်ဝူအဖွဲ့ချုပ်က
ဒီလိုခမ်းနားသောပွဲမျိုးကိုဘယ်လိုလုပ်လက်လွှတ်ခံနိုင်မှာတဲ့
လဲ။ ဒါ့အပြင် ဒေါင်ဝူအဖွဲ့ချုပ်က
ပုန်းကွယ်နေသောနဂါးစေတီမှာ ကံကြမ္မာစွမ်းအားအတွက်
တိုက်ပွဲဝင်မဲ့ အခွင့်အရေးကို စွန့်လွှတ်ဖို့ဆိုတာမဖြစ်နိုင်ဘူး။"

ယန်ယဲ့က သူမကိုကြည့်ကာပြောလိုက်၏။
"ဘာပဲဖြစ်ဖြစ် ငါ့ကို အသိပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ်!"

မိန်းမပျိုက အနည်းငယ် အံ့သြသွားသည်။ ရှင်းရှင်းပြောရလျှင် ယန်ယဲ့ကသူမကိုကျေးဇူးတင်နေလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပေ။

နောက်ဆုံးတော့ သူမက ယန်ယဲ့ကို အကြိမ်ပေါင်းများစွာ လုပ်ကြံခဲ့သည်မဟုတ်ပါလား။

မိန်းမပျိုက လေးလေးနက်နက် စဉ်းစားပြီးနောက် "နင် ငါ့ကို ကျေးဇူးတင်နေစရာ မလိုပါဘူး။ ဒီအကြောင်းတွေ နင့်ကို အသိပေးလိုသော အခြားသူတစ်ဦးပဲလေ။

ငါထင်တာမမှားရင် သူတို့က မဟာတောင်တန်းတွေကိုတောင်ရောက်နေကြပြီ။ ကံကောင်းပါစေ!"

သူမပြောပြီးသည်နှင့်
အနက်ဝတ်မိန်းမပျိုကတစ်ချက်တုန်ခါသွားကသူ၏ပုံရိပ်ကရု
တ်ချည်းပင် ပျောက်ကွယ်သွားတော့သည်။

အနက်ဝတ်မိန်းမပျို ထွက်ခွာသွားပြီးနောက် ယန်ယဲ့က
အသက်ပြင်းပြင်းရှူပြီး ပြုံးလိုက်သည်။

အကြီးအကဲမှူ နှင့် တည်ထောင်သူကေရာဇ်ထံမှ သူရခဲ့သော
အချက်အလက်များအပေါ်အခြေခံ၍
ရှေးဟောင်းစစ်မြေပြင်သို့ သူမရောက်သေးသော်လည်း၊
ထိုနေရာတွင် စုရုံးနေသော လူငယ်များက
အလွန်အားကောင်းသည်မှာ သိသာနေပေသည်။

ထို့ကြောင့် ယန်ယဲ့သည် အခြားအရာများကိုဂရုမစိုက်ဘဲ
နဝမငရဲအေးမီးတောက်ကိုရှာဖွေရန်စိတ်ပိုင်းဖြတ်ထားသည်။

သူ၏ပုခုံးပေါ်တွင် ထမ်းပိုးထားရသောတာဝန်များက မခန့်မှန်းနိုင်အောင်ပင်လေးလံနေသောကြောင့် သူ၏ခွန်အားကို မြှင့်တင်ရန် လမ်းကြောင်းပေါ်တွင် အချိန်ဖြုန်းတီးရန်မဖြစ်နိုင်ပေ။

ယန်ယွဲ့သည် မီးခိုးရောင်ဝံပုလွေဘုရင်ကို ဆန်းကြယ်ရွှေချိကန်ထဲသို့ပြန်ထည့်လိုက်ကာ လေကို ပေါ့ပါးစွာ မှုတ်ထုတ်လိုက်သည်။

ထို့နောက်တွင် သူသည် လုပ်ကြံသူများ၏ ပစ်မှတ်မဖြစ်လိုသောကြောင့် မဟာတောင်တန်းများ၏ အနက်ပိုင်းသို့ လျင်မြန်စွာ ပြေးဝင်သွားခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၆ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၆)] - အံ့အားသင့်ဖွယ်ရာ တိုက်ခိုက်မှု။

သေမင်းတမန်အလား တိတ်ဆိတ်နေသော တောအုပ်ထဲတွင် သစ်ပင်ကြီးတစ်ပင်၏ နောက်ကွယ်ကနေ အနက်ရောင်ပုံရိပ်တစ်ခုရုတ်တရက် ထွက်လာသည်။

အနက်ရောင်ပုံရိပ်သည် ရှေ့သို့နှစ်လှမ်းတိုးလိုက်ကာ ထိုင်ချလိုက်ပြီး လက်ကိုဆန့်တန်းကာ မြေပြင်ပေါ် ရှိ သစ်ရွက်များကို ထိကိုင်လိုက်သည်။

ခဏအကြာတွင် အနက်ရောင်ပုံရိပ်က

မျက်မှောင်ကြုတ်ကာ “ယန်ယွဲ့ရဲ့အငွေ့အသက်က ဘာလို့ ဒီနေရာမှာတင် ပျောက်ကွယ်သွားတာလဲ။ သူက မြေကြီးထဲကိုတိုးဝင်သွားလာနိုင်ပါ့မလား?”

အနက်ရောင်ပုံရိပ်၏မျက်လုံးက ကျဉ်းမြောင်းသွားကာ စကားမဆိုးသေးဘဲပေ။ ရုတ်တရက် သူ၏ပုံရိပ်က တစ်ချက်တုန်ခါသွားကာ ထူးဆန်းစွာ ပျောက်ကွယ်သွားပြီး ၁၀ မီတာအကွာတွင် ပြန်ပေါ်လာခဲ့သည်။ သို့သော် သူ ၁၀ မီတာအကွာမှ ပြန်ပေါ်လာသောအခါ သူ့လည်ပင်းတွင် သွေးစီးကျနေသော အမှတ်အသားတစ်ခု ပေါ်လာသည်။

အရွက်များထူထပ်စွာဖုံးအုပ်ထားသောသစ်ပင်တစ်ပင်ပေါ်တွင် ယန်ယွဲ့က မမြင်နိုင်သောဓားကို

စားထိန်းချုပ်ခြင်းအနုပညာနှင့်ပေါင်းစပ်ပြီးအနက်ဝတ်လူကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူက ရုတ်တရက် နောင်တရသလိုအမူအရာဖြင့် ခေါင်းယမ်းလိုက်ပြီး အဝေးဆီသို့ လှမ်းကြည့်လိုက်သည်။

ဤမျှနီးကပ်သောအကွာအဝေးတွင်၊ အနက်ဝတ်လူက သူ၏အံ့အားသင့်ဖွယ်ရာတိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့သည်။

ဒီအရာက သိုင်းဘုရင်အဆင့်လုပ်ကြံသတ်ဖြတ်သူ၏စွမ်းအား မည်မျှထိတ်လန့်စရာကောင်းသည်ကို ရှင်းလင်းစွာပြသခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ယခုအချိန်တွင် သူသည် ထိုကဲ့သို့သော ပြိုင်ဖက်ကို ရင်မဆိုင်နိုင်သေးပေ။

ထို့အပြင် ဒီလုပ်ကြံသတ်ဖြတ်သူ၏နောက် တွင် အဆင့်တူအဖော် နှစ်ယောက်ထပ်ရှိနေသောကြောင့် သူက နောက်ဆုတ်ရန်သာဆုံးဖြတ်လိုက်သည်။

သူသည် အမှောင်မှော်သားရဲစစ်တပ်ကိုအပြင်ခေါ်ထုတ်ပြီး လုပ်ကြံသတ်ဖြတ်သူကို ဝိုင်းရံတိုက်ခိုက်ရန်ပင် ကြံလိုက်သေး၏။

သို့သော်လည်း လုပ်ကြံသတ်ဖြတ်သူ ပိုင်ဆိုင်သည့် ထူးဆန်းသော

လျှပ်ရှားမှုနည်းစနစ်ကိုတွေးမိလိုက်တဲ့အခါသူ၏အတွေးများ ကို

စွန့်လွှတ်လိုက်သည်။

.....။

တစ်ဖက်တွင်၊

ယန်ယဲ့သည် သူ၏အမြင်အာရုံမှ ပျောက်ကွယ်သွားသည်ကို ကြည့်နေစဉ် အနက်ဝတ်လူက ယန်ယဲ့နောက်သို့ ဆက်မလိုက်ခဲ့ပေ။

သူက ထွက်ခွာသွားသောယန်ယဲ့ကိုကြည့်နေရင်း နေရာတွင်
ငြိမ်သက်စွာ ရပ်နေခဲ့သည်။ ခဏအကြာတွင် သူ၏
လက်ကိုဆန့်ထုတ်ကာ လည်ပင်းပေါ် ရှိ သွေးစီး
ကြောင်းကိုပွတ်သပ်လိုက်ရင်း မျက်လုံးထဲတွင်
လေးနက်သော အမူအရာတစ်ခု ထွက်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် အနက်ရောင်ဝတ်လူ၏ နောက်၌
အလားတူအနက်ရောင်ဝတ်လူနှစ်ဦး
ထွက်ပေါ်လာသည်။

ထိုလူ၏လည်ပင်းမှ သွေးနီရဲနေသော အမှတ်အသားကို
တွေ့လိုက်တဲ့အခါ ညာဖက်ရှိ အနက်ဝတ်လူ က အေးစက်စွာ
ရယ်မောလိုက်သည်။ “လုံရင်၊
ကောင်းကင်လှော်အဆင့်ကျွမ်းကျင်သူတစ်ယောက်ရဲ့လက်ထဲ
မှာဒဏ်ရာ ရလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲ!"

အခြားတစ်ယောက်က လုံရင်ကို လှောင်ပြောင်လိုက်သည့်ညာဖက်မှ အနက်ရောင်ဝတ်လူကို
တစ်ချက်ကြည့်လိုက်သည်။ "လုံဖန်း၊ ဒါက ငါတို့ကြားမှာ ယှဉ်ပြိုင်ရမယ့်အချိန်မကျသေးဘူး။ အထက်အာဏာပိုင်တွေက ငါတို့သုံးဦးကို
ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူတစ်ယောက်ကိုသတ်ဖြတ်ဖို့
စေလွှတ်လိုက်တယ်။

ဒီဆုံးဖြတ်ချက်ကြောင့် ငါတို့အားလုံး
မကျေမနပ်ဖြစ်နေပေမယ့်
တကယ်လို့အောင်မြင်ရင်ရာအားလုံး
အဆင်ပြေသွားမယ်ဆိုတာမင်းနားလည်ထားသင့်တယ်။ ဒါပေ

မယ့် ငါတို့ မအောင်မြင်ရင် အဖွဲ့ချုပ်မှာ ခေါင်းမထောင်နိုင်တော့ဘူး!”

"မအောင်မြင်ဘူးလား?" လုံဖန်း၏ ပါးစပ်ထောင့်တွင် အထင်အမြင်သေးတဲ့အမူအရာတစ်ခု ပေါ်လာသည်၊ " ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူကိုသတ်ဖြတ်တာက အောင်မြင်မှာ မဟုတ်ဘူးလား။

မင်းက ယန်ယွဲ့ကို သိပ်ပြီးအထင်ကြီးလွန်းတယ်။ ဒါဆို သူက အဆင့်သတ်မှတ်ချက်ဘုရင်ဖြစ်လို့၊ ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသားကိုပိုင်ဆိုင်ထားတော့ကော။

ငါတို့လို
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတွေရှေ့မှာဒါတွေကအသုံးဝင်နိုင်မှာတဲ့လား။

မင်းတို့ နှစ်ယောက်စလုံး သူ့ကို ဆက်ပြီးလိုက်နေဖို့ မလိုဘူး။ ငါတစ်ယောက်တည်းနဲ့တင်လုံလောက်တယ်!” သူ ပြောပြီးတာနဲ့ လုံဖန်းက တဖျပ်ဖျပ်ဖျပ်လတ်ပြီး နေရာမှာတင် ပျောက်ကွယ်သွားလေသည်။

လုံဂျွန်က လုံဖန်း ထွက်သွားသည်ကိုမြင်သောအခါ ခေါင်းယမ်းလိုက်ကာ လုံရင်ကို ယကြည့်လိုက်၏။ "ဘာဖြစ်တာလဲ၊ မင်းက ဘယ်လိုဖြစ်ပြီး သူ့ကြောင့် ဒဏ်ရာ ရသွားတာလဲ။"

လုံဂျွန်က  "သူက သာမန် ကောင်းကင်လှဲ့အဆင့်ကျွမ်းကျင်သူတစ်ယောက်မဟုတ်ဘူး။ အဆင့် ၄ ဓားစိတ်ဆန္ဒ ၊ ဉာဏ်အလင်းရဓားနှလုံးသား နဲ့ သိုင်းဘုရင်အဆင့်အမှောင်မှော်သားရဲနဲ့ ယှဉ်နိုင်တဲ့

ရုပ်ခန္ဓာခွန်အားကိုပိုင်ဆိုင်ထားတယ်။ ဒါ့အပြင် သူက
တာအိုရတနာလက်နက်ကိုတောင် အသုံးချနိုင်တယ်။ ဒီလို
ခွန်အားတွေကို လျှော့မတွက်ရဲဘူး။”

"မှန်တယ်၊ ဒီယန်ယွဲ့က တကယ်ကို လျှော့တွက်ဖို့
မသင့်ဘူး!" လုံရင်ကအနည်းငယ် ခေါင်းညိတ်ပြပြီး “အရင်က
သူ့ကို လျှော့တွက်မိလို့ သေလုနီးပါး
ဖြစ်သွားခဲ့တာ။ အဆင့်သတ်မှတ်ချက်ဘုရင်ကမျှော်လင့်ထား
တဲ့အတိုင်း၊ တောင်ပိုင်းနယ်မြေရဲ့အနာဂတ် ဓားအင်ပါယာက
မျှော်လင့်ထားတဲ့အတိုင်းပါပဲလား!”

.......။

ယန်ယွဲ့၏ရုပ်သွင်သည်
အကန့်အသတ်မဲ့ထူထပ်စွာဖုံးလွှမ်းနေသော
သစ်ပင်များကြားတွင် အဆက်မပြတ် တုန်ခါနေသည်။

သူသည် ကြောက်လန့်ပြီးထွက်ပြေးနေခြင်းသာမဟုတ်ဘဲ၊ လုပ်ကြံသတ်ဖြတ်သူများနှင့်ရင်ဆိုင်ရာတွင် တန်ပြန်တိုက်ခိုက်နိုင်သောအခွင့်အရေးကိုပါရှာဖွေနေခဲ့၏။

ဝှစ်။

ယန်ယဲ့၏ပုံရိပ်က ရုတ်တရက်လျှင်မြန်စွာလှုပ်သွားလေသည်။ သူသည် ပေါ့ပေါ့တန်တန် ခေါင်းမညိမ့်ခင် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။သူရပ်နေသည့်နေရာက အလစ်အငိုက်ဖမ်းပြီးတိုက်ခိုက်နိုင်သော နေရာကောင်းတစ်ခုပင်ဖြစ်နေပါသည်။

အဘယ်ကြောင့်ဆိုသော် လက်ရှိတွင် သူသည်ထူထပ်သော မြက်ပင်များဖြင့် ဝန်းရံထားပြီး မြက်ပင်များက အမြင့် ၃ မီတာကျော်နီးပါးထိပင်ရှည်လျားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် လူတစ်ဦးတည်းကိုအသာထား၊ လူ ၁၀ ယောက်လောက် မြက်ခင်းပြင်ထဲပုန်းအောင်းနေလျှင်ပင် အလွယ်တကူသတိထားမိရန်မဖြစ်နိုင်ပေ။

လက်ရှိနေရာကို ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးနောက်တွင် ယန်ယဲ့သည်သူ၏လက်ကောက်ဝတ်ကိုလှုန်လိုက်ကာ သက်စောင့်ဓားကိုထုတ်ယူလိုက်သည်။

တစ်ဆက်တည်း သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုနှင့်အတူ ဓား ၃၆ ချောင်းက အလင်းတန်းများအဖြစ်သို့ ပြောင်းလဲကာ မြက်ပင်များကြား ဝင်ရောက်သွားခဲ့သည်။

တစ်ခဏတာ တုံ့ဆိုင်းသွားပြီးနောက် ယန်ယဲ့သည်
သူ၏လက်ညှိုးကို ပွတ်သပ်လိုက်ရာဓားတစ်လက်က
သူ့ရှေ့တွင် လွင့်မျောလာခဲ့သည်။

ထို့အပြင်၊ ပေါင်အာပေးထားခဲ့သော
အဆင့်မြင့်နည်းစနစ်အဆောင်လည်းတစ်ခါတည်းပင်ထုတ်ယူ
ထားလိုက်သည်။

ဒေါင်ဝူအဖွဲ့ချုပ်မှ ထိပ်တန်း လုပ်ကြံသတ်ဖြတ်သူအဆင့်မှ
သွေးလုပ်ကြံသူများ
နှင့် ရင်ဆိုင်ရသောအခါ သူသည် ရန်သူများကို
အနည်းငယ်မျှပင် လျှော့မတွက်ရဲပေ။

ထို့ကြောင့် ယန်ယဲ့က
လုပ်ကြံသူတစ်ဦးကိုအရင်ဆုံးသတ်ဖြတ်နိုင်ရန်အတွက်
သူ၏ဝှက်ဖဲများအားလုံးကို အသုံးပြုခဲ့သည်ဟု ဆိုနိုင်သည်။
သို့ရာတွင် အကယ်၍ သိုင်းဘုရင်အဆင့်လုပ်ကြံသူ ၃
ယောက်သာ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာပါက
သူ့အနေဖြင့်တုံ့ဆိုင်းခြင်းမရှိဘဲထွက်ပြေးရန်သာတတ်နိုင်သ
ည်။

အချိန်နှစ်နာရီကြာမြင့်သည့်တိုင်
ဘာအရိပ်အယောင်ကိုမှမမြင်ရသေးသော်လည်း၊ ယန်ယဲ့ဟာ
စိတ်ရှည်လက်ရှည်နှင့်စောင့်ဆိုင်းနေပြီး သူ၏ မျက်လုံးများကို
အနည်းငယ်မှိတ်ထားလိုက်သည်။
အချိန်များက တရွေ့ရွေ့ကုန်ဆုံးလာပြီးနောက်
လေးနာရီကျော်လွန်ကာ ခြောက်နာရီအထိပင်
ရောက်ရှိလာခဲ့ပါပြီ။

သို့သော် ဤနေရာတွင် လူတစ်ဦးမျှ ပေါ်မလာသေးပေ။

ဒီလိုနဲ့ပဲ တစ်နေ့တာအချိန်က အလဟာသစောင့်ဆိုင်းနေရင်း ကုန်ဆုံးသွားခဲ့တော့သည်။

ယန်ယဲ့သည် မြက်ပင်များကြားမှထိုင်နေရင်း မျက်လုံးများကို ဖွင့်လိုက်ပြီး မြက်ပင်များကြားရှိ ကွက်လပ်မှတစ်ဆင့် ပတ်ဝန်းကျင်ဆီသို့ လှမ်းကြည့်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပြီး လုံးဝ ငြိမ်သက်နေသည်ကို သူသတိထားမိသည်။ယန်ယဲ့သည် မျက်မှောင်ကြုတ်လိုက်သော် လည်း သူ၏ပင်ကိုယ်အသိစိတ်က တိတ်ဆိတ်လေလေ အခြေအနေကပို၍ မူမမှန်လေဖြစ်ကြောင်း သတိပေးနေခဲ့သည်။သူသည်မျက်ပင်များကြားထဲကနေစောင့်ကြည့်နေရုံသာဖြစ်ပြီး ပြင်ပကိုထွက်ခွာခြင်းမပြုပေ။

အချိန်များက တဖြည်းဖြည်းနှင့် ဖြည်းညှင်းစွာ ကုန်ဆုံးလာပြီး နောက်တစ်နေ့ ထပ်မံကုန်ဆုံးသွားခဲ့လေတော့သည်။

ယန်ယဲ့သည်ပင်မြက်ခင်းပြင်များကြားတွင် ထိုင်နေရင်း အနည်းငယ် စိတ်မရှည်သလိုဖြစ်လာခဲ့၏။

သို့သော် သူက မလှုပ်ရှားသေးပေ။

ဒီအခိုက်အတန့်တွင် သူသည် လမ်းတစ်လျှောက်လုံး သူ၏ချီအရှိန်အဝါကို မဖုံးကွယ်ထားသောကြောင့် အတော်လေး ထူးဆန်းနေပေသည်။

သူဒီအကြောင်းကိုတွေးနေချိန်မှာပဲ ယန်ယဲ့၏ ပါးစပ်ထောင့်များက ထူးထူးဆန်းဆန်းတဲ့ပုံစံနှင့် အနည်းငယ်ကွေးညွတ်သွားခဲ့လေသည်။

သူ၏နှုတ်ခမ်းထောင့်တွင်
ခပ်လျှောင်လျှောင်အပြုံးတစ်စပေါ်လာပြီး
မမြင်နိုင်သောဓားကိုထိန်းချုပ်ကာ သူနှင့် ၁၅
မီတာခန့်အကွာမှကျောက်ဆောင်သို့ ပိုင်းချလိုက်သည်။

ဒီအချိန်တွင် ထင်မှတ်မထားသော အဖြစ်အပျက်တစ်ခု
ဖြစ်ပေါ်လာခဲ့သည်။အနက်ရောင်အရိပ်တစ်ခု ရုတ်တရက်
ခုန်ပျံထွက်ပေါ်လာပြီး အလွန်လျင်မြန်သော အရှိန်ဖြင့်
မမြင်နိုင်သောဓား၏ တည်နေရာဆီသို့ ဦးတည်သွားခဲ့သည်။

မြက်ပင်များကြားတွင်ရပ်နေသောယန်ယွဲ့က
ဤမြင်ကွင်းကိုမြင်တဲ့အခါ ဝမ်းသာသွား၏။ ထို့နောက်
သူ၏မျက်လုံးထဲတွင်
ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု
တောက်ပလာခဲ့သည်။

တစ်ဆက်တည်း သူ၏နှလုံးသားထဲတွင် စိတ်ဆန္ဒတစ်ခုကိုထုတ်ဖော်လိုက်ရာ ဓား ၃၆ ချောင်းက လေထဲတွင် ပျံတက်သွားပြီး အနက်ရောင်ဝတ်လူရိပ်ကို ချက်ချင်းပိုင်းချလိုက်သည်။

ယန်ယွဲ့သည် ဒီအချိန်တွင် သူ၏စွမ်းအားကိုထိန်းချုပ်မထားတော့ပေ၊ သူက အဆင့် ၄ ဓားစိတ်ဆန္ဒကိုထုတ်ဖော်ကာ အနက်ဝတ်လူကို ဖုံးအုပ်ထားလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် ညာခြေကို မြေပြင်ပေါ်သို့ လျင်မြန်စွာ စောင့်နင်းလိုက်ကာ တန်ပြန်အင်အားကို အသုံးပြုပြီး ရှေ့သို့ တဟုန်ထိုးခုန်ဝင်သွားလေသည်။

ဤမြင်ကွင်းကိုမြင်သောအခါ လုံဖန်း၏ အမူအရာက ပြင်းထန်စွာပြောင်းလဲသွားသည်။

ဒီအခိုက်အတန့်တွင် သူသည် ထောင်ချောက်တစ်ခုထဲသို့ ကျရောက်နေပြီဖြစ်ကြောင်း သတိထားမိသွား၏။

အမှန်ပင်၊ ဒီအရာက သူ၏အမူအရာ ပြောင်းလဲသွားတဲ့ အကြောင်းပြချက်မဟုတ်ပေ။ ဓား ၃၆ ချောင်း၏ အရှိန်နှင့် ဖြာထွက်နေသော ဓားစိတ်ဆန္ဒဖိအားကြောင့်ပါ။ ထို့အပြင်၊ ယန်ယဲ့သည် အဆင့် ၄ ဓားစိတ်ဆန္ဒကို ထုတ်ဖော်ထားသောကြောင့် ဓား ၃၆ ချောင်းကိုကြောက်ရွံ့ရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။

သူ ဒီနေရာကို ပထမဆုံးရောက်ချိန်ကတည်းက လုပ်ကြံသတ်ဖြတ်သူအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သော အတွေ့အကြုံက တစ်ခုခုမှားနေပြီဟုချက်ချင်းသတိပေးလာခဲ့သည်။

ငင်းက

နေရာတစ်ခုလုံး တိတ်ဆိတ်လွန်းသောကြောင့်ဖြစ်သည်။

လုံရင်၏ လည်ပင်းမှ သွေးနီရဲနေသော

အမှတ်အသားကို ပြန်သတိရမိတဲ့အခါ

သူကသတိအပြည့်ဖြစ်သွားကာ ယန်ယဲ့ကိုရှာဖွေရန်

လှည့်ကြည့်လိုက်ပါသည်။

သို့သော်လည်း အချိန်အတော်ကြာအောင်

စောင့်ပြီးနောက်မှာတော့ သူက အနည်းငယ်

စိတ်မရှည်တော့ပုံရသည်။

သူသည် လျှပ်တစ်ပြက် လှုပ်ရှားရန်ပြင်လိုက်စဉ်မှာပဲ

ဘေးနားရှိ မြက်ခင်းပြင်ထဲမှ လှုပ်ရှားမှုကို ရုတ်တရက်

သတိပြုမိသွားသည်။

တစ်ချိန်တည်းမှာပင် လုံဖန်းက မြေပြင်ကို ခြေနှစ်ဖက်ဖြင့်

နင်းကာ လေထဲသို့ ခုန်တက်သွားသည်။

သူက ဓား ၃၆ ချောင်တွင် ပါဝင်သော စွမ်းအားကို ထိပ်တိုက်ရင်မဆိုင်ဝံ့ပေ။ အကယ်၍ သူသည် မအောင်မြင်ပါက ထွက်ပြေးရန်သာရှိသည်။ အဆင့်မြင့်လုပ်ကြံသူတစ်ယောက်က မုဆိုးကနေသားကောင်အဖြစ်ခံမည်မဟုတ်ပါ။

အနက်ရောင်ဝတ်လူက လေထဲသို့ခုန်တက်ပြီး ရှောင်ထွက်သွားသည်ကို မြင်သောအခါ ယန်ယဲ့၏ ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခု လွှမ်းသွားသည်။

သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒ နှင့်အတူ မမြင်နိုင်သောဓားက ချက်ချင်းပင် ကောင်းကင်ပေါ်သို့ပျံတက်သွားလေတော့သည်။ ထို့အပြင် အဆင့်မြင့်နည်းစနစ်အဆောင်ကမမြင်နိုင်သောဓားနှင့်ပေါင်းစ

ပ်သွားကာလေထဲတွင်
ပြင်းထန်သောအဖျက်စွမ်းအားများပျံ့လွင့်လာခဲ့သည်။

အဆင့်မြင့်နည်းစနစ်အဆောင်ကလေထုထဲတွင်
ပေါက်ကွဲထွက်လာပြီးနောက်
"လခြမ်းကွေးပုံသဏ္ဍာန်ဓားတစ်လက်"အဖြစ်ပြောင်းလဲသွား
၏။

လခြမ်းကွေးဓားပေါ်လာပြီးနောက်ပတ်ဝန်းကျင်ရှိ ဧရိယာ ၁၀
မီတာကျော်ပတ်လည်တွင်ရှိသော သစ်ပင်ကြီးများအားလုံး
အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားလေသည်။

လုံဖန်း၏ မျက်လုံးများက ရုတ်တရက် ပျံသန်းလာသော
လခြမ်းကွေးဓားကိုမြင်လိုက်တဲ့အခါ ထိတ်လန့်မှုဖြင့်
ပြည့်နှက်သွားသည်။

ယန်ယဲ့သည် အဆင့်မြင့်နည်းစနစ်အဆောင်ကို အမှန်တကယ်
ပိုင်ဆိုင်ထားကြောင်း (သို့မဟုတ်) ထိုကဲ့သို့
အသုံးပြုနိုင်လိမ့်မည်ဟု စိတ်ပင် မကူးမိခဲ့ပေ။

သူက ရှောင်တိမ်းရန်ပြင်လိုက်သော်လည်း၊
အလွန်နောက်ကျသွားပြီ ဖြစ်သည်။

ကြောက်မက်ဖွယ်ရာ ဓား ၃၆ ချောင်းက သူ့အား
ဝိုင်းရံထားသလို၊ ပျံသန်းလာသော လခြမ်းကွေးဓားကလည်း
သူ၏ခေါင်းကိုအတော်လေးကျိန်းစေသည်။

လုံဖန်းက အကြီးအကျယ် ထိတ်လန့်သွားသည်။
ကံကောင်းထောက်မစွာပင် သူက
စိတ်ပျက်အားလျော့သွားသည်အထိ ကြောက်လန့်မနေခဲ့ပေ။

သူက အသက်ပြင်းပြင်းရှူရင်း မျက်လုံးထဲတွင်
ပြတ်သားသောအမူအရာတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

တစ်ချိန်တည်းတွင် သူ၏ခန္ဓာကိုယ်အတွင်းမှ
ဆန်းကြယ်ချီစွမ်းအင်များ ထွက်ပေါ်လာပြီး
သူ၏လက်ထဲမှဓားမြှောင်ထဲသို့ပို့လွှတ်လိုက်သည်။

ထို့နောက် သူက တုံ့ဆိုင်းမနေဘဲ၊
အနက်ရောင်ဓားမြှောင်ကိုအဆက်မပြတ်ဝှေ့ယမ်းကာ
လခြမ်းကွေးဓားကိုပိုင်းချလိုက်သည်။

ဘန်း!

လခြမ်းကွေးဓားက လုံဖန်း၏
ဓားမြှောင်ကိုပိုင်းချမိလိုက်ပြီးနောက် လုံဖန်း၏ခန္ဓာကိုယ်ဟာ
လေထဲကနေ တိုက်ရိုက် ပြုတ်ကျသွားသည်။

ယန်ယဲ့က
ဒီမြင်မြင်ကွင်းကြောင့်အတော်လေးဝမ်းသာသွား၏။
သူက အနက်ဝတ်လူကို အဆုံးသတ်ရန်ပြင်လိုက်စဉ်၊
အေးစက်စက်အငွေ့အသက်များနှင့်
အနက်ရောင်ဓားမြှောင်တစ်ချောင်းက သူ့လည်ပင်းကို
ရုတ်တရက် ထိုးသွင်းလာခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ခန္ဓာကိုယ်တစ်ခုလုံးမှ
ရှိရှိသမျှအမွေးအမျှင်များချက်ချင်းပင်
ထောင်ထသွားလေတော့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၇)] - သတ်

ကလန်!

ဓားမြှောင်က
ယန်ယဲ့၏လည်ပင်းကိုတည့်တည့်ပိုင်းလိုက်သည်။

သို့သော်လည်း ဓားမြှောင်က မာကျောသော သတ္တုနံရံ နှင့်
ထိမှန်သွားသလိုပင်
ဆူညံသောထိခတ်သံများသာထွက်လာပါသည်။

အနက်ရောင်စားမြှောင်ကိုကိုင်ထားသည့် လုံဂျွန်ပင်လျှင် အလွန်အံ့ဩသွား၏။

ရှင်းရှင်းပြောရလျှင် ယန်ယွဲ၏ရုပ်ခန္ဓာခွန်အားက ဒီလောက်ထိ ကြောက်စရာကောင်းလောက်အောင် သန်မာလိမ့်မယ်လို့ သူ မထင်ထားခဲ့မိပေ။

အချိန်မတိုင်မီမှာပင် သူက သတိပြန်ဝင်လာခဲ့ပြီးနောက် မူလရပ်နေရာကနေရုတ်ချည်းပင်ပျောက်ကွယ်သွားလေတော့ သည်။

နောက်အခိုက်အတန့်တွင် သူသည် ယန်ယွဲနှင့် ၁၀ မီတာခန့် အကွာတွင် ပေါ်လာခဲ့၏။

ယန်ယွဲက အနက်ရောင်ဝတ်လူပျောက်ကွယ်သွားသည်ကို ကြည့်နေစဉ် သူ့မျက်နှာက အလွန်လေးနက်ပေသည်။

အစောပိုင်းကတိုက်ခိုက်မှုတွင် သူ၏ရုပ်ခန္ဓာခွန်အားသာလုံလောက်အောင်သန်မာမှုမရှိပါက အခုအချိန်တွင် ခေါင်းပြတ်နေလောက်ပြီဖြစ်သည်။

သိုင်းဘုရင်အဆင့်လုပ်ကြံသတ်ဖြတ်သူများ၏ တိုက်ခိုက်ရေးစွမ်းရည်ကအလွန်ကြောက်လန့်စရာမဟုတ်ပေ။

သို့သော်ငြား လုပ်ကြံသတ်ဖြတ်ခြင်းနည်းစနစ်များနှင့်ပတ်သက်လာသော အခါတွင် ၎င်းတို့၏စွမ်းရည်ကို ကြောက်ရွံ့ရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။

ထို့နောက် ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး သူ၏ခန္ဓာကိုယ်မှ ရုတ်တရက်ပြင်းထန်သောအငွေ့အသက်များထွက်ပေါ်လာသည်။

သူက ခေါင်းယမ်းလိုက်ပြီး ဓား ၃၆ ချောင်းဖြင့်
ထိုးစိုက်ခံထားရသည့် ဖြူကောင်တစ်ကောင်လို ဖြစ်နေသော
လုံဖန်းဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားလိုက်သည်။
သူသည် လုံဖန်း၏ အလောင်းကို တစ်ချက်ကြည့်ရင်း
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ကာ
ဓား ၃၆ ချောင်းကို ပြန်သိမ်းလိုက်ပါသည်။

တစ်ဆက်တည်း သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ
လုံဖန်း၏လက်တွင်ဝတ်ဆင်ထားသော
သိုလှောင်လက်စွပ်ကသူ့လက်ဝါးထဲသို့ ပျံတက်သွားသည်။

ယန်ယွဲ့က လုံဖန်း၏ သိုလှောင်လက်စွပ်အတွင်းပိုင်းကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းယမ်းလိုက်ကာ
စိတ်ပျက်လက်ပျက်ဖြစ်အရိပ်အယောင်များပင်ထွက်ပေါ်လာ
လေသည်။

လုံဖန်း၏ ပိုင်ဆိုင်မှုက စွမ်းအင်ကျောက်တုံး ၁၀၀၀ ကျော်အပြင် တခြားဘာမှ ရှိမနေပေ။

"သောက်ကျိုးနဲ၊ ဒီလုပ်ကြံသူတွေအားလုံးက အရမ်းဆင်းရဲကြတာလပဲလား။ " ယန်ယွဲ့သည် လုံဖန်း၏အလောင်းကို အထင်အမြင်သေးစွာဖြင့် စိုက်ကြည့်ပြီးနောက် ထွက်သွားရန် ကြံရွယ်လိုက်သည်။ ဒီအခိုက်အတန့်တွင် သူ၏ အကြည့်များသည် လုံဖန်း၏ ခါးပေါ် ရှိ အနီရောင် သံသင်္ကေတတစ်ခုပေါ်သို့ အမှတ်မထင် ကျဆင်းသွားခဲ့သည်။

ခဏကြာ တုံ့ဆိုင်းသွားပြီးနောက် ယန်ယွဲ့က သူ၏ညာလက်ကို လက်ဟန်ပြကာ အနီရောင် သင်္ကေတကို ဆွဲယူလိုက်၏။

အနီရောင်သင်္ကေတ ကို စူးစိုက်ကြည့်လိုက်ရာ သွေးကိုကိုယ်စားပြုသည့် အနီရောင်အက္ခရာ '血' တစ်လုံးကို

သင်္ကေတ၏အရှေ့ဖက်တွင် ရေးထိုးထားကြောင်း
သတိပြုမိသွားသည်။

ခဏအကြာစဉ်းစားပြီးနောက်မှ
သူဟာအနီရောင်သွေးသင်္ကေတ၏ဆိုလိုရင်းကိုအကြမ်းဖျင်း
ခန့်မှန်းမိသွားတော့သည်။

"ဒေါင်ဝူအဖွဲ့ချုပ်က လုပ်ကြံသူတွေကို
အဆင့်ခွဲထားတဲ့ပုံစံတစ်ခုဖြစ်နိုင်တာပဲ။" သူ့စိတ်ထဲ၌
ဒီသွေးသင်္ကေတက အနာဂတ်တွင်
အသုံးဝင်လာနိုင်သည်ဟုခံစားမိသောကြောင့်
သိုလှောင်လက်စွပ်ထဲသို့ထည့်သိမ်းလိုက်လေသည်။

ထို့နောက်တွင် ယန်ယွဲ့သည်
အချိန်တော်တော်ကြာဆက်မနေတော့ဘဲ၊

မဟာတောင်တန်းများ၏ အနက်ပိုင်းဆီသို့
ဆက်လက်ပြေးလွှားသွားခဲ့တော့သည်။

သူထွက်သွားပြီး နောက် ၁၅ မိနစ်ခန့်အကြာတွင် လုံဂျွန်က
ယန်ယဲ့ရပ်နေခဲ့သောနေရာတွင် ရုတ်တရက်ပေါ်လာသည်။

သူက လုံဖန်း၏အလောင်းကို မကြည့်မိ
ယန်ယဲ့ထွက်ခွာသွားသည့် လမ်းကြောင်းကို
တစ်ချက်ကြည့်လိုက်ပြီး မျက်လုံးများတွင်
အလွန်လေးနက်သော အမူအရာများပြည့်နှက်နေခဲ့သည်။

အစောပိုင်းတုန်းစက သူဟာ
လုံဖန်းနှင့်ယန်ယဲ့တိုက်ခိုက်နေချိန်တွင် ရောက်နေပြီဖြစ်ကာ
အခွင့်အရေးကောင်းကို စောင့်ဆိုင်းနေခဲ့၏။

နောက်ဆုံးမှာတော့ သူက မျှော်လင့်ထားသည့်အတိုင်း
အကောင်းဆုံးအခွင့်အရေးကို ရှာတွေ့လိုက်သည်။

သို့သော်ငြား ယန်ယဲ့၏
ရုပ်ခန္ဓာခွန်အားသည်ဤမျှထိတ်လန့်စရာကောင်းလောက်အောင် ကြံ့ခိုင်သန်မာပြီး
သံမဏိထက်ပင်မာကြောနေလိမ့်မည်ဟု မထင်ထားခဲ့ပေ။

ထိုအချိန်တွင် အနက်ဝတ်လုံရင်က လုံဂျွန်
၏ဘေးနားတွင် ရုတ်တရက် ပေါ်လာသည်။သူက
မျက်မှောင်ကြုတ်ပြီး လုံဖန်း၏ အလောင်းကို
ကြည့်လိုက်ပြီးနောက် လုံဂျွန်ကို စိုက်ကြည့်ကာ "မင်း သူ့ကို
သတ်လိုက်တာလား?"

လုံဂျွန်က ခေါင်းယမ်းပြီး "မင်းပြောတာမှန်တယ်။ ယန်ယဲ့က
ဒီနှစ်ရဲ့အဆင့်သတ်မှတ်ချက်ဘုရင်
ဆိုရလောက်အောင်တကယ်ထိုက်တန်နေတာပဲ။

သူ့ရဲ့ခွန်အားက သာမန်
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတွေထက် လုံးဝ
နိမ့်ကျမနေဘူး။

လုံဖန်းက သူ့ကိုယ်သူ ဂရုမစိုက်ဘဲ ယန်ယွဲ့ကိုအထင်သေးမိလို့
သေဆုံးသွားရတာပဲ။
အထက်အာဏာပိုင်တွေက ဒီမစ်ရှင်ဝန်ကိုတာဝန်ယူဖို့
ငါတို့သုံးယောက်လုံးကို စေလွှတ်ခဲ့တာ
အံ့ဩစရာမဟုတ်တော့ဘူး!”

"သူ့ရဲ့ခွန်အားက
တကယ်ကြောက်စရာကောင်းသလား?" လုံရင်က
တဟားဟားရယ်မောလိုက်သည်။ “ကောင်းလိုက်တာ။ ဒီလို
စိတ်ဝင်စားစရာကောင်းတဲ့ ပစ်မှတ်ကို မကြုံခဲ့ရတာ
နှစ်အတော်ကြာခဲ့ပါပြီ။ မင်းသိသလား? အဲဒီနေ့က သူ့ကြောင့်

ငါ ဒဏ်ရာရသွားတယ်။ အဲဒီ့ စိတ်လှုပ်ရှားမှု ခံစားချက်က ငါ့ဆီကို နောက်တစ်ကြိမ် ပြန်ရောက်လာတယ်။

တကယ်လို့ သူ့ကိုသတ်နိုင်ရင် ငါတို့က မြေကမ္ဘာအဆင့် လုပ်ကြံသတ်ဖြတ်သူတွေဖြစ်နိုင်လိမ့်မယ်လို့ အထက်အာဏာပိုင်တွေက

ကတိပေးခဲ့တယ်။ အခု အထက်အာဏာပိုင်တွေက သူ့ကို လုပ်ကြံသတ်ဖြတ်ဖို့ စွန့်လွှတ်လိုက်မယ်ဆိုရင်တောင် ငါ လက်မလျှော့နိုင်ဘူး။”

လုံဂျွန်က လုံရင်ကို လျစ်လျူရှုလိုက်ပြီး "ဒီလုပ်ကြံသတ်ဖြတ်မှုကနေ မင်းရလာတဲ့ စိတ်လှုပ်ရှားမှုကြောင့် ကျေနပ်မယ်လို့ ငါမျှော်လင့်ပါတယ်!" သူပြောပြီးတာနဲ့ လုံဂျွန်၏ပုံရိပ်က တုန်ခါသွားပြီး ချက်ချင်းပျောက်သွားသည်။

လုံရင်ကလည်း အေးစက်စက် ရယ်မောလိုက်ကာ ရုတ်တရက် အဝေးဆီသို့ လှမ်းကြည့်လိုက်ပါသည်။

..........။

ယန်ယဲ့သည် မီးခိုးရောင်ဝံပုလွေဘုရင်ကိုစီးနင်းကာ လွင်ပြင်ကျယ်တစ်ခုကို လျင်မြန်စွာ ဖြတ်သန်းနေသည်။

လမ်းတစ်လျှောက်လုံး သူသည် အမြဲလိုလိုသတိမပြတ်ဘဲ၊ ပတ်ဝန်းကျင်ကိုဂရုတစိုက်စစ်ဆေးနေခဲ့၏။

သို့သော်လည်း အခြားလုပ်ကြံသတ်ဖြတ်သူ နှစ်ဦးသည် ပြီးခဲ့သော နှစ်ရက်တာ ကာလအတွင်း နောက်ထပ် အသွင်အပြင် ထွက်ပေါ်မလာခဲ့ပေ။

သူက အနည်းငယ် စိတ်ဓာတ်ကျနေခဲ့သည်။

သို့သော်ငြား သူ့စိတ်ထဲတွင်
ထိုလူနှစ်ဦးနှင့်တိုက်ခိုက်ရန်နီးကပ်လာပြီဖြစ်ကြောင်းသတိပြု
မိထားကာ အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်လာသည်ကို
ကာကွယ်ရန် အသင့်ပြင်ဆင်ထားသည်။

ဒီအချိန်တွင် ယန်ယွဲ့သည် ခရီးလမ်းတစ်လျှောက်
မီးခိုးရောင်ဝံပုလွေဘုရင်နှင့်လေ့ကျင့်တိုက်ခိုက်ခြင်းမပြုတော့
ပေ၊သူက
မီးခိုးရောင်ဝံပုလွေဘုရင်ကိုစီးနင်းကာကျယ်ပြန့်သောလွင်ပြင်
ကျယ်ကိုဖြတ်သန်းနေခဲ့လေသည်။

ရုတ်တရက် ဤအခိုက်အတန့်တွင် အဝေးမှ တိုက်ပွဲသံများ
ရုတ်တရက် ထွက်ပေါ်လာပြီးနောက်၊
ယန်ယွဲ့၏မျက်လုံးများကအနည်းငယ်ကျဉ်းမြောင်းသွားလေ
သည်။

ထို့နောက် သူသည်
ပုန်းအောင်းစရာနေရာတစ်ခုတည်ဆောက်ရန်
သူ၏အကြံအစည်များကို ချက်ချင်းစွန့်လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က
မီးခိုးရောင်ဝံပုလွေဘုရင်၏ကျောပေါ်မှခုန်ဆင်းလိုက်ကာ
၎င်းကို ဆန်းကြယ်ရွှေချိုကန်ထဲသို့
ပြန်ထည့်လိုက်သည်။

တိုက်ပွဲသံများရှိနေသောကြောင့် ထိုလူသတ်သမားနှစ်ဦးကို
ချောင်းမြောင်းတိုက်ခိုက်ရန် မဖြစ်နိုင်တော့သည်မှာ
သေချာသွားပြီဖြစ်သည်။
တစ်ဆက်တည်း တိုက်ပွဲသံများ
အဆက်မပြတ်ဆူညံစွာထွက်ပေါ်နေသောကြောင့်

လုပ်ကြံသတ်ဖြတ်သူများပင် သတိထားနေမည်မှာ သေချာနေပေသည်။

သို့သော်လည်း ဒီနေရာက မဟာတောင်တန်းများ၏ အနက်ပိုင်းနယ်မြေဟုတ်သည့်တိုင် အတွင်းပိုင်းဧရိယာ၏ နယ်နိမိတ်တွင်ဖြစ်သောကြောင့် ယန်ယဲ့က အနည်းငယ် ပဟေဠိ ဖြစ်နေဆဲဖြစ်သည်။

သူဒီကိုရောက်လာနိုင်ရခြင်းအကြောင်းရင်းမှာ မီးခိုးရောင်ဝံပုလွေဘုရင်ရှိနေသောကြောင့်ပါ။ သို့မဟုတ်ဘဲ၊ အကယ်၍ လူသားများသည် ဤနေရာတွင် အမှောင်မှော်သားရဲများကို တိုက်ခိုက်ပါက သေလမ်းရှာသည်နှင့်အတူတူပင်ဖြစ်သည်။

တောင်ကုန်းတစ်ခုပေါ်တွင် အမျိုးသမီးနှစ်ဦးသည် စားရှည်များကိုင်ဆောင်ထားကာ မတ်တပ်ရပ်နေချိန်တွင် သိုင်းဘုရင်အဆင့် မီးတောက်ခြင်္သေ့ ၂၀ ခန့် နှင့် အခြား မီးတောက်ခြင်္သေ့များ၏အလောင်းများကမြေပြင်တွင် စုပုံနေပါသည်။

ယန်ယဲ့သည်ဤနေရာသို့ရောက်ရှိလာပြီး မြေကြီးကိုဖုံးလွှမ်းနေသော အလောင်းများကိုတွေ့သောအခါ ချက်ချင်းအံ့သြသွားခဲ့သည်။ ဤ မီးတောက်ခြင်္သေ့များ ပိုင်ဆိုင်သော ခွန်အားကို သူလည်း ရှင်းရှင်းလင်းလင်း သိထား၏။

သို့ရာတွင် ဒီအမျိုးသမီးနှစ်ဦးက အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့သည်။

တကယ်တော့ ဒီအမျိုးသမီးနှစ်ဦး၏ ကျင့်ကြံမှုအဆင့်က သိုင်းဘုရင်အဆင့် ၁ သာ။

ထိုအချိန်တွင် အမျိုးသမီးနှစ်ဦးထံမှစကားသံထွက်လာ၏။

"ဝေဝေ၊ ငါတို့ ဘာလုပ်သင့်လဲ။ ငါတို့က သူတို့ကိုသတ်လိုက်တာနဲ့ ဒီမီးတောက်ခြသေ့်မျိုးနွယ်ရဲ့ အဖွဲ့ဝင်တွေ ပိုများလာနေတယ်။

သူတို့ကို ငါတို့နှစ်ယောက်တည်းနဲ့ လုံးလုံးလျားလျား မဖျက်ဆီးနိုင်ဘူး။ ငါတို့ရဲ့ခန္ဓာကိုယ်ထဲက ဆန်းကြယ်ချီစွမ်းအင်တွေ ကုန်ဆုံးသွားတာနဲ့ ဒီနေရာက ငါတို့ရဲ့သင်္ချိုင်းဖြစ်လိမ့်မယ်။ ငါမသေချင်သလို ဒီတိရိစ္ဆာန်တွေရဲ့အစာလည်း မဖြစ်ချင်ဘူး!" အရပ်ခပ်ရှည်ရှည် အမျိုးသမီးက စိုးရိမ်စိတ်အနည်းငယ်ဖြင့် ပြောလိုက်သည်။

ဝေဝေဟု ခေါ်သော အမျိုးသမီးက ပြုံးပြီး "စိတ်မပူပါနဲ့ ယန်ယန်၊ ဒီမှာ စီနီယာအစ်မကြီး တစ်ယောက်လုံးရှိနေတာပဲ၊

မီးတောက်ခြသေ့်တွေ ဘယ်လောက်ပဲများများ မင်း
စိတ်ပူနေစရာမလိုဘူး။"

ပြောပြီးသည်နှင့် သူမ၏ ခြေထောက်များကို
မြေကြီးပေါ်သို့ စောင့်ချလိုက်ပြီးနောက် သူမ၏ပုံရိပ်က ရှေ့သို့
တိုးထွက်လာသည်။

ရှေ့၃ မီတာအကွာတွင် ရောက်လာတဲ့အခါ
သူမကခန္ဓာကိုယ်ကိုတစ်ပါတ်လှည့်လိုက်ပြီး၊တစ်ချိန်တည်းမှာ
ပင် သူမ၏လက်ထဲမှဓားက
မမြင်နိုင်လောက်အောင်အမြန်နှုန်းဖြင့် ပျံထွက်သွားသည်။

တစ်ခဏလေးအတွင်းမှာပဲ နှင်းဖြူဓားကြိုးတစ်ချောင်းက
သူမရှေ့တွင် ဟိန်းဟောက်နေသော မီးတောက်
ခြသေ့်ခြောက်ကောင်ကို

ပြင်းထန်စွာ ပစ်ချလိုက်ပါသည်။

မီးတောက်ခြင်္သေ့များက အလွန်ကြီးမားလွန်းသောကြောင့်
နှင်းဖြူများချိကြိုးကို ရှင်းရှင်းမရှောင်နိုင်ဘဲ
တိုက်ရိုက်ထိမှန်သွား၏။

ထို့နောက် ယန်ယဲ့၏ အံ့အားသင့်နေသော
အကြည့်အောက်တွင် သိုင်းဘုရင်အဆင့် မီးတောက်ခြင်္သေ့
ခြောက်ကောင်စလုံး အပိုင်းပိုင်းကွဲထွက်သွားတော့သည်။

သူမက သိုင်းဘုရင်အဆင့်မီးတောက်ခြင်္သေ့ခြောက်ကောင်ကို
တိုက်ရိုက်သတ်ဖြတ်နိုင်သောကြောင့်
သူအံ့သြသွားခြင်းမဟုတ်ပေ။
အကြောင်းအရင်းမှာ မိန်းမပျိုက ဓားစိတ်ဆန္ဒကို
အမှန်တကယ် နားလည်ထားသောကြောင့်ပင်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၈)] - တွေ့ဆုံ

ထို့အပြင် အနှိုမိန်းမပျိုက အဆင့် ၃ ဓားစိတ်ဆန္ဒကိုပင် ရောက်ရှိနေပြီဖြစ်သည်။

"အိုး! စီနီယာအစ်မက အံ့ဩစရာပဲ!" ထိုအချိန်တွင် ယန်ယန်ဟုခေါ်သော အမျိုးသမီးက ရုတ်တရက်

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ဝေဝေဟုခေါ်သော အမျိုးသမီးထံသို့ ပြေးသွားကာ အတင်းပွေ့ဖက်လိုက်သည်။ ထို့အပြင် သူမက ဝေဝေ၏ပါးကိုပင် ကိုက်ဆွဲလိုက်သည်။ ဤမြင်ကွင်းက အရိပ်ထဲတွင် ပုန်းအောင်းနေသော ယန်ယဲ့ကို ချက်ချင်းပင် အံ့အားသင့်စေခဲ့သည်။

ဝေဝေဟုခေါ်သောမိန်းမပျိုက အနည်းငယ်ရှက်ရွံ့သွားပုံရ၏။ သူမ တစ်ခုခုပြောခါနီးတွင် ပတ်ဝန်းကျင်ရှိ မီးတောက်ခြင်္သေ့များသည် ရုတ်တရက် ဒေါသတကြီးဟိန်းဟောက်ပြီးနောက် အမျိုးသမီးနှစ်ဦးကို ပြင်းပြင်းထန်ထန် အော်ဟစ်လိုက်ကြသည်။

အနီမိန်းမပျို၏သတ်ဖြတ်လိုက်သောလုပ်ရပ်က သိုင်းဘုရင်အဆင့် အမှောင်မှော်သားရဲများကို ဒေါသထွက်စေခဲ့ကြောင်း ထင်ရှားပါသည်။

တစ်ချိန်တည်းတွင် မြေပြင်တစ်ခုလုံးသည် မဆက်မပြတ် တုန်ခါလာခဲ့၏။

ထို့နောက်တွင် မရေမတွက်နိုင်သော မီးတောက်ခြင်္သေ့အုပ်စုသည် အဝေးမှ ရုတ်တရက် ပေါ်လာပြီး အမျိုးသမီးနှစ်ဦးဆီသို့ ဝိုင်းအုံလိုက်ကြသည်။

နှစ်ယောက်စလုံး ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါ အမျိုးသမီးနှစ်ဦး၏ အမူအရာများက သိသိသာပင် ပြောင်းလဲသွားပါတော့သည်။

သူမတို့နှစ်ဦးက သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများဖြစ်သလို၊ အစွမ်းထက်ရတနာလက်နက်များကို ပိုင်ဆိုင်ထားသော်လည်း ဒီလောက်များပြားလှသော မီးတောက်ခြင်္သေ့အုပ်ကြီးက ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူပင် ရင်ဆိုင်နိုင်သောအရာမဟုတ်ပေ။

ဝေဝက ခဏတာ တုံ့ဆိုင်းနေပြီး အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်နေသော ဘေးနားမှ မိန်းမပျိုကို ဆွဲကိုင်ပြီး ခုန်တက်လိုက်သည်။

သူမ ခုန်တက်လာသည့်အချိန်တွင် ဆန်းကြယ်ချီစွမ်းအင်မှဖန်တီးထားသောအဖြူရောင်အတောင်ပံတစ်စုံကသူမ၏နောက်ကျောတွင် ပေါ်လာသည်။

ဤအခိုက်အတန့်၌ မိန်းမပျိုက သူမ၏မျက်လုံးများတွင် တုံ့ဆိုင်းနေသော အမူအရာတစ်ခု ထွက်ပေါ်လာပြီးနောက် သက်ပြင်းကို ပေါ့ပါးစွာ ချလိုက်မိသည်။

ထို့နောက်မှာတော့ သူမက တလက်လက်တောက်ပလာပြီး အချိန်အနည်းငယ်ကြာတွင် ယန်ယွဲ့ပုန်းအောင်းနေသောနေရာသို့တန်းတန်းမတ်မတ်ကို ဆင်းချလာပါသည်။

ထိုအမျိုးသမီး ရုတ်တရက် ရောက်လာသည်ကို မြင်လိုက်ရတဲ့အခါ ယန်ယဲ့လည်းအတော်လေး အံ့အားသင့်သွားသည်။

"သူမက ဘာလုပ်ဖို့ ရည်ရွယ်ထားတာလဲ?"

သူ ပဟေဠိဖြစ်နေချိန်တွင် ဝေဝေဟုခေါ်သောမိန်းမပျိုက ရုတ်တရက် ယန်ယဲ့၏ပုခုံးကို ဆွဲကိုင်လိုက်ပြီး ကောင်းကင်သို့ ခုန်တက်ကာအဝေးဆီ ပျံသန်းလိုက်သည်။

ယန်ယဲ့သည်သူ့ဘေးနားရှိ အမျိုးသမီးကို မကြည့်မိ အောက်မြေပြင်ပေါ် ရှိ ထူထပ်လှသော အမှောင်မှော်သားရဲပင်လယ်ကြီးကို စူးစိုက်ကြည့်ကာ မျက်တောင်ခတ်လိုက်သည်။ "ဒီမိန်းမက ငါ့ကို ကယ်လိုက်တာလား။ သူက ဘာလို့ ငါ့ကို ကယ်တာလဲ။ ဇာတ်လမ်းတွေမှာသာ ရှိတဲ့ ကြင်နာတတ်တဲ့သူနဲ့ ကြုံဖူးတယ်လို့ပဲသတ်မှတ်ရမှာလား။"

သို့သော် နောက်ထပ်အရေးကြီးမေးခွန်းတစ်ခုရှိခဲ့ပါသည်။။

"ဒီမိန်းမပျိုက သူ့ကို ဘယ်တုန်းက သတိထားမိသွားသလဲ၊ ဘာကြောင့် သူ့ကို သတိထားမိတာလဲ။"

"ဟမ်၊ နင်က တောင်ပိုင်းနယ်မြေရဲ့ ကျင့်ကြံသူလား။" ယန်ယဲ့က အံ့အားသင့်နေစဉ် သူ့လက်ကိုကိုင်ထားသည့် မိန်းမပျိုက ရုတ်တရက် မေးလာခဲ့သည်။

ယန်ယဲ့က တွေးတောနေရာကနေသတိပြန်ဝင်လာပြီး ခေါင်းညိတ်လိုက်သည်။ သူကတစ်ခုခုပြောခါနီးမှာပဲ အရပ်ရှည်ရှည်မိန်းမပျိုက ရုတ်တရက် "ကောင်းကင်လှွာအဆင့်ကျွမ်းကျင်သူတစ်ယောက်က

မဟာတောင်တန်းရဲ့အတွင်းပိုင်းကို လာဖို့
သတ္တိရှိတာလား။ ငါ့ရဲ့စီနီယာအစ်မသာစေတနာမထားခဲ့ရင်
နင်က ငါတို့အောက်မှာရှိတဲ့တိရစ္ဆာန်တွေအတွက်
အစာဖြစ်သွားလိမ့်မယ်!"

ယန်ယဲ့က ပြုံးပြီး ပြန်ပြောလိုက်သည်။
"မင်းတို့နှစ်ယောက်လုံး တောင်ပိုင်းနယ်မြေက
မဟုတ်ဘူးမလား?"

"အဲဒါကို နင်ဘယ်လိုသိတာလဲ?" အရပ်ရှည်ရှည်မိန်းမပျိုက
အံ့အားသင့်စွာဖြင့် ပြောလိုက်၏။

အရပ်ရှည်ရှည်မိန်းမပျို၏အသံကိုကြားသောအခါ
ဝေဝေဟုခေါ်သောမိန်းမပျိုက သူမကို လှမ်းကြည့်ရင်း
ခေါင်းကို အကူအညီမဲ့စွာ
ခါယမ်းလိုက်သည်။ "ဒီငတုံးမလေး!"

ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်လိုက်၏။

သူသည် မိန်းမပျိုနှစ်ဦးကိုစကားနှိုက်ရုံမျှသာဖြစ်သော်လည်း၊ ၎င်းတို့သည် တောင်ပိုင်းနယ်မြေမှ မဟုတ်ကြောင်း ဝန်ခံလိမ့်မည်ဟု သူ မျှော်လင့်မထားပေ။

မည်သို့ပင်ဆိုစေ ဒီမိန်းမပျိုနှစ်ဦးသည်လည်း ပုန်းကွယ်နေသောနဂါးစေတီရှိ ကံကြမ္မာစွမ်းအားအတွက် ရောက်ရှိလာခြင်းပင်ဖြစ်ပုံရသည်။

"ဒါပေမယ့် သူတို့တွေက ဘာကြောင့် မဟာတောင်တန်းတွေမှာ ပေါ်လာရတာလဲ?"

“ဟေး! နင် ငါမေးတာကို မဖြေသေးဘူးလား။ ငါတို့က တောင်ပိုင်းက မဟုတ်ဘူးဆိုတာကို နင်ဘယ်လိုသိတာလဲ?"

အရပ်ရှည်ရှည်မိန်းမပျိုက ယန်ယဲ့နှုတ်ဆိတ်နေသည် ကို မြင်တဲ့အခါ အနည်းငယ် စိတ်ဆိုးသွား၏။

ယန်ယဲ့က အတွေးလွန်ရာကနေသတိဝင်လာပုံရပြီး ပြုံးလိုက်သည်၊ "ထင်တာပဲ!"

"နင်!" အရပ်ရှည်ရှည်မိန်းမပျိုက ယန်ယဲ့၏ အပြောကိုကျေနပ်ပုံမရဘဲ ဒေါသတကြီးစိုက်ကြည့်နေလိုက်သည်။

“ကောင်းပြီ။ထားလိုက်..... ငါတို့ ဒီကနေ ဘယ်လိုလွတ်မြောက်ရမလဲ? အရင်စဉ်းစားကြည့်ရအောင်။” ဤအခိုက်အတန့်တွင် ယန်ယဲ့နှင့် အရပ်ရှည်ရှည်မိန်းမပျိုကိုကိုင်ဆောင်ထားသော ဝေဝေက အောက်ခြေမြေပြင်မှ မီးတောက်ခြသေ့အုပ်လိုက်ကြီးကိုတစ်ချက်ကြည့်လိုက်သည် ။

အောက်ခြေမြေပြင်မှ လိုက်ပါလာသော မီးတောက်ခြသေ့ပင်လယ်ကြီးကိုမြင်တဲ့အခါအရပ်ရှည်ရှည်မိန်းမပျို၏မျက်နှာကချက်ချင်းပင် ဖြူဖျော့သွားလေသည်။

သူမသည် သေရမည်ကို မကြောက်သော် လည်း၊ ထိုမျှများပြားသော အမှောင်မှော်သားရဲများ၏ လက်ထဲတွင် အရှင်လတ်လတ် စားသောက်ခံရပါက....... မတွေးရဲစရာပင်။

အလားတူပင် ယန်ယွဲ့သည်လည်း သူတို့အောက်ခြေမှ အမှောင်မှော်သားရဲပင်လယ်ကြီးကို စိုက်ကြည့်ရင်းမျက်မှောင်ကြုတ်သွားသည်။

အကယ်၍ ခရမ်းရောင်မင့်ခ်ကလေးသာရှိနေပါက သူသည်ဒီအမှောင်မှော်သားရဲများကိုကြောက်စရာပင်မလိုပေ။

သို့ရာတွင် ခရမ်းရောင်မင့်ခ်ကလေးက ဒီအချိန်တွင် သူ့ကို အကူအညီပေးနိုင်ခြင်းမရှိပေ။

မီးခိုးရောင်ဝံပုလွေဘုရင်ကိုဆင့်ခေါ် နိုင်သော်လည်း၊ အမှောင်မှော်သားရဲအင်ပါယာက လူသားမျိုးနွယ်ကဲ့သို့ပင်သန်မာသူများကို သာလေးစားသည်။

သွေးမျိုးဆက်အရဖြစ်စေ၊ ခွန်အားဖြစ်စေ မီးခိုးရောင်ဝံပုလွေဘုရင်က မီးတောက်ခြသေ့်များထက်များစွာနိမ့်ကျနေပေသည်။

ထို့အပြင် လက်ရှိ မီးတောက်ခြသေ့်များက ထောင်ချီသောအုပ်စုလိုက်ကြီးဖြစ်နေခဲ့၏။

ထို့ကြောင့် မီးခိုးရောင်ဝံပုလွေဘုရင်ကိုဆင့်ခေါ်လျှင်ပင် သေခြင်းတရားသာရင်ဆိုင်ရနိုင်ပေသည်။

"စီနီယာအစ်မဝေဝေ၊ မြန်မြန် ပုံသန်းပါ။ ငါ...မသေချင်သေးဘူး...” အရပ်ရှည်ရှည်မိန်းမပျို က အနည်းငယ်တုန်လှုပ်သော အသံဖြင့် ပြောလိုက်သည်။

ဝေဝေက ခေါင်းခါပြီး ပြောလိုက်၏။ "
ဆန်းကြယ်ချီစွမ်းအင်တွေကို အတောင်ပံတွေအဖြစ်
ပြောင်းလဲပေးနိုင်တယ်ဆိုပေမယ့်
ဒီနည်းစနစ်ကိုအသုံးပြုတာကချီစွမ်းအင်တွေကို
အများကြီးကုန်ဆုံးစေတယ်။ ပြီးတော့ အခု
ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာ ဆန်းကြယ်ချီစွမ်းအင်တွေအများကြီး
မကျန်တော့ဘူး။တကယ်လို့ ထပ်ပြီးအသုံးပြုလိုက်မယ်ဆိုရင်
အနည်းဆုံး နောက်နှစ်နာရီအတွင်းမှာပဲ
ခမ်းခြောက်သွားလိမ့်မယ်။ အဲ့ဒီအချိန်ကျရင်ငါတို့အားလုံးက
တစ်ခါတည်းတန်းပြီးသေသွားမှာပဲ။”

"ဒါကနည်းစနစ်တစ်ခုလား?" ဝေဝေ၏
စကားကို ကြားလိုက်တဲ့အခါ ယန်ယွဲ့က ရုတ်တရက်
စိတ်သက်သာရာရသွားသည်။ အစပိုင်းတွင်၊ သူက

အတောင်ပံတစ်စုံ ပေါ်လာသည်ကို မြင်သောအခါ အလွန်အမင်အံ့သြတုန်လှုပ်သွား၏။

နောက်ဆုံးတွင် ခန္ဓာကိုယ်ရှိဆန်းကြယ်ချီစွမ်းအင်များကို အတောင်ပံတစ်စုံအဖြစ်ပြောင်းလဲနိုင်ရန်မှာ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများသာတတ်နိုင်သောအရာဖြစ်သည်။

“ဟေး! ဒီကနေထွက်ဖို့နည်းလမ်းရှိသလား?" ယန်ယွဲ့က နက်နက်ရှိုင်းရှိုင်းတွေးတောနေချိန်တွင် အရပ်ရှည်ရှည်မိန်းမပျိုက သူ့ကိုရုတ်တရက် မျက်စောင်းထိုးလိုက်ကြည့်ရင်း “နင် ဒီကို တစ်ယောက်တည်း လာဖို့သတ္တိရှိတယ်ဆိုတော့၊ နင့်မှာ အားကိုးစရာ တစ်ခုခုတော့ ရှိနေပြီ မဟုတ်လား။

နင့်မှာ ငါတို့ကို ကယ်တင်နိုင်တဲ့
ဝှက်ဖဲတစ်ခုခုတကယ်ရှိတယ်ဆိုရင် ဖုံးကွယ်ထားလိုက်ပါ။”

ဝေဝေဟုခေါ်သော မိန်းမပျိုကလည်းခေါင်းငုံ့ကာ ယန်ယွဲ့ကို စိုက်ကြည့်လိုက်ပါသည်။ သူမသည်လည်း အရပ်ရှည်ရှည်မိန်းမပျိုပြောခဲ့သောစကားများကအဓိပ္ပါယ်ရှိသည်ဟု ခံစားလိုက်ရပုံပင်။

ယန်ယွဲ့သည် စကားပြန်မပြောဘဲ၊ နှုတ်ဆိတ်နေခဲ့သည်။

ရောမလင်းယုန်ငှက်ကို ဆင့်ခေါ်လိုက်ပါက သူတို့အောက်ရှိ မီးတောက်ခြသေ့်များထံမှ လွတ်မြောက်နိုင်ပေသည်။

သို့သော်ငြား သူသည် အမှောင်ရိပ်ထဲမှ ပုန်းအောင်းနေသောလုပ်ကြံသတ်ဖြတ်သူများရှေ့တွင် ရောမလင်းယုန်ငှက်ကို အမှန်တကယ် ထုတ်ဖော်ပြသလိုခြင်းမရှိပေ။အကယ်၍ သူသည်

ပျံ့သန်းနိုင်သော
အမှောင်မှော်သားရဲတစ်ကောင်ကိုပင်ပိုင်ဆိုင်ထားကြောင်း
အပြင်လူများက သိသွားပါက ထာဝရ အေးချမ်းစွာ
နေထိုင်နိုင်မည်မဟုတ်တော့ပေ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၇၉ (ယန်ယဲ့)၉

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၇၉)] - တောင်ပိုင်းနယ်မြေက အောက်ဆုံးမှာပဲ

ဒီရာကလည်း အဓိကအချက်မဟုတ်သေးပါ။

အဓိကအချက်မှာ ရောမလင်းယုန်ငှက်ကို ဆင့်ခေါ်လိုက်ပါက ဒီမိန်းမပျိုနှစ်ဦးရှေ့တွင်လုပ်ဆောင်ရပေလိမ့်မည်။

ထိုသို့သော
အဖြစ်အပျက်သည်တောင်ပိုင်းနယ်မြေတစ်ခုလုံးကိုသာမက
ဘဲ၊
ဆန်းကြယ်ရွှေချီကန်နှင့်ပတ်သက်သောသတင်းကိုပါဖော်ထု
တ်ခံရလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် ယန်ယွဲ့က သူတို့၏မျှော်လင့်ချက်များကို မြင်သော်လည်း မတတ်သာစွာ ခေါင်းယမ်းလိုက်သည်။

သူက တစ်ခုခုပြောခါနီးမှာပဲ အရပ်ရှည်ရှည်မိန်းမပျိုက ရုတ်တရက် မျက်ရည်များကျလာပြီး ဝေဝေကို

တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်သည်။ "
စီနီယာအစ်မဝေဝေ!

ငါမသေချင်သေးဘူး။ ငါ ကောင်းကင်ဓားဂိုဏ်းရဲ့
အတွင်းစည်းတပည့် တပည့်ဖြစ်ချင်နေတုန်းပဲ။ပြီးတော့
စီနီယာအစ်ကို ယွမ်ဂူရှဲ့နဲ့လည်းလက်ထက်ချင်သေးတယ်......
ငါ.... ငါလေ သူ့အတွက်
ကလေးတွေအများကြီးမွေးပေးချင်သေးတယ်...”

ဒီစကားကိုကြားလိုက်တဲ့အခါ ယန်ယဲ့၏
ပါးစပ်ထောင့်များက အဆက်မပြတ် တုန်လှုပ်သွားလေသည်။
အရပ်ရှည်ရှည်မိန်းမပျို၏ အရူးအနှမ်းစကားကြောင့် သူက
စကားမပြောနိုင်လောက်အောင်ကို ဆွံ့အနေခဲ့သည်။

ဝေဝေသည် သူမ၏မျက်နှာဖုံးအုပ်ကိုသေချာတပ်လိုက်ရင်း
ကူကယ်ရာမဲ့သောအမူအရာဖြင့်

ခေါင်းယမ်းလိုက်သည်။ သူမက "ယန်ယန်၊ နင်က ဘယ်အချိန်မှာ ပိုပြီး ပုံမှန်အတိုင်း သရုပ်ဆောင်နိုင်မှာလဲ။ နင့်ရဲ့အကျင့်နဲ့ ဒီလိုသာဆက်လုပ်နေရင် စီနီယာအစ်အကိုယွမ် မပြောနဲ့၊ ဂိုဏ်းသခင်တောင်မှ မင်းကိုလက်ထပ်ချင်မှာ မဟုတ်ဘူး။”

“စီနီယာအစ်မ ဝေဝေ နင်... နင်က....” ယန်ယန်ဟုအခေါ် ခံရသောမိန်းမပျိုက ရှက်ရွံ့သောလေသံဖြင့်အော်ဝေါက်လိုက်၏။

ရုတ်တရက် သူမက တစ်ခုခုကို တွေးနေပုံရပြီး မျက်လုံးများ အရောင် တောက်ပလာကာ "စီနီယာအစ်မ၊ ငါ လွတ်မြောက်ဖို့ နည်းလမ်းကို စဉ်းစားပြီးပြီ!"

ယန်ယဲ့သည် ထိုစကားကိုကြားလိုက်သောအခါ ရုတ်တရက် စိတ်မကောင်းဖြစ်သွားသော်လည်း ဝေဝေက ဝမ်းသာအားရမေးလိုက်သည်။ "ဘာနည်းလမ်းလဲ?"

ယန်ယန်က သူမ၏လက်ညှိုးကိုယန်ယဲ့ဆီသို့ညွှန်ပြလိုက်ကာ "စီနီယာအစ်မ၊ ဒီအမှောင်မှော်သားရဲတွေရဲ့အာရုံကို ဖမ်းစားဖို့ သူ့ကို လှဲချလိုက်ရင် ထွက်ပြေးဖို့ အချိန်ရှိမှာ မဟုတ်ဘူးလား?"

သူမ၏စကားကိုကြားလိုက်တဲ့အခါ ယန်ယဲ့၏မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားသည်။ "ဒီမိန်းကလေးက ကိုယ့်ရဲ့အကြံအစည်ကို လျှို့ဝှက်ထားလို့ မရဘူးလား? ငါဒီမှာရှိနေတုန်းပဲဆိုတာကို သတိမထားမိတာလား?"

ဝေဝေက အနည်းငယ် အံ့အားသင့်သွားပြီး ယန်ယွဲ့ကို တစ်ချက်ကြည့်ကာ ခေါင်းကို ခါလိုက်သည်။ သူမက စကားမပြောခင် ခဏလောက် လေးလေးနက်နက် စဉ်းစားနေပုံရ၏။ “ငါတို့ အခုရင်ဆိုင်နေရတဲ့ အခြေအနေကို ရှင်းရှင်းလင်းလင်း သိပါတယ်။ ကောင်းကင်လှော်အဆင့်ပဲရှိတဲ့နင့်လိုလူတစ်ယောက်က မဟာတောင်တန်းတွေရဲ့အတွင်းပိုင်းနယ်မြေကိုတောင် သွားလာဝံ့တယ်။ ဒီလိုဆိုမှတော့ နင့်လက်ထဲမှာ ကိုယ့်ကိုယ်ကိုကာကွယ်နိုင်တဲ့ဝှက်ဖဲတစ်ခုခုသေချာပေါက်ရှိရမယ်။

နင် ငါတို့ကို လက်တစ်ဖက်ပြားမယ်ဆိုရင် ငါတို့ညီအစ်မတွေက ထာဝရ ကျေးဇူးတင်နေမှာပါ!”

ယန်ယွဲ့က ငြိမ်သက်သွားကာ စိတ်မကောင်းသလို ခံစားလိုက်ရသည်။

ပြောရမည်ဆိုလျှင် သူသည် ဒီမိန်းမပျိုနှစ်ဦးအပေါ်
ဆိုးဆိုးရွားရွား ခံစားချက်မျိုး ရှိမနေပေ။
အတိအကျပြောရလျှင် သူက မိန်းမပျိုနှစ်ဦးအပေါ်
အတော်လေးကောင်းမွန်သောသဘောထားများရှိနေသည်။

ယန်ယဲ့က နှုတ်ဆိတ်နေသည် ကိုမြင်သော အခါ
မိန်းမပျိုနှစ်ဦးလုံး တိတ်ဆိတ်သွားကြသည်။
ဤအခိုက်အတန့်တွင် သူမတို့က ယန်ယဲ့အပေါ်
မျှော်လင့်ချက်တစ်စုံတစ်ရာသော
ထားနိုင်တော့သည်မဟုတ်ပါလား။

ဟူး.......၊ စိတ်မကောင်းပါဘူး။
ငါ့အတွက်ပဲစဉ်းစားနေမယ်ဆိုရင် သူတို့ကိုကူညီဖို့
ငြင်းဆန်လို့မရဘူး။ ..... ယန်ယဲ့က
မတတ်သာစွာ ပြုံးလိုက်သည်။

သို့သော်လည်း သူက လင်းယုန်ငှက်ကို ဆင့်ခေါ်ခါနီးတွင် ယန်ယန်ကစိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ရင်း ရှေ့သို့ပြေးထွက်သွားလေသည်။

"စီနီယာအစ်မ၊ အဲဒါ စီနီယာအစ်ကို ရန်ဟန်နဲ့ တခြားအဖွဲ့သားတွေပဲ။ ငါတို့ကို ကယ်တင်ဖို့ သူတို့လာပြီ။ ဟားဟား! နောက်ဆုံးတော့ ငါတို့ အန္တရာယ်က လွတ်မြောက်နိုင်ပြီ…"

ယန်ယန်၏စကားကြောင့် ယန်ယဲ့ကအပေါ်ကိုမော့ကြည့်လိုက်ရာ ဆန်းကြယ်ချီစွမ်းအင်များဖြင့်ဖန်တီးထားသောအတောင်ပံတစ်စုံစီဖြင့်ပျံသန်းလာသည့် လူ ၇ ယောက်အုပ်စုကိုမြင်တွေ့လိုက်ရသည်။

ယန်ယဲ့သည် ထိုလူငယ်အုပ်စုကိုမြင်သော အခါ ချက်ချင်း မျက်မှောင်ကြုတ်လိုက်၏။

"အခြားနယ်မြေရဲ့ပါရမီရှင်တွေကရှေးဟောင်းစစ်မြေပြင်ကို ဦးတည်သွားသင့်တာမဟုတ်လား။ သူတို့က ဘာကြောင့် မဟာတောင်တန်းတွေကိုရောက်လာကြတာလဲ? အခြားတစ်ဖက်တွင် လူငယ်အုပ်စုကိုမြင်လိုက်ရတဲ့အခါ ဝေဝေ၏ဖြူဖျော့နေသောမျက်နှာက အပြုံးတစ်ခုကို ထုတ်ဖော်ပြသရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

အချိန်အနည်းငယ်ကြာပြီးနောက် လူငယ် ၇ ယောက်အဖွဲ့က ယန်ယဲ့တို့သုံးယောက်အုပ်စုရှေ့သို့ ရောက်လာခဲ့သည်။

လူသယ်အုပ်စုကို ဦးဆောင်လာသူမှာ အသက် ၂၀ အရွယ်ဝန်းကျင် လူငယ်တစ်ဦးဖြစ်သည်။

လူငယ်သည် ဝေဝေကိုမြင်သောအခါ သာယာသော အပြုံးကို ချက်ချင်းထုတ်ပြလိုက်၏။"ဂျူနီယာညီမ လျူ၊ နောက်ဆုံးတော့ မင်းကိုတွေ့ပြီ။"

“ဟော့! စီနီယာအစ်ကို ရန်ဟန်၊ ငါလည်း ဒီမှာ ရှိတယ်။ နင် သဘောကျနေတဲ့မိန်းကလေးကိုတွေ့သွားလို့ ငါ့ကိုမမေ့နဲ့နော်။ သတိထားပါ.... ဒါမှမဟုတ်ရင် ငါ့ရဲ့ စီနီယာအစ်မကို နင့်ကို ဂရုမစိုက်ဖို့ တောင်းဆိုရလိမ့်မယ်!" ယန်ယန်က ရုတ်တရက် မကျေမနပ်ဖြင့် ပြောလိုက်သည်။

ရန်ဟန်က သူ့အကြည့်ကို လျူဝေဝေထံမှ ရွှေ့လိုက်ပြီး ယန်ယန်ကို စူးစိုက်ကြည့်ကာ "အိုး! ဂျူနီယာ ညီမလေး ကိုင်ယန်ယန်( Cai Yanyan) ကို ငါ ဘယ်လို မေ့နိုင်မှာလဲ!"

ထို့နောက် သူက ယန်ယွဲ့ကိုလှည့်ကြည့်လိုက်ကာ "ဒီက ညီအစ်ကိုကဘယ်သူလဲ?"

"သူက မဟာတောင်တန်းတွေမှာ ငါတို့နဲ့တွေ့ခဲ့တဲ့ တောင်ပိုင်းနယ်မြေက ကျွမ်းကျင်သူပဲ!"

ကိုင်ယန်ယန်က “စီနီယာအစ်ကိုကြီး ရန်ဟန်၊ နင် အရင်တုန်းက အရမ်းရဲရင့်တယ်လို့ ငါ့ကိုပြောခဲ့ဖူးတယ်။ ဒါပေမယ့် သူက နင့်ထက်တောင် ပိုပြီး ရဲရင့်တယ်လို့ ပြောရမယ်။ သူက သိုင်းဘုရင်အဆင့်ကိုမရောက်သေးတာတောင် မဟာတောင်တန်းတွေမှာတစ်ယောက်တည်းသွားလာရဲတယ်။ တကယ်လို့ သူသာ စီနီယာအစ်မ ဝေဝေနဲ့ မဆုံဖြစ်ခဲ့ရင် သေသွားတာ တော်တော်ကြာလောက်ပြီ!”

“တောင်ပိုင်းနယ်မြေက

လူငယ်မျိုးဆက်ကျွမ်းကျင်သူလား။ ကောင်းကင်လှေအဆင့် ၇

?" ကိုင်ယန်ယန်၏ စကားကိုကြားလိုက်တဲ့အခါ ရန်ဟန်က

အနည်းငယ် အံ့အားသင့်သွားပုံရသည်။ သူက ယန်ယဲ့ကို

စိုက်ကြည့်ကာ "မင်းက တောင်ပိုင်းနယ်မြေက

လူငယ်မျိုးဆက်လား။"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ ခေါင်းညိတ်လိုက်သည်ကို မြင်လိုက်တဲ့အခါ ရန်ဟန်

နှင့် သူ့နောက်ကွယ်ရှိ အခြားလူငယ် ၆ ဦး၏ မျက်လုံးထဲတွင်

ရှုံ့ချသော

အကြည့်များ ချက်ချင်း ထွက်ပေါ်လာသည်။ထိုအချိန်တွင်

လူငယ်တစ်ဦးက တည့်တည့်ပင်ပြောလာခဲ့၏။

“ငါတို့က ဒီမှာ တောင်ပိုင်းနယ်မြေက လူငယ်မျိုးဆက်ကျွမ်းကျင်သူတစ်ယောက်ကို ကြိုပြီးတွေ့ရလိမ့်မယ်လို့ တစ်ခါမှ မထင်ထားခဲ့မိဘူး။ ကောလဟာလတွေအရ၊ တောင်ပိုင်းနယ်မြေရဲ့အင်အားစုတွေက ကျန်ဒေသကြီးအသီးသီးက အင်အားစုတွေနဲ့ ယှဉ်ရင် လှေခါးအောက်ခြေမှာပဲ ခွန်အားတွေ ရှိနေပါတယ်။”

တစ်ချိန်တည်းမှာပင် ရန်ဟန်က ရုတ်တရက် ရယ်မောလိုက်သည်။ “အကြိုစားအင်ပါယာလို့ခေါ်တဲ့ လူငယ်တစ်ယောက် တောင်ပိုင်းနယ်မြေမှာ ပေါ်လာတာကို ကြားလိုက်ရတယ်။ သူက အဆင့် ၄ စားစိတ်ဆန္ဒကို နားလည်ထားရုံသာမက၊ ဉာဏ်အလင်းရစားနှလုံးသားကိုပါပိုင်ဆိုင်ထားခဲ့တယ်ဆိုလား ပဲ။

ဟား.....ဟား.! ဒီလို ကြီးကျယ်ခမ်းနားတဲ့
တောင်ပိုင်းနယ်မြေမှာ ဉာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်မဲ့သူတစ်ယောက်
ဘယ်လိုရှိနိုင်မလဲ။ တကယ့်ကိုဟာသပဲ..... ငါတို့ရဲ့
ကောင်းကင်ခြားဂိုဏ်းက ခြားတာအိုမှာ
မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေကို ပိုင်ဆိုင်ထားတဲ့ အဆင့် ၃
ဂိုဏ်းတစ်ခုပဲ။ ဒါပေမယ့်
ဉာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်တဲ့တပည့်တစ်ဦးမှမွေးထုတ်မပေးနိုင်သေးဘူး။
ဒါဆို တောင်ပိုင်းနယ်မြေမှာ ဘယ်လိုပေါ်လာနိုင်မလဲ။”

“မှန်တယ်၊
ဉာဏ်အလင်းရခြားနှလုံးသားပိုင်ဆိုင်တဲ့သူတစ်ယောက်က

ဘယ်လိုလုပ်ပြီးတောင်ပိုင်းနယ်မြေလို တောနက်ထဲမှာ ပေါ်လာနိုင်မလဲ။ ငါတို့ ကောင်းကင်ဓားဂိုဏ်းကို မဆိုလိုဘူး၊ အဆင့် ၅ ဂိုဏ်းဖြစ်တဲ့ အင်မော်တယ်ဓားဂိုဏ်းမှာတောင် ဘယ်သူမှပိုင်ဆိုင်ထားတယ်လို့ မကြားဖူးဘူး။ တောင်ပိုင်းနယ်မြေရဲ့အင်အားစုတွေက ကြွားဝါချင်တာတောင် ဦးနှောက်ကိုသေသေချာချာလေးအလုပ်မလုပ်ကြဘူး။” ရန်ဟန်၏ နံဘေးရှိလူငယ်တစ်ဦးက အော်ဟစ်ပြောဆိုပြီးသည်နှင့် ယန်ယွဲ့ကို အထင်အမြင်သေးစွာ စိုက်ကြည့်လိုက်သည်။

သို့သော်၊

သူတို့၏စကားများက သူ့ကို ဦးတည်နေကြောင်း ယန်ယွဲ့က ဘယ်လို သဘောမပေါက်ဘဲနေနိုင်မည်နည်း။ ယန်ယွဲ့သည် အခြားသူ များ၏ ကဲ့ရဲ့ခြင်းကို ခံနိုင်ရည်ရှိရှိ ပြုံးပြမဲ့သူမဟုတ်ပေ။

ထို့ကြောင့် သူက မပြောခင် ရန်ဟန်နှင့် အခြားလူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး

"ဉာဏ်အလင်းရဓားနှလုံးသားရှိတဲ့လူက တောင်ပိုင်းနယ်မြေမှာ ပေါ်လာဖို့ မဖြစ်နိုင်ဘူးလို့ မင်းတို့နှစ်ယောက်စလုံးက ပြောခဲ့တယ်၊ ဒါဆိုရင် တောင်ပိုင်းနယ်မြေရဲ့ဆေဘာဓားဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ဘိုးဘေးက မဖြစ်နိုင်ဘူးလို့ဆိုချင်တာလား။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀,၀၀၀ ကတည်းက ဆေဘာဓားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးက ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ခဲ့တယ်မဟုတ်လော။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၈၀ (ယန်ယွဲ့)၁၂၃

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၈၀)] - အမှောင်မှော်သားရဲ စစ်တပ်ကြီး

ရန်ဟန်နှင့် အခြားလူငယ်လေး၏ အမူအရာက အနည်းငယ် ဆိုးရွားသွားခဲ့သည်။

ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူ ဘိုးဘေးဟာ အတိတ်တစ်ချိန်က အခြားနယ်မြေ ၈ ခုမှ ထိပ်ဆုံးရောက်ပါရမီရှင်များကို သိမ်ငယ်စေသည်အထိဖိနှိပ်ပစ်ခဲ့သည်။ ထို့ကြောင့် ရန်ဟန် နှင့် အခြားသူများက ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးကိုကောင်းစွာသိရှိထားကြသည်။

ပုန်းကွယ်နေသောနဂါးစေတီ အပြင်ဖက်တွင် စာရင်းတစ်ခုရှိခဲ့သည်။ ၎င်းကို ပုန်းကွယ်နေသောနဂါးအဆင့်ဟုခေါ်ကြသည်။

ပုန်းကွယ်နေသောနဂါးစေတီ၏ အမြင့်ဆုံးအဆင့် ၅ ထပ်မြောက်သို့တက်လှမ်းနိုင်ခဲ့သောကျွမ်းကျင်သူများ၏ နာမည်များသာ ပုန်းကွယ်နေသောနဂါးအဆင့်တွင် ထွက်ပေါ်လာမည်ဖြစ်သည်။

နှစ်ပေါင်းများစွာကြာလာပြီးနောက်တွင် လူ ၇ ဦး၏အမည်များသာ ပုန်းကွယ်နေသောနဂါးအဆင့်တွင် ပါဝင်နိုင်ခဲ့သည်။

ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေး၊ ဓားသူတော်စင်က ပုန်းကွယ်နေသောနဂါးအဆင့်တွင် ဒုတိယအဆင့်ဖြစ်သည်။

ဆေဘာစားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးကို ရည်ညွှန်းလိုက်တဲ့အခါ ယန်ယဲ့၏အပြုအမူက သူတို့နှစ်ဦး၏ မျက်နှာကို ဖြတ်ရိုက်လိုက်သလိုပင်။

ရန်ဟန်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်၊ "ဒါဆို ယန်ယဲ့လို့ခေါ်တဲ့ အဲဒီလူက ဉာဏ်အလင်းရစားနှလုံးသားကို တကယ်နားလည်သွားပြီလို့ ဆိုလိုတာလား?"

သူမ၏ ဂိုဏ်းတူပညာသင်ဖက်များက ယန်ယဲ့အား ပစ်မှတ်ထားနေပုံရသည်ကို မြင်တဲ့အခါ

လျှူဝေဝေ၏လှပသောမျက်ခုံးများသည် အနည်းငယ်တွန့်သွားကာ "စီနီယာအစ်ကိုရန်၊ ငါတို့အောက်က အမှောင်မှော်သားရဲတွေကို အရင်ရှင်းရအောင်!"

ထိုအချိန်တွင် ရန်ဟန်သည် ရုတ်တရက် လှည့်ကြည့်လိုက်ကာ နှုတ်ခမ်းထောင့်တွင် ဆိုးညစ်သော အပြုံးတစ်ခု ထွက်ပေါ်လာသည်။ သူက “ညီအစ်ကို၊ မင်းဟာ ကောင်းကင်လှာအဆင့်လေးနဲ့ မဟာတောင်တန်းတွေကို တစ်ယောက်တည်းလာရဲတယ်။ ဒီလိုဆိုမှတော့ မင်းမှာ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ စွမ်းရည်မျိုး ရှိတယ်လို့ ငါထင်တယ်။ တောင်ပိုင်းနယ်မြေရဲ့ ပါရမီရှင်တွေနဲ့တစ်ခါမှမကြုံစဖူးတွေ့နေရတာပဲ။ ဒါဆို မင်းရဲ့အစွမ်းအစကို ငါတို့ကို မပြသပဲနဲ့တော့ တောင်ပိုင်းနယ်မြေရဲ့ပါရမီရှင်တွေက ဘယ်လောက်တောင် ကြောက်စရာကောင်းလဲဆိုတာ ငါတို့သိနိုင်ပါ့မလား"

"ဟုတ်တယ်၊ ငါတို့ကိုနည်းနည်းပြပါ။ အင်း ဟုတ်တယ်၊ တောင်ပိုင်းနယ်မြေရဲ့လူငယ်မျိုးဆက်တေတွေ

ဘယ်လောက် အားနည်းသလဲဆိုတာ အတိအကျ
ကြည့်ကြရအောင်။ ဟားဟား!"

"မေ့လိုက်ပါ။ သူက အခုမှ ကောင်းကင်လှွာအဆင့်ပဲ
ရှိသေးတယ်။ ဒါကြောင့် သိုင်းဘုရင်အဆင့်
အမှောင်မှော်သားရဲအုပ်စုကို မပြောနဲ့၊
တစ်ကောင်တည်းကိုတောင်ကိုင်တွယ်ဖြေရှင်းနိုင်မယ်မထင်
ဘူး။”

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?
ကောင်းကင်လှွာအဆင့်ကျွမ်းကျင်သူတစ်ယောက်က
မဟာတောင်တန်းတွေကိုလာရောက်ရဲတယ်
ဆိုတော့ကား၊ သူ့မှာ အစွမ်းထက်တဲ့
ဝှက်ဖဲတစ်ခုခုပိုင်ဆိုင်ထားမှာပဲလေ။

သူက အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ ဘုရင်နေရာကို ရရှိခဲ့တဲ့ တောင်ပိုင်းနယ်မြေက အကြိုစားအင်ပါယာ, ညဏ်အလင်းရစားနှလုံးသားကို ပိုင်ဆိုင်ထားတဲ့သူ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဟားဟား!"

သူ့နောက်မှ လူငယ်များ၏ရယ်သံကိုကြားသော်ငြား ရန်ဟန်က အံ့ဩဟန်ဆောင်ကာ မမေးမီ ယန်ယွဲ့ကို စိုက်ကြည့်လိုက်သည်။ "မင်းက ညဏ်အလင်းရစားနှလုံးသားကို ပိုင်ဆိုင်ထားတဲ့ ယန်ယွဲ့ဆိုတဲ့တစ်ယောက်မဟုတ်လား?"

ယန်ယွဲ့က ရယ်မောလိုက်သည်။ “ငါ့နာမည်က ယန်ယွဲ့!

ရန်ဟန်က ခဏတာ အံ့အားသင့်သွားကာ ရုတ်တရက် ကျယ်လောင်စွာ ရယ်မောရင်း ဟိန်းဟောက်လိုက်သည်။ "မင်းက

ယန်ယွဲ့လား? ဉာဏ်အလင်းရခြားနှလုံးသားကို ပိုင်ဆိုင်ထားသူ၊
အကြိုကြားအင်ပါယာ။ ဟားဟား! လာပါ.....
ဉာဏ်အလင်းရခြားနှလုံးသားကို ပိုင်ဆိုင်ထားတဲ့
ပါရမီရှင်တစ်ယောက်က
ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ
အတိအကျကြည့်လိုက်ရအောင်။ ဟားဟား!"

"လုံလောက်ပြီ!" ဒီအချိန်တွင် နှုတ်ဆိတ်နေခဲ့သော
လျူဝေဝေက ရုတ်တရက်
ဒေါသတကြီးအော်လိုက်ပါသည်။ သူမက ရန်ဟန်ကို
လှည့်မကြည့်မီ ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
“အစ်ကိုကြီး ရန်၊ သူ့ရဲ့ကျင့်ကြံမှုကနိမ့်ကျပေမဲ့ မင်းကယ
သူ့ကို ဒီလိုလှောင်ပြောင်
မလှောင်ပြောင်သင့်သေးဘူး။ မင်းအရင်တုန်းက
ဒီလိုမဟုတ်ပါဘူး!"

ကိုင်ယန်ယန်လည်းလက်ရှိမြင်ကွင်းကို ဆက်မကြည့်နိုင်တော့သည့်အလား "စီနီယာအစ်ကိုရန်! သူ့ရဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုက နည်းနည်းအားနည်းပေမဲ့ သူ့အသွင်အပြင်က နည်းနည်းရုပ်ဆိုးတယ်၊ သူက တောင်ပိုင်းနယ်မြေကပါ။ ဒါပေမယ့် အဆုံးမှာတော့ ငါတို့ကို မကောင်းတာမလုပ်ခဲ့ဘူး၊ အားနည်းသူတွေကို ဘာလို့ အနိုင်ကျင့်ရတာလဲ။ ကောင်းကင်ဓားဂိုဏ်းရဲ့တပည့်တစ်စုက ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူတွေကိုအနိုင်ကျင့်နေတဲ့ သတင်းသာ တခြားလူတွေသိသွားရင် အရမ်းရှက်စရာကောင်းလိမ့်မယ်။"

သောက်ကျိုးနဲ့, ယန်ယွဲ့၏မျက်လုံးများပင် အလွန်ပြူးကျယ်သွားသည်။
ချီး.....၊ အနည်းငယ်ရုပ်ဆိုးတယ်ဆိုတာ သူမက ဘာကိုဆိုလိုတာလဲ။ ဒီကောင်မလေးက စကားကို ဘယ်လိုပြောရမလဲဆိုတာ မသိဘူးလား။

ရန်ဟန်၏အမူအရာက အနည်းငယ် ဆိုးရွားလာကာ ယန်ယဲ့ကို စိုက်ကြည့်နေရင်း သူ့မျက်လုံးထဲတွင် မှုန်မှိုင်းသောအမူအရာတစ်ခုတောက်ပလာသည်။

သို့သော်လည်း လျူဝေဝေ နှင့် ကိုင်ယန်ယန်ကို ကြည့်လိုက်တဲ့အခါ သူက အလွန်နူးညံ့သိမ်မွေ့သော အပြုံးကို ထုတ်ဖော်လိုက်သည်။ "ဂျူနီယာညီမတွေပြောတာ မှန်ပါတယ်၊ စီနီယာအစ်ကိုက နည်းနည်းမှားသွားပြီ။ ဒါတွေအားလုံးကို မပြောဘဲ၊ ငါတို့အောက်က သားရဲအုပ်စုနဲ့ ရင်ဆိုင်လိုက်ရအောင်။”

ထို့နောက် သူက ယန်ယဲ့ကို ငုံ့ကြည့်ကာ "နောက်မှာ အနားကနေပြီးအခြေအနေကြည့်ပြီးတိုက်ပါ။ ကမူးရှူးထိုး မလှုပ်ရှားပါနဲ့၊ မဟုတ်ရင် မင်းသေတဲ့အခါ ငါတို့ကို အပြစ်မတင်နဲ့!"

ယန်ယဲ့က ခေါင်းတစ်ချက်ယမ်းလိုက်သည်။သူက စကားပြောရန်ပြင်လိုက်စဉ်မှာပဲ ရုတ်တရက် အဝေးရှိ မြေပြင်က ပြင်းထန်စွာ လှုပ်ခတ်သွားသည်ကို သတိပြုမိလိုက်၏။

ထို့နောက်တွင်၊ အလွန်တရာကြီးမားပြီး ထူထပ်သော 'တိမ်မည်းများ' ကောင်းကင်တွင် ရုတ်တရက် ပေါ်လာခဲ့သည်။

တိမ်မည်းများက အနည်းငယ် နီးကပ်လာသောအခါ ရန်ဟန်နှင့် အခြားလူများက အလွန်အမင်းထိတ်လန့်သွားကြလေသည်။

၎င်းသည် တိမ်မည်းများ မဟုတ်ဘဲ၊ မရေမတွက်နိုင်အောင်များပြားသော အမှောင်မှော်သားရဲများဖြစ်နေသောကြောင့်ပင်။

ဂျိန်း

ကောင်းကင်ယံတွင်သာမကဘဲ၊ မြေပြင်ပေါ်တွင်သာ
မရေမတွက်နိုင်သော အမှောင်မှော်သားရဲများကို
မြင်တွေ့လိုက်ရပြီး အဆုံးထိမြင်ရန်ပင် မဖြစ်နိုင်ခဲ့ပေ။

ဒီတစ်ကြိမ်မှာတော့ လူတိုင်း၏ အမူအရာက သိသိသာသာပင်
ထိတ်လန့်ကြောက်ရွံ့ဟန်များ ထွက်ပေါ်လာခဲ့ပါသည်။

ဒီလိုများပြားလှသော အမှောင်မှော်သားရဲစစ်တပ်ကြီးက
သူတို့လို
သိုင်းဘုရင်အဆင့်နိမ့်ကျွမ်းကျင်သူများကိုအသာထား၊
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူပင်လျှင်
လွတ်မြောက်နိုင်မည်မဟုတ်ပေ!

"ငါတို့တော့ ဘဝဆုံးပြီ! ငါတို့ ဆုံးခန်းတိုင်ပြီ!" ကောင်းကင်ကို
စုတ်ဖြဲလုနီးပါး နှင့် မြေပြင်ကို ဖုံးလွှမ်းသွားသော

အမှောင်မှော်သားရဲစစ်တပ်ကြီးကို ငေးကြည့်ရင်း
ကိုင်ယန်ယန်က ဖြူဖျော့ဖျော့ မျက်နှာထားဖြင့်
ရေရွတ်လိုက်သည်။ “သွားပြီ၊ ဒီတစ်ခါတော့
ငါတို့ တကယ်ပြီးသွားပြီ။ စီနီယာအစ်ကိုရန်၊
ဒီ အမှောင်မှော်သားရဲတွေက ငါ့ကို တကယ်စားတော့မယ်။
အား.... စီနီယာအစ်ကိုရ၊ ငါ့ကိုကယ်ပါ...”

ထိုအချိန်တွင် ရန်ဟန်နှင့်
အခြားလူများကရုတ်တရက်မျှော်ကြည့်လိုက်ရာ
မလှမ်းမကမ်း မီတာ ၆၀ ခန့်အကွာတွင် ရောမရွှေရောင်
လူဝံကြီးတစ်ကောင်ကိုမြင်တွေ့လိုက်ရလေသည်။

ရောမရွှေလူဝံကြီး၏ ခေါင်းပေါ်တွင်
ခမ်းနားသောဝတ်ရုံရှည်ကိုဝတ်ဆင်ထားသည့်
လူငယ်တစ်ယောက်က မတ်တပ်ရပ်နေသည်။

"ဟမ်! လော့ရှဲပါလား? ဒီကောင်......။"

"မြောက်ပိုင်းနယ်မြေက လူတွေ?"

ထိုအချိန်မှာပဲ ရွှေလူဝံကြီး၏ခေါင်းပေါ်တွင် မတ်တပ်ရပ်နေသော လော့ရှဲထံမှအထင်အမြင်သေးစွာလှောင်ပြောင်သံထွက်ပေါ် လာခဲ့သည်။

ရန်ဟန်သည် ဂုဏ်ယူဝံ့ကြွားစွာ မပြုံ့ဝံ့ဘဲ ချက်ချင်းပင် ခေါင်းညိတ်ကာ "မှန်ပါတယ်!"

လော့ရှဲက အေးစက်စွာ ရယ်လိုက်ပြီး "မင်းတို့အားလုံး ရှေးဟောင်းစစ်မြေပြင်ကို ဘာလို့ မသွားကြတာလဲ၊ အဲဒီအစား ငါ့ရဲ့မဟာတောင်တန်းတွေဆီ ဘာကိစ္စနဲ့ ရောက်လာတာလဲ။"

လော့ရှဲ၏ မေးခွန်းထုတ်သံကို ကြားလိုက်ရသောအခါ ရန်ဟန်က အနည်းငယ် ဒေါသထွက်သွားလေသည်။

သို့သော် သူသည် ဒေါသမထွက်ရဲတော့ဘဲ သူ့စိတ်ထဲတွင် ကြိတ်မှိတ်မျိုသိပ်လိုက်ကာ "ငါတို့ ဒီကို မကောင်းကြံတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာ မဟုတ်ဘူး။ ငါ့ရဲ့ ဂျူနီယာညီမနှစ်ယောက်ကို ခရီးသွားပေါ်တယ်ကနေ မဟာတောင်တန်းတွေဆီကို နေရာမှားပြီးအပို့ခံလိုက်ရတယ်။ ဒါကြောင့် ငါတို့က ဂျူနီယာညီမနှစ်ယောက်ကို ရှာဖို့ လာခဲ့တာ။"

"မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူးလား?"

လော့ရှဲ၏ ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခု ထွက်ပေါ်လာပါပြီ။ "တစ်ရက်အတွင်းမှာ ငါ့မဟာတောင်တန်းတွေရဲ့သိုင်းဘုရင်အဆင့်

အမှောင်မှော်သားရဲ ၁၀၀၀ ကျော် အသတ်ခံခဲ့ရတယ်။
ငါထင်တာမမှားရင် မင်းတို့ရဲ့
သိုလှောင်လက်စွပ်တွေအားလုံးထဲမှာ သိုင်းဘုရင်အဆင့်
သားရဲအမြုတေ ရာနဲ့ချီပြီး ရှိနေလိမ့်မယ်.... ငါထင်တာ
မှန်တယ်မဟုတ်လား။ ဘာရည်ရွယ်ချက်မှ မရှိဘဲနဲ့
ဒီကိုလာပြီး တစ်စုံတစ်ယောက်ကို ရှာဖို့ သက်သက်ပဲလား?"

ရန်ဟန်သည် သူတို့လုပ်ဆောင်ခဲ့သည့်အရာများကို
အမှန်တကယ် သတိပြုမိလိမ့်မည်ဟု မမျှော်လင့်ထားခဲ့သလို၊
မဟာတောင်တန်းအင်ပါယာက ရောမစစ်တပ်ကြီး
စေလွှတ်လိမ့်မည်ဟု မထင်ထားခဲ့ပေ။

သူ၏နှလုံးသားက ချက်ချင်း တုန်လှုပ်သွားကာ
ပတ်ဝန်းကျင်ကို မော့ကြည့်လိုက်မိသည်။

ထို့နောက် သူ၏အကြည့်များက လျူဝေဝေပေါ်သို့
ကျဆင်းသွားသည်။ အချိန်အတော်ကြာအောင်

တုံ့ဆိုင်းနေချိန်တွင် သူ့အကြည့်များသည် အနည်းငယ် တုန်ခါသွားကာ စိတ်ထဲမှ ဆုံးဖြတ်လိုက်သည့်အတိုင်း အသက်ပြင်းပြင်းရှူလိုက်သည်။

ရန်ဟန်တိတ်ဆိတ်နေသည်ကို မြင်လိုက်တဲ့အခါ လော့ရှဲ၏ အကြည့်များက သေခြင်းနတ်ဘုရာယအလား အေးစက်သွားခဲ့ပါပြီ။ "မင်းတို့က စကားမပြောဘူးဆိုတော့ မင်းတို့အားလုံးရဲ့အသက်နဲ့ ပေးဆပ်နိုင်တယ်!" သူစကားပြောပြီးသည်နှင့် အမှောင်မှော်သားရဲစစ်တပ်ကို တိုက်ခိုက်ရန် အမိန့်ပေးလိုက်တော့သည်။

သို့သော် ထိုအချိန်တွင် ရန်ဟန်သည် ရုတ်တရက် သူ့လက်ဝါးကို လှန်လိုက်ပြီးနောက် လေဟာနယ်အက်ကွဲကြောင်းတစ်ခုထွက်ပေါ်လာကာ ရုတ်တရက်ဆိုသလိုပင် ထူးဆန်းစွာ ပျောက်ကွယ်သွား၏...။

ဒီမြင်ကွင်းကို မြင်တွေ့လိုက်တဲ့အခါ လူတိုင်း အံ့အားသင့်သွားကြသည်။ လော့ရှဲသည်ပင်အနည်းငယ် ကြောင်အမ်းအမ်းဖြစ်နေခဲ့၏။ ဒီခွေးကောင်က ဒီအတိုင်းလေး ပျောက်သွားတာလား?

“ဒါက ယာယီခရီးသွားပေါ်တယ်အဆောင်တစ်ခုပဲ!” ထိုအချိန်တွင် ကောင်းကင်ဓားဂိုဏ်း၏ တပည့်များထဲမှတစ်ယောက်ယောက်က “စီနီယာအစ်ကို ရန်ဟန်က ယာယီခရီးသွားပေါ်တယ်အဆောင်တစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုတာ ငါ မမျှော်လင့်ထားခဲ့ပါဘူး။ ဟားဟား…။ ပိုပြီး

အံ့ဩစရာကောင်းတာ သူက အန္တရာယ်ကြုံလာတဲ့အခါ
ငါတို့အားလုံးကို လုံးဝဂရုမစိုက်ဘဲ
ထွက်ပြေးသွားတာ။ ဟားဟား...။"

ကိုင်ယန်ယန်က အနည်းငယ် မယုံကြည်နိုင်သလို
ခံစားလိုက်ရသည်။"အစ်ကိုကြီးရန်.... အစုတ်ပလုတ်ကောင်။!
ဒီခွေးကောင်ရန်ဟန်က ယုတ်မာတဲ့လူပဲ။ အဲဒီအမှိုက်၊
အမှိုက်။ နှစ်ပေါင်းများစွာ သူ့ကို စီနီယာအစ်ကိုလို့ ခေါ် ပြီး
ထမင်းချက်ဖို့တောင်
တွေးလိုက်မိတယ်။အား ...!! ဘယ်လောက်တောင် ဒေါသတွေ
ထွက်စရာလဲ! စီနီယာအစ်မဝေဝေ! နင်သူ့ရဲ့လှည့်စားမှုကို
ဘယ်တုန်းကမှသဘောမတူခဲ့တာ ကံကောင်းတယ်။
မဟုတ်ရင် နင်ကအမြဲတမ်းနောင်တရလိမ့်မယ်!”

လျှူဝေဝေ၏ မျက်လုံးထဲတွင် စိတ်ပျက်လက်ပျက် အမူအရာများ တောက်လောင်နေကာ ခေါင်းယမ်းလိုက်သည်။

သူမသည် ရန်ဟန်ကို အနည်းငယ် အထင်ကြီးထားသော်လည်း သေခြင်း၊ရှင်ခြင်းအခြေအနေတွင် စွန့်ပစ်သွားလိမ့်မည်ဟု မထင်ခဲ့မိပေ။

"ဒါက တခြားနယ်မြေတွေရဲ့ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေလား? ဟီးဟီး..... ဘယ်လိုမျိုးစိတ်ဝင်စားစရာတွေပါလိမ့်!"

လော့ရှဲက ခေါင်းညိတ်လိုက်ပြီး ပေါ့ပါးသော အသံဖြင့် ပြောလိုက်သည်။

ဒီအချိန်တွင် လျှုဝေဝေက သူမ၏လက်ထဲမှဓားကို တင်းတင်းဆုပ်ကိုင်လိုက်ကာ အသက်ပြင်းပြင်းရှူရင်း အော်ပြောလိုက်ပါသည်။

“ကောင်းကင်ဓားဂိုဏ်းက တပည့်တွေ၊ ငါ့ရဲ့အမိန့်ကို လိုက်နာပါ။ အခုချက်ချင်း ဓားဝင်္က်ပါကိုဖွဲ့စည်းလိုက်!”

တစ်ချိန်တည်းမှာပင် လူတိုင်းက လက်ထဲတွင်ကိုင်ထားသော ဓားများကို ဆွဲထုတ်လိုက်ကာ လျှုဝေဝေ၏ ဘေးပတ်ပတ်လည်တွင်နေရာယူလိုက်ကြသည်။

တစ်ချိန်တည်းမှာပင် လူတိုင်း၏ဓားထိပ်ဖျားဆီမှ ကြောက်မက်ဖွယ်ကောင်းသော ဓားချီ ကြိုးတစ်ချောင်းစီ ရုတ်တရက် ထွက်ပေါ်လာပြီး ထူးဆန်းသော ဓားချီကွန်ယက်တစ်ခု ယ ဖြစ်ပေါ်လာသည်။

ဆက်ရန်